
ကိုဗိုက်ကူးပုံဖို့အနုပညာ

# ရိုဒင်

## မောင်ထွန်းသူ



NAKED CAME I
by David Weiss
(A Novel of RODIN)

ဒုတိယအကြိမ်

mgyoe.com



# RODIN

9 789997 111456
4,000.00KS

mgyoe.com

mgyoe.com

ရိုးခင်
မောင်ထွန်းသူ

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀ ၇၂၄ ဝ၆၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀ ၉၈၁ ဝ၈၁၁ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |

| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | - | အမ်အက်စ်အို |
| ကွန်ပျူတာစလင် | - | အီးဂဲလ် |
| လက်ခွဲစလင် | - | အေဇက် |
| စာအုပ်ချုပ် | - | ကိုမြင့်၊ ညီဝင်းမြင့် |

၉၂၇

ထွန်းသူ၊ မောင်
ရိုးခင်/မောင်ထွန်းသူ- ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၁၊
စာမျက်နှာ ၃၂၄ မျက်နှာ၊
၁၃ စင်တီ× ၂၀·၅ စင်တီ
(၁) ရိုးခင်

၂၀၁၁၊ ဒီဇင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၄၀၀၀ ကျပ်

mgyoe.com

mgyoe.com

## မြန်မာပြန်သူ၏ အမှာ

စိတ်အထင်ပြောရလျှင် ၁၉၇၂ ခုနှစ်ဖြစ်သည်။ ထိုစဉ်က ကျွန်တော်သည် စာရေးသူမဟုတ်သေး။ သို့သော်လည်း စာရေးဆရာလိုလို ဘာလိုလို ဘဝတော့ ရောက်နေပြီဖြစ်သည်။ ဤကဲ့သို့ပြောရခြင်းမှာ လုံလောက်သော အကြောင်းရှိသည်။ ထိုအကြောင်းကို ကျွန်တော် ပြောပြချင်မိပါသည်။

ကျွန်တော်သည် ၁၉၆၂ ခုနှစ်တွင် ပြန်ကြားရေးဌာန ရွှေသို့စာစောင်၌ အယ်ဒီတာအဖွဲ့ဝင် ဖြစ်လာခဲ့သည်။ ထိုအချိန်မှစ၍ ကျွန်တော်သည် ဆောင်းပါးများရေးသားခဲ့ရ၏။ ထိုစဉ်က ထိုစာစောင်ကို ကိုင်သူမှာ ဂျာနယ်ကျော်ဦးစောဦး ဖြစ်သည်။ ကျွန်တော်တို့ သိထားရသည့်အတိုင်းဆိုလျှင် ဦးစောဦးသည် ဂျာနယ်ကျော်ဦးချစ်မောင်၏ တပည့် ဖြစ်သည်။ သူသည် အလွန်တော်သည့် စာနယ်ဇင်းသမားတစ်ဦးဖြစ်သည်ကို ကျွန်တော်တို့ လက်တွေ့မြင်တွေ့သိရှိခဲ့ရပါသည်။

ထိုစဉ်က ကျွန်တော်တို့အယ်ဒီတာအဖွဲ့ဝင်များသည် နိုင်ငံအနှံ့အပြားသို့ ခရီးထွက်ကြရသည်။ ပြန်လာလျှင် ဆောင်းပါးများရေးသားကြရ၏။ ဆောင်းပါးများရေးရာ၌ အစိုးရလုပ်ငန်းများကို ဝါဒဖြန့်သည့်အပိုင်းသည် များများစားစား ပါသည်မဟုတ်။ ဆရာဦးစောဦး၏ လမ်းညွှန်မှုအရ မသိမသာ သာလျှင် ပြောရရေးရသည်။ အဓိက ချမှတ်ထားသည့်မူမှာ ဆောင်းပါးရသမြောက်သည့် အဖွဲ့အနွဲ့ဖြစ်ရမည် ဟူ၍ဖြစ်သည်။ ထိုစဉ်က ကျွန်တော်တို့ အယ်ဒီတာအဖွဲ့ဝင်များသည် ခရီးထွက်၍ ဆောင်းပါးများ

mgyoe.com

mgyoe.com.



ရေးရခြင်းအတွက် ပျော်ခဲ့ကြသည်။

ဤသို့ဖြင့် ထိုစဉ်က ကျွန်တော်ရေးသားခဲ့သည့် ပင်လယ်ပြာနှင့် ကမာကေး၊ မင်းပြင်ကြိုးဝိုင်း၊ မြစ်ပြင်ပေါ်ပျော်ရသည့် လုပ်သားကြီးတို့ ဘ၀၊ သမိုင်းသစ်တင်ရန် ကြိုးပမ်းနေကြသူများ၊ ဟောင်သရော၊ နော်နန်းဖြူတို့ပျော်လေရာ စသော ဆောင်းပါးများသည် စာဖတ်ပရိသတ် အတော်များများက နှစ်သက်ခဲ့သော ခရီးသွားဆောင်းပါးများ ဖြစ်ခဲ့သည်။

၁၉၇၁ ခုနှစ်တွင် ကျွန်တော်သည် ရှေ့သို့ စာစောင်၌ မဟုတ်တော့။ သို့သော်လည်း ပြင်ပမဂ္ဂဇင်းများ၌ အတိုအထွာဆောင်းပါးများ ရေးသားခြင်းဖြင့် ကိုယ်ဝါသနာပါရာ အလုပ်ကိုလုပ်လျက်ရှိသည်။ အမှန်အတိုင်းဆိုလျှင် ထိုစဉ်က ကျွန်တော်သည် 'စာရေးသူ' မဟုတ်သေး။ 'စာဖတ်သူ' အဖြစ်၌သာ မွေ့လျော်နေဆဲ။

ကျွန်တော်သည် တစ်ရက်တွင် ဆူးလေဘုရားလမ်း ကုန်သွယ်ရေး ၉ စာအုပ်ဆိုင်သို့ ရောက်သွားသည်။ ရုံးတက်ရုံးဆင်း လမ်းသင့်သောနေရာ ဖြစ်သဖြင့် (အနည်းဆုံး) တစ်နေ့ တစ်ခေါက် မှန်မှန်ရောက်သည့်ဆိုင် ဖြစ်သည်။ ထိုနေ့က ကျွန်တော်သည် ထိုစာအုပ်ဆိုင်မှ စာအုပ်သုံးအုပ် ရခဲ့၏။ ပထမတစ်အုပ်မှာ Naked Came I ဖြစ်၍ ဒုတိယတစ်အုပ်မှာ Promise at Down ဖြစ်သည်။ တတိယစာအုပ်မှာ Jean Christophe ဖြစ်လေသည်။

ထိုအချိန်မှက စာအုပ်သစ် အဝင်မရှိတော့သလောက် ဖြစ်နေသည့်ကာလဖြစ်သည်။ ကျွန်တော်ရလိုက်သည့် စာအုပ်များမှာ Smart & Mookkerdum စာအုပ်ဆိုင်ကို ပြည်သူပိုင် သိမ်းပိုက်စဉ်က ထိုဆိုင်မှပါလာသော စာအုပ်များဖြစ်သည်။ ထိုစဉ်က ကျွန်တော်သည် အကယ်၍များ စာရေးဆရာဖြစ်ခဲ့သည် ရှိသော် ဤစာအုပ်သုံးအုပ်စလုံးကို ဘာသာပြန်ရလျှင် ကောင်းမှာပဲဟု စဉ်းစားမိခဲ့သည်။

တကယ်တမ်း စာရေးသူဖြစ်လာတော့လည်း ထိုစာအုပ် သုံးအုပ်ကိုမေ့မသွားပါ။ အမြဲတမ်း သတိရသည်။ ပထမဆုံး ဘာသာပြန်ဖို့ စဉ်းစားခဲ့သည့်စာအုပ်မှာ Promise at Down ဖြစ်သည်။

mgyoe.com

mgyoe.com



သို့သော်လည်း ထိုစာအုပ်ကို ဆရာပေါ်(မောင်ပေါ်ထွန်း) ဘာသာပြန် လိမ့်မည်ဟု သိလိုက်ရသဖြင့် ကျွန်တော် နောက်ဆုတ်ခဲ့ရ၏။

ကျွန်တော် ဘာသာပြန်ရန် စဉ်းစားခဲ့သည့် ဒုတိယစာအုပ်မှာ Jean Christophe ဖြစ်၏။ ဤစာအုပ်သည် အတွဲဆယ်တွဲမျှ ရှိသည်ဟုဆိုသည်။ ကျွန်တော်ရလာသည့် စာအုပ်မှာ အတွဲသုံးတွဲမျှရှိ၍ တစ်အုပ်လျှင် ပျမ်းမျှ စာမျက်နှာ ၅၀၀ ကျော်မျှလေရာ သုံးအုပ်ပေါင်းလျှင် စာမျက်နှာ ၁၅၀၀ ကျော်သည်။ အသက်ငယ်တုန်း၊ စိတ်နေစိတ်ဓာတ်တက်ကြွတုန်း ဤစာအုပ်ထုကြီးကို ကိုင်လိုက်ရလျှင် များးစွာ အဆင်ပြေလိမ့်မည်ဟု ထင်မိသည်။

သို့သော်လည်း ကျွန်တော် စိတ်ကူးရှိသလို မဖြစ်ခဲ့ပါ။ စာရေးခြင်းတစ်ခုတည်းဖြင့် အသက်မွေးနေရသော ကျွန်တော်သည် ကိုယ်လုပ်ချင်သော အလုပ်ကို လွတ်လပ်စွာ လုပ်ကိုင်နိုင်သော အခြေအနေ မရှိပါ။ ဤသို့ဖြင့် ကျွန်တော်သည် လက်လှမ်းမီရာ စာအုပ်များကို ဦးစားပေးခြင်းဖြင့် အချိန်ကုန်ခဲ့ရ၏။ မည်သို့ပင်ဖြစ်စေ Jean Christophe ကိုမေ့မသွားပါ။

ဤအတွင်းမှာပင် ကျွန်တော်သည် အကြောင်းသင့်လာသဖြင့် ဗင်းဆင့်ဗင်ဂိုး၏ အတ္ထုပ္ပတ္တိဝတ္ထု Lust for life ကို ဘာသာပြန်ဖြစ်ခဲ့၏။ ထိုစာမူသည် ထူလွန်းသည်ဟူသော အကြောင်းပြချက်ဖြင့် ထုတ်ဝေသူတချို့က လက်မခံချင်ကြ။ ကျွန်တော့်လက်ထဲတွင် တစ်နှစ်ခန့် 'အိပ်' နေခဲ့သည်။ ကျွန်တော်ကလည်း ဘယ်သူ့ကိုမှ မပြောတော့ဘဲ ပစ်ထားခဲ့သည်။ ဖြစ်ချိန်တန်လာတော့လည်း တစ်နေ့တည်း တစ်ပြိုင်တည်း ထိုစာမူကို ဝယ်ယူမည့်သူ နှစ်ဦးပေါ်လာခဲ့သည်။

နောက်ဆုံးတွင် ကမ္ဘာကျော် ပန်းချီဆရာ ဗင်းဆင့်ဗင်ဂိုး၏ အတ္ထုပ္ပတ္တိဖြစ်သော Lust for life ဘာသာပြန်စာမူသည် ရမ္မက်မီး ဟူသော အမည်ဖြင့် UNITY စာပေမှ ထွက်ခဲ့သည်။ ရမ္မက်မီးကို မြင်ရသည့်အခါ ကျွန်တော့်စိတ်သည် Naked Came I ကို သတိရလာသည်။

Naked Came I သည် ရိုဒင်ဝတ္ထု A Novel of Rodin ဖြစ်သည်။ Lust for life သည် ပန်းချီဆရာ အကျော်အမော်တစ်ယောက်အကြောင်းဖြစ်၍ Naked Came I သည် ပန်းပု

mgyoe.com

mgyoe.com



ဆရာ အကျော်အမော်တစ်ယောက်အကြောင်း ဖြစ်သည်။ နှစ်ဦးစလုံး ကမ္ဘာကျော်များဖြစ်သော်လည်း အကျင့်စရိုက်ကျတော့ တစ်မျိုး တစ်ဘာသာစီဖြစ်၏။ ပန်းချီနှင့် ပန်းပုသည် နီးစပ်ကြသည်ဖြစ်ရာ ယင်းပညာရှင်နှစ်ဦး၏ဘဝသည် အလွန် စိတ်ဝင်စားစရာ ကောင်းလှသည်။

ထိုကြောင့်လည်း ကျွန်တော်သည် Naked Came I စာအုပ်ကို ဘာသာပြန်လိုစိတ်ဖြစ်ပေါ်ခဲ့သည်။ ထိုအခါ ဤစာအုပ်၏ မူရင်းကို ရှာဖွေခဲ့ရသည်။ ကျွန်တော် ရထားသည့် စာအုပ်မှာ အိမ်တွင် ရှာမတွေ့ပါ။ နီးစပ်ရာ မိတ်ဆွေများထံ လိုက်လံ ရှာဖွေတော့လည်းမရပါ။ အမှန်တော့ ထိုစာအုပ်၏ မူရင်းမှာ ကျွန်တော် မှတ်မိထားသလောက် စာမျက်နှာ ခြောက်ရာနီးပါးခန့်ရှိသည့် စာအုပ်ထူကြီးဖြစ်သည်။ အကယ်၍ ထိုစာအုပ်မူရင်းကိုသာ ဘာသာပြန်မည်ဆိုပါက အချိန်တွေ အများကြီးကြာမည်။ ပြီးတော့ ထူလွန်းသော စာအုပ်ကြီးဖြစ်သဖြင့် ထုတ်ဝေသူအတွက် အခက်ကြုံစရာ ရှိသည်။

ဤသို့ဖြင့် ကျွန်တော်သည် လက်ထဲ၌ အဆင်သင့်ရှိနေသော Reader's Digest Condensed Books Volume one, 1964 Winter Selections စာအုပ်ပါ Naked Came I ကို ရွေးချယ်ခဲ့ရသည်။

Naked Came I ဝတ္ထုကို ရေးသူမှာ အမေရိကန် စာရေးဆရာ ဒေးဗစ်ဝစ္စ David Weiss ဖြစ်သည်။ ဒေးဗစ်ဝစ္စကို ၁၉၀၉ ခုနှစ်တွင် အမေရိကန်နိုင်ငံ ဖီလာဒါးလ်ဖီးယားမြို့၌ မွေးဖွားသည်။ သူသည် တင်ပဲလ်တက္ကသိုလ် Temple University မှ ဘီအေ ဘွဲ့ရခဲ့သည်။

သူသည် ပြဇာတ်တစ်ပုဒ် စတင်ရေးသားခြင်းဖြင့် စာရေးသူအဖြစ်သို့ ရောက်အောင် အားထုတ်ခဲ့သည်။ ထို့နောက် ဖီလာဒါးလ်ဖီးယားမှ နယူးယောက်သို့ ပြောင်းရွှေ့ကာ စင်တင်ပြဇာတ်များ ရေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုခဲ့ပြန်သည်။ သို့သော်လည်း ဤအလုပ်တစ်ခုတည်းဖြင့် စားဝတ်နေရေး အဆင်မပြေသဖြင့် အခြား ကြုံရာကျရာ အလုပ်များကိုလည်း လုပ်ခဲ့ရသည်။

mgyoe.com

mgyoe.com



သူသည် ရေကူးကျွမ်းကျင်ပြီး တင်းနစ်ကစားရာ၌လည်း ထူးချွန်ထက်မြက်သူ ဖြစ်သည့်အားလျော်စွာ ယင်းနှစ်ခုစလုံးတွင်လည်း နည်းပြဆရာ လုပ်ခဲ့သည်။ နောက်ဆုံးတွင် သူသည် ရုပ်ရှင်လောက၌ ဆယ်နှစ်တာမျှ ဝင်ရောက်ကာ ဇာတ်လမ်းများ ရှာဖွေခြင်းနှင့် ရေးသားခြင်းများ ပြုခဲ့သည်။

၁၉၅၃ ခုနှစ်တွင် သူ၏ ပထမဆုံးဝတ္ထု ' အပြစ်လုပ်သူများ ' စာအုပ် The Guilt Makers စာအုပ် ထွက်သည်။ ထိုစာအုပ်သည် ဖရိုက်ဒါး စာပေဆုကို ရရှိခဲ့ရာ ချီးမြှင့်ငွေ ဒေါ်လာ ၅၀၀၀ ရရှိခဲ့၏။ ထို့နောက် ' စိတ်နှင့် အသွေးအသား' The Spirit and the Flesh ဝတ္ထု ထွက်လာသည်။ ယင်းဝတ္ထုမှာ ကမ္ဘာကျော် အမေရိကန်ကချေသည် အီဆာဒိုရာ ဒွန်ကင် Isadora Duncan အကြောင်း ရေးထားသည့် ဝတ္ထုဖြစ်၏။

ထို့နောက် ၁၉၆၃ တွင် Naked Came I: A Novel of Rodin စာအုပ်ထွက်သည်။ ဤစာအုပ်မှာ ချက်ချင်းပင် လူကြိုက်များသောစာအုပ် ဖြစ်လာသည်။ ရသမြောက်သော အဖွဲ့အနွဲ့တစ်ရပ်အဖြစ်လည်း ဝေဖန်ရေးဆရာများက သတ်မှတ်ခဲ့ကြသည်။

ရိုဒင် ဟု အမည်ပေးထားသော ဤစာအုပ်တွင် စာဖတ်သူများသည် ပန်းပုပညာရှင်တစ်ဦးနှင့် တွေ့ကြရလိမ့်မည် ဖြစ်သည်။ တွေ့ရမည့် ပန်းပုပညာရှင်မှာလည်း ပါရမီထူးသော ပန်းပုပညာရှင် ဖြစ်၏။ သူနှင့် တွေ့ရသည့်အခါ ပန်းပုပညာ၏ သဘောသဘာဝနှင့် လျှို့ဝှက်မှုများ၊ ခက်ခဲနက်နဲမှုများကို ရိပ်စား နားလည်လာကြလိမ့်မည် ဖြစ်ပါသည်။

ကျွန်တော်တို့သည် ပန်းချီပန်းပုနှင့် အနေဝေးသူများဖြစ်သည်။ အထူးသဖြင့် ကျွန်တော်တို့သည် ပန်းပုနှင့် အနေကင်းကွာလှပါသည်။ ဗုဒ္ဓမြတ်စွာ၏ရုပ်တုများ ထုလုပ်ခြင်းမှတစ်ပါး အခြားသော ပန်းပုရုပ်တု ထုလုပ်မှုများတွင် စိတ်ဝင်စားမှု နည်းပါးကြပါသည်။

လွန်ခဲ့သော ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာ ၁၉ရက် ကျွန်တော်၏ အသက် ခုနှစ်ဆယ်ပြည့် မွေးနေ့က ကျွန်တော့် ရုပ်ပုံလွှာကို ပန်းပုထုလုပ်ပေးခဲ့သော ကိုသိန်းငွေ (တကောင်းဟန်) က ဆိုလျှင် ပန်းပုပညာ၏ အနာဂတ်ကို တွေးတော ပူပန်မိပါသည်ဟုပင်

mgyoe.com

mgyoe.com



ကျွန်တော့်အား ရင်ဖွင့်ခဲ့ဖူးပါသည်။

မည်သို့ပင်ဖြစ်စေ ဤ၀တ္ထု **ရိုဒင်** သည် **တကောင်းဟန်ကို** ရည်စူးထားခြင်းဖြစ်ရာ **တကောင်းဟန်တို့၏** လောကသည် ဤ၀တ္ထု **ရိုဒင်ကြောင့်** ပြောင်းလဲခြင်း၊ တိုးတက်ခြင်းနှင့် ဖွံ့ဖြိုးခြင်းများ ရှိလာမည်ဆိုပါက ကျွန်တော်တို့ အားလုံး ၀မ်းသာခြင်း၊ ကြည်နူးခြင်း စသည်များကို ရရှိခံစားကြရမည် ဖြစ်ပါ၏။

**မောင်ထွန်းသူ**

၂၀၀၂၊ ဩဂုတ်၊ ၁၃

mgyoe.com

mgyoe.com

# ရှိုဒင်နှင့် ခေတ်ပြိုင် ဖြစ်စဉ်များ

| ရိုဒင် | ကမ္ဘာနှင့် အနုပညာလောက |
|---|---|
| ၁၈၄၀–၁၈၅၀<br>♦ ဩဂတ်စတီ ရိုဒင်အား ယန်းဘက်ပ် တစ္စတီရိုဒင်နှင့် မာရီချက်ဖာတို့မှ ၁၈၄၀ နိုဝင်ဘာ ၁၂ရက်တွင် ပါရီမြို့၌ မွေးဖွားသည်။<br>♦ ပထမဆုံး ပုံဆွဲခြင်းကို အသက် ဆယ်နှစ်တွင် စသည်။ | ♦ ပန်းချီဆရာ ကလောဒ်မိုနေးကို ၁၈၄၀တွင် မွေးဖွားသည်။ ၁၈၅၀တွင် ပြင်သစ် စာရေးဆရာကြီး ဘောလ်ဇက် ကွယ်လွန်သည်။<br>♦ ဥရောပတိုက် အနှံ့အပြားတွင် တော်လှန်ရေးစိတ်ဓာတ် ပျံ့နှံ့လာသည်။ ၁၈၄၈တွင် ကားလ်မာ့က်စ်နှင့် ဖရက်ဒရစ်အိန်ဂျယ်တို့၏ The Communist Manifesto စာအုပ် ပုံနှိပ်ထုတ်ဝေသည်။ |
| ၁၈၅၁–၁၈၆၀<br>♦ ပက်တီတီ အီကိုအခမဲ့ပန်းချီ ကျောင်းတွင်ပန်းချီပညာစသင်သည်။ Beaux ဘီးယော့စ်(နိုင်ငံတော်အနုပညာကျောင်း) ဝင်ခွင့် စာမေးပွဲကို သုံးကြိမ်ဖြေဆိုခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။<br>♦ အဆောက်အဦအလှအပ ပြုပြင်မွမ်းမံ တန်ဆာဆင်လုပ်ငန်း၊ ပလတ်စတာနှင့် ကျောက်ဆစ်ပန်းပုလုပ်ငန်းများ လုပ်ကိုင်သည်။ | ♦ လူဝီနပိုလီယံက၁၈၅၂တွင်သူ့ကိုယ်သူအင်ပါယာ ဧကရာဇ်ဘုရင်အဖြစ် ကြေညာပြီး ဒုတိယ ပြင်သစ်အင်ပါယာ တည်ထောင်သည်။ ယင်းအင်ပါယာကို ကန့်ကွက်သည့်အနေဖြင့် စာရေးဆရာကြီးဗစ်တာဟူးဂိုးသည် မိမိကိုယ်မိမိ ဆယ့်ရှစ်ပြည်နှစ်ဒဏ်ကိုချမှတ်ပြီး ထို အပြစ်ဒဏ်ကို စတင်ခံယူသည်။<br>♦ချားလ်စ်ဒါဝင်သည် On the Origin of Species စာအုပ်ကိုရေးသည်။ |

mgyoe.com

mgyoe.com



| | |
|---|---|
| ၁၈၆၁–၁၈၇၀<br>♦ရိုဒင်၏အချစ်ဆုံးအစ်မ မာရီ ကွယ်လွန်သည်။ သူသည် အစ်မအတွက် ဝမ်းနည်းပူဆွေးရင်းနှင့် ကက်သလစ်ဘာသာသို့ ဝင်ခဲ့သည်။<br>♦ယန်းဘက်ပ်တစ္စတီ ကားပီးယက်စ်နှင့်ဆုံမိသည်။ကယ်ရီယာဘဲလ်ဆေးနှင့်တွဲ၍အလုပ်လုပ်သည်။<br>♦ရိုစ်ဘူးရက်နှင့် တွေ့သည်။ သူ၏ တစ်သက်တာကြင်ဖော် ဖြစ်လာခဲ့ရုံမျှမက သူနှင့်ရသည့်သား ဩဂတ်စတီယူဂျင်းကိုမွေးဖွားပေးခဲ့သည်။<br>♦‘ နှာခေါင်းကျိုးနှင့်လူ’ ပန်းပုကိုထုလုပ်ခဲ့သည်။ ပါရီပန်းချီ ပန်းပုကောင်စီ (salon) မှအပယ်ခံရမှုများအတွက် များစွာ စိတ်ထိခိုက်ခဲ့ရသည်။ | ♦အမေရိကန်ပြည်တွင်းစစ်ပွဲကြီးနှင့်ဖရန်ကိုပရပ်ရှန်း စစ်ပွဲကြီးများဖြစ်ပွားသည်။<br>♦ဗစ်တာဟူဂိုးသည် Les Miserables ဝတ္ထုကြီးကို ရေးသည်။ ဒေါ့စတာယက်စကီးက Crime and Punishment ကိုရေးသည်။<br>♦စာရေးဆရာကြီး ဟင်နရီသော်ရိုး၊ ချားလ်စ်ဒစ်ကင်းနှင့် အလက်ဇင်းဒါးဒူးမားတို့ ကွယ်လွန်သည်။<br>♦၁၈၆၇တွင် ကားလ်မာ့က်စ်၏ Das kapital စာအုပ်ပုံနှိပ်သည်။၁၈၆၉ တွင် စူးအက်တူးမြောင်းဖွင့်သည်။<br>♦တတိယမြောက်နပိုလီယံဘုရင်က အကယ်ဒမီအဖွဲ့မှ ပယ်ထားသော အနုပညာလက်ရာများကိုပြသရန် "Salon de Refuses" ပြသရန် ပြပွဲကိုဖွင့်လှစ်ခဲ့သည်။ |
| ၁၈၇၁–၁၈၈၀<br>♦ရိုဒင့်အား အမျိုးသားလုံခြုံရေးတပ်ဖွဲ့မှ မျက်စိမကောင်း ဟူသော အကြောင်းပြ ချက်ဖြင့် ထွက်ခွင့်ပေးခဲ့သည်။<br>♦ကယ်ရီယာ ဘဲလ်ဆေးနှင့်အတူ ဘယ်လ်ဂျီယံနိုင်ငံ၌ အလုပ်လုပ်သည်။<br>♦အီတလီနိုင်ငံ၊ဖလောရင့်စ်မြို့သို့ သွား၍ မိုက်ကယ်အိန်ဂျယ်လို၏ ပန်းချီပန်းပုလက်ရာများကို ကြည့်ရှုသည်။<br>♦၁၈၇၆ တွင်‘ကြေးခေတ်’ အမည်ရှိ ပန်းပုရုပ်တုကို ဖန်တီးသည်။<br>♦၁၈၈၀ တွင် ရိုဒင့်အား"The Gates of Hell" အတွက် အလုပ်အပ်သည်။ | ♦၁၈၇၁တွင် အော်တိုဗွန်ဘစ္စမတ်ခ်က ဂျာမန်အင်ပါယာကို တည်ထောင်သည်။<br>♦" impressionism"ဟူသောပန်းချီစကားလုံးပေါ်ပေါက်လာသည်။ ဝစ္စတလာက သူ့မိခင်၏ပုံကို ဤနည်းဖြင့် ရေးဆွဲခဲ့သည်။<br>♦ဂျူလီဗန်းသည် ‘ကမ္ဘာပတ်လည် ရက် ၈၀’ စာအုပ်ကို ပုံနှိပ်ထုတ်ဝေသည်။<br>♦၁၈၇၆တွင် Little Bighorn ၌ ဆီယောစ်က ကပ်စတာအား အနိုင်ရရှိခဲ့သည်။ |

mgyoe.com

mgyoe.com



| | |
|---|---|
| ၁၈၈၁–၁၈၉၀<br>♦၁၈၈၃တွင် ကင်မီလီ ကလေဒဲလ်နှင့် တွေ့သည်။<br>♦၁၈၈၄တွင် ရိုဒင်အား 'ကာလေ့စ် မြို့တော်သားများ' အတွက် အလုပ်အပ်သည်။၁၈၈၉တွင် ဂျော့ပီတစ် ဂယ်လာရီ (ပါရီ)၌ မိုနေးနှင့် တွဲ၍ ပန်းချီပုန်းပုပြပွဲပြုလုပ်ခဲ့သည်။<br>♦'အနမ်း' ၏မူရင်း ပလတ်စတာရုပ်တုကို၁၈၈၆ တွင် ထုလုပ်ခဲ့သည်။ ၁၈၈၈ တွင် ကျောက်ဖြူရုပ်တုကို ထုလုပ်ခဲ့သည်။<br>♦၁၈၈၉ တွင် ဗစ်တာဟူးဂိုး အထိမ်းအမှတ်ရုပ်တုအတွက်အလုပ်အပ်သည်။ | ♦ပြင်သစ်နိုင်ငံတွင် စာပေလွတ်လပ်ခွင့်ရရှိလာသည်။ အလုပ်သမား အဖွဲ့အစည်းများကို တရားဝင် ဖွဲ့စည်းခွင့်ပြုသည်။<br>♦ပတ်ဘလိုပီကာဆို၊ ကိုကိုချန်နယ်နှင့် အာဏာရှင်အဒေါ့ဖ် ဟစ်တလာတို့ မွေးဖွားသည်။<br>♦ဗစ်တာဟူးဂိုး၊ ဗင်းဆင့်ဗင်ဂိုးနှင့် ကားလ်မာ့က်စ်တို့ ကွယ်လွန်သည်။<br>♦ လေဘာတီ ကျောက်ရုပ် တည်ဆောက် သည်။<br>အီဖဲလ်မျှော်စင်တည်ဆောက် သည်။<br>♦အမေရိကန်ပြည်ထောင်စု အနောက်ပိုင်းဒေသများတွင် မီးရထားလမ်းများ လျင်မြန်စွာ တိုးချဲ့လာနိုင်ခဲ့သည်။ |
| ၁၈၉၁–၁၉၀၀<br>♦၁၈၉၁တွင် ဘောလ်ဇက် အမှတ်တရ ရုပ်တုအတွက် အလုပ်အပ်သည်။<br>♦ဘီးယော့စ် နိုင်ငံတော် အနုပညာ ကျောင်း၏ ပန်းပုပညာအပိုင်း၌ အရွေးချယ်ခံ ဉက္ကဋ္ဌဖြစ်လာသည်။<br>♦Meditation ရုပ်တုတွင်ဖော်ပြခဲ့သလို ကိုယ်တစ်ပိုင်းပုံများအား ပုံကြီးချဲ့မှုများကို ၁၈၉၅ တွင် တီထွင်စမ်းသပ်သည်။<br>♦ပါရီ ကမ္ဘာပြပွဲ (၁၉၀၀ ပြည့်) ကျင်းပသည်။ | ♦စိတ်ပညာရှင် ဆစ်ဂမန်ဖရွိုက်၏ The Interpretation of Dreams စာအုပ်ကိုပုံနှိပ်ထုတ်ဝေခဲ့သည်။<br>♦ပန်းချီဆရာပေါလ်ဂေါဂင် တဟီတီကျွန်း၌ အခြေချသည်။'သင်္ကေတဝါဒ' လှုပ်ရှားမှုပေါ်ပေါက်သည်။<br>♦လန်ဒန်တွင် Tate Galleryဖွင့်လှစ်သည်။<br>♦နိုဗယ်ဆု ရွေးချယ်ရေးအဖွဲ့တည်ထောင်သည်။ ပါရီ မြေအောက်ရထားလမ်းများ ဖွင့်လှစ်သည်။<br>♦အဲလ်ဖရက် ဒရိုင်းဖတ်စ်အား ၁၈၉၄ တွင် နိုင်ငံတော် သစ္စာဖောက်မှုဖြင့် ဖမ်းဆီးသည်။ ၁၈၉၉တွင် လွတ်ငြိမ်းချမ်းသာခွင့် ပေးသည်။ |

mgyoe.com

mgyoe.com



| | |
|---|---|
| **၁၉၀၁–၁၉၁၀**<br>♦ရိုဒင့်ထံသို့ အက်ဒွပ်စတေးရှင်းနှင့် သတ္တမမြောက် အက်ဒွပ်ဘုရင်တို့ အလည်လာကြသည်။<br>♦အတွေးရှင်" The Thinker " ရုပ်တုကို ပါရီမြို့ အာဇာနည်ဗိမာန်တွင် ထားရှိသည်။<br>♦ရိုဒင်၏ကျောက်ဆစ်ပန်းပုလက်ရာများကို ဝယ်လိုသူ တိုးတက်များပြားလာသည်။၁၈၉၈ တွင် 'ဘုရားသခင်၏ လက်' "The Hand of God" ကျောက်ဆစ်ရုပ်တုကို ဖန်တီးခဲ့သည်။ | ♦ပါရီတွင် ပီကာဆို၏ ပထမဆုံးပန်းချီပြပွဲကျင်းပသည်။ Les Demoiselles d' Avignon ပန်းချီကားကိုဆွဲသည်။<br>♦တူလုစ် လောထရက်၊ ပေါလ်ဂေါဂင်၊ ဝစ္စတလာနှင့် ပေါလ်စေဇန်းတို့ ကွယ်လွန်သည်။<br>♦ပြင်သစ်နိုင်ငံ၌ နိုင်ငံတော်နှင့် ဘာသာရေးကိုခွဲခြားခဲ့သည်။ |
| **၁၉၁၁–၁၉၁၇**<br>♦ကမ္ဘာစစ်ကြီးကာလ၏ အခက်အခဲများစွာ ရှိနေသည့်ကြားမှပင် ရိုဒင်သည် ဥရောပနိုင်ငံများသို့ ခရီးလှည့်လည်သွားလာခဲ့ပြီး သူ့လက်ရာ ပန်းပုရုပ်တုများကို ပြသခဲ့သည်။<br>♦၁၉၁၆တွင် သူပိုင် အနုပညာပစ္စည်းများကို ပြင်သစ်နိုင်ငံတော်သို့ သေတမ်းစာဖြင့် လွှဲအပ်ခဲ့သည်။<br>♦မာရီရိုစ်ဘူးရက်နှင့် ၁၉၁၇ ဇန်နဝါရီ ၂၉တွင်(အတူနေထိုင်သည့်ကာလ နှစ် ၅၀မျှအကြာ) လက်ထပ်ခဲ့သည်။ လက်ထပ်ပြီးသီတင်းသုံးပတ်အကြာတွင်ရိုစ် ကွယ်လွန်သည်။<br>♦၁၉၁၇နိုဝင်ဘာ ၁၇ရက်တွင် ရိုဒင် ကွယ်လွန်သည်။ သူ့အား မြူဒွန်း၌ မြေမြှုပ်သင်္ဂြိုလ်ခဲ့သည်။ | ♦၁၉၁၄တွင် ပထမ ကမ္ဘာစစ်ကြီးစတင်ဖြစ်ပွားသည်။ ၁၉၁၇တွင် ရုရှား၌ ဘော်လ်ရှီဗစ် တော်လှန်ရေး ဖြစ်ပွားသည်။<br>♦မာဆယ်ဒူးချန့်သည် ၁၉၁၂တွင် Nude Descending a Staircase No.2 ကိုရေးဆွဲခဲ့သည်။ ဝက်စလီကန်ဒီစကီးကnonobjective ပန်းချီကားများကို စတင်ဖန်တီးခဲ့သည်။<br>♦အဲလ်ဘတ်အိုင်စတိုင်းက Theory of Relativity ကိုတင်ပြသည်။<br>♦Cubism ပန်းချီကားများကို ပါရီပြခန်းများ၌ ပြသခဲ့သည်။ |

mgyoe.com

mgyoe.com



***Naked ca \me I into the world,***
***and naked must I go out.***
***-Don Quixote, by Cervantes***

ငါသည်
ဤကမ္ဘာလောကထဲသို့ အဝတ်မပါ
ဗလာကိုယ်လုံးတီး
ဝင်လာခဲ့၏။
ပြန်ပါလျှင်လည်း
ဗလာကိုယ်လုံးတီးပင်
ပြန်ရလိမ့်မည်။

ဆာဗင်တီး၏ ဒွန်ကွီးဇုတ်ဝတ္ထုမှ –

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# CONTENT

## မာတိကာ


| | | | |
|---|---|---|---|
| ၁။ | အပိုင်း (၁) | မိသားစု | ၁ |
| ၂။ | အပိုင်း (၂) | ပန်းချီပန်းပုပညာရှင်များ | ၆၂ |
| ၃။ | အပိုင်း (၃) | နိုင်ငံရပ်ခြားခရီး | ၁၀၉ |
| ၄။ | အပိုင်း (၄) | အိမ်အပြန် | ၁၃၈ |
| ၅။ | အပိုင်း (၅) | အောင်မြင်မှု | ၁၉၉ |
| ၆။ | အပိုင်း (၆) | အတွေးရှင် | ၂၆၂ |


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အပိုင်း ၁

# မိသားစု

ကလေးငယ်၏ ဖခင်သည် နော်မင်ဒီနယ်မှ ပြင်သစ်လယ်သမားတစ်ဦး ဖြစ်၏။ ယန်းဘက်ပ်တစ္စတီ ရိုဒင်အမည်ရှိ ထိုလယ်သမားသည် အသက် သုံးဆယ့်ရှစ်နှစ်အရွယ် ရောက်ကာမှ သားတစ်ယောက်အဖေ ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ထားသည်မဟုတ်။ အခုလို မမျှော်လင့်ဘဲနှင့် သားတစ်ယောက် ရလာသည့်အခါ အတိုင်းအဆ မသိနိုင်အောင်ပင် ပျော်မြူးလျက် ရှိလေသည်။

သူ့တွင် ကလိုတစ်လ်ဒီနှင့် မာရီအမည်ရှိ သမီးနှစ်ယောက်ရှိရာ ၎င်းတို့ နှစ်ယောက်စလုံးကို သိပ်ပြီး အရေးထားခဲ့သူမဟုတ်ပေ။ သူသည် နော်မင်ဒီနယ်မှ နေ၍ ပါရီမြို့တော်သို့ ရွှေ့ပြောင်းလာခဲ့သူဖြစ်၏။ နော်မင်ဒီတွင် ဆက်လက်၍ နေထိုင်ပါက ချမ်းသာကြွယ်ဝလာနိုင်မည့် အလားအလာကို လုံးဝ မမြင်ရပေ။ ထို့ကြောင့်လည်း သူသည် ပါရီသို့ ရွှေ့ပြောင်းလာခဲ့ခြင်း ဖြစ်ပေသည်။

သူ့အဖို့ကတော့ သားတစ်ယောက်ရလာခြင်းသည် အကောင်းဆုံးသော အရာတစ်ခု ဖြစ်လာခြင်းဟု ယူဆသည်။ သားသည် သူ အသက်ကြီးလာသည့် အခါ သူ့အတွက် များစွာ အထောက်အကူ ဖြစ်လာနိုင်၏။ ပြီးတော့ သူ့သားသည် သူ့နာမည်ကို ဆက်လက်ခံယူသွားလိမ့်မည် မဟုတ်ပါလား။ သူတို့ နော်မင်ဒီနယ် တွင် 'ရိုဒင်' ဟူသော စကားလုံး၏ အနက်အဓိပ္ပာယ်သည် 'အနီ' ဟု အဓိပ္ပာယ် ရ၏။ ယခုမွေးလာသည့် သူ့သားသည် သူ့မိသားစုဝင် အားလုံးကဲ့သို့ပင် အနီရောင်ဆံပင်ကို ပိုင်ဆိုင်သူ ဖြစ်လေသည်။

သူသည် သူ့သားအား မှတ်ပုံတင်ရန်လို၏။ သို့သော်လည်း သူရော သူ့မိန်းမပါ စာမရေးတတ်ကြ။ သူ့မိန်းမ မာရီမှာ သူ့လိုပင် လယ်သူမတစ်ဦးဖြစ်၍

mgyoe.com

mgyoe.com


လော်ရိန်းနယ်သူ ဖြစ်လေသည်။ ဤသို့ဖြင့် သူသည် သူ့မိန်းမ၏ ညီမဖြစ်သူ အန့်သီရီဆီအား မှတ်ပုံတင် လျှောက်လွှာပုံစံကိုဖြည့်ပေးရန် အကူအညီ တောင်းခံခဲ့သည်။ သီရီဆီမှာ ပန်းချီဆရာ ဒရိုးလင်းထံတွင် အိမ်ဖော်၊ ကိုယ်ဟန်ပြနှင့် အိမ်ရှင်မအဖြစ် လုပ်ကိုင်နေသူဖြစ်၍ စာရေးစာဖတ်ကို ပန်းချီဆရာထံမှ သင်ယူထားခြင်း ဖြစ်လေသည်။

အဖေဖြစ်သူက "ငါတို့ သူ့ကို ဖရန်ဆွာဩဂတ်စတီ လို့ခေါ်ကြမယ်" ဟု ပြောသည်။ ထိုအခါ အန်တီသီရီဆီက " ဖရန်ဆွာဩဂတ်စတီ ရိုဒင် Francois Auguste Rodin အမှတ်၃၊ အေဘာလက်တီလမ်း၊ ပါရီမြို့။ ၁၈၄၀ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်တွင် မွေးဖွားသည်" ဟု လျှောက်လွှာပုံစံထဲ၌ ရေးထည့်လိုက်သည်။

"အထိမ်းအမှတ်ပွဲနဲ့ ဝတ်ပြုပွဲလုပ်ဖို့ လွီဒေါ်းတစ်ပြား အကုန်ခံမယ်" ဟု ဖခင်ကပြောသည်။

"ကလေးကြည့်ရတာ အတော့်ကို ကျန်းမာမယ့် လက္ခဏာပဲ" ဟု အန်တီသီရီဆီက သူမ၏တူကို ကြည့်၍ ထင်မြင်ချက်ပေးသည်။

"ရိုဒင်တွေ အားလုံးဟာ ကျန်းမာကြတာချည်းပဲ" ဟု အဖေလုပ်သူက အားမာန်အပြည့်ဖြင့် ပြောသည်။ သို့သော်လည်း သူ၏ပုံပန်းသည် ပြဿနာတစ်ခုရှိသည့်သဘောကို ဖော်ပြလျက်ရှိသည်။ သူသည် အမွေးကျိုးတိုးကျဲတဲ ဖြစ်နေသော လက်ဖြင့် သူ့ဆံပင်ကို ထိုးဖွလိုက်ကာ ခေါင်းကိုကုတ်လိုက်သည်။ အမှန်တော့ သူသည် ဘုဘွန် မင်းဆက်များ စိုးစံနေသည့် ဘုရင်စနစ်ကို ထောက်ခံသူ ဖြစ်၏။ သို့သော်လည်း လက်ရှိ လူဝီဖိလစ်ဘုရင်သည် သူ့သား၏ အနာဂတ်အတွက် အာမခံချက်ပေးနိုင်မည့် ပုဂ္ဂိုလ်မဟုတ်ချေ။ ယခု သူနေထိုင်သည်မှာ အလယ်တန်းစား လုပ်ငန်းရှင်ကြီးများ ကြီးစိုးနေသော ပါရီမြို့ဖြစ်၏။ ပြီးတော့ သူသည် လက်ရှိအနေအထားအရ သာမည ပုလိပ်သားတစ်ယောက်ဖြစ်နေသည်မှာ မှန်သော်လည်း သူ၏ မူလအခြေခံဘဝမှာ လယ်သမား တစ်ယောက်သာလျှင် ဖြစ်နေသည် မဟုတ်ပါလား။

သူ ယခု နေထိုင်လျက်ရှိသော ရပ်ကွက်သည် ဆင်းရဲသားရပ်ကွက်ထက် မဆိုစလောက်မျှသာလျှင် သာလွန်သော ရပ်ကွက်ဖြစ်၏။ ပြည့်တန်ဆာများ ထကြွသောင်းကျန်းနေသော နေရာလည်း ဖြစ်သည်။ သူ့အနေနှင့်ကတော့ အလယ်ခေတ်ကျောက်ခင်းလမ်း ဝင်္ကပါကဲ့သို့ ရှုပ်ထွေးပွေလီမ်နေသော ဤ ရပ်ကွက်မျိုးထက် သာလွန်သည့် နေရာမျိုးတွင် နေနိုင်စွမ်းမရှိ။ သူနေထိုင်သော အေဘာလက်တီ

mgyoe.com

mgyee.com

ရပ်ကွက်သည် ဆော်ဘွန်းနှင့် နော်တာဒမ်း ဘုရားရှိခိုးကျောင်းကြီးနှင့် သိပ်ပြီး မဝေး၊ လမ်းလျှောက်သွားလျှင်ပင် ရောက်နိုင်သည်။

ဤနယ်မြေတွင် စိန့် ဆီဗိရင်း၊ စိန့် ဂျိုနီဗီးနှင့် ဗယ်လ်ဒီဂရေ့စ်ကဲ့သို့သော အလွန်လှပသည့် ရှေးဟောင်း ဘုရားရှိခိုးကျောင်းများ တည်ရှိသည်။ ရှိဒင် မိသားစု သည် တိုက်အို တိုက်ဟောင်းကြီးတစ်လုံး၏ ပဥ္စမထပ်တွင် ငှား၍ နေထိုင်ကြသည် ဖြစ်ရာ မိမိတို့အခန်းကို ရောက်ဖို့အတွက် လှေကားထစ်ပေါင်း တစ်ရာတစ်ထစ်တိတိ တက်ရလေသည်။

"ကျွန်မကတော့ ဩဂတ်စတီဆိုတဲ့ နာမည်ကိုကြိုက်တယ်" ဟုအန်တီ သီရီဆီက ပြောသည်။ "ကျွန်မ သားဦးလေး မွေးတုန်းက ဒီနာမည်ပဲ ပေးခဲ့တာ"

သူမသည် ကလေးအဖေ ရှိဒင်အား ချီးကျူးဂုဏ်ပြုသည့်အနေဖြင့် ပါးကို နမ်းလိုက်သည်။

သနားစရာ ကောင်းလှပါကလားဟု ကလေးအဖေက တွေးသည်။ သူသည် အခြားသူများကဲ့သို့ပင် အန်တီ သီရီဆီအား ခင်မင်သည်။ သီရီဆီသည် မိန်းမချောတစ်ဦးဖြစ်၍ ပျော်ပျော်နေတတ်သူ ဖြစ်၏။ သို့သော်လည်း သူမ၏ သားသုံးယောက်စလုံးမှာ ဖအေမပေါ်ဘဲ တိတ်တိတ်ပုန်း မွေးခဲ့ရသည့် ကလေးများ ဖြစ်နေသည်။ ဤကိစ္စမှာ ရှက်စရာကောင်းသည့်ကိစ္စ ဖြစ်သော်လည်း အန်တီ သီရီဆီသည် ရှက်သည့် အရိပ်လက္ခဏာကို နည်းနည်းကလေးမှ မဖော်ပြခဲ့ချေ။

သူသည် သူ့သား ဖရန်ဆွာ ဩဂတ်စတီအား ဘာသာတရားတွင် ကြည်ညိုသော လူတစ်ဦးလည်း ဖြစ်စေချင်၏။ ကျန်းမာသန်စွမ်းပြီး ကြံ့ခိုင်သူ တစ်ဦးလည်း ဖြစ်စေချင်၏။ ပြီးတော့ ပုလိပ်အရာရှိ တစ်ယောက်လည်း ဖြစ်လာ စေချင်သည်။ သူသည် သူဖြစ်စေချင်သော ဆန္ဒများအတိုင်း ဖြစ်လာပါစေဟု လည်းဆုတောင်းသည်။

သူ့အတွေ့အကြုံအရဆိုလျှင် ဘူဇွာဟု ခေါ်သော လူလတ်တန်းစားများ သည်သာလျှင် ပုလိပ်အရာရှိကြီးများ ဖြစ်လာလေ့ရှိ၏။ ယင်းသို့ ဖြစ်ရခြင်းမှာ လည်း ထိုလူတန်းစားမှ လာသူများသည် စာဖတ်တတ် ရေးတတ်ကြသည် မဟုတ် ပါလား။

အခုမွေးလာသည့် သူ့သားသည် ဘာ့ကြောင့် စာမဖတ်တတ်၊ မရေး တတ်သည့် လူတစ်ယောက် ဖြစ်ရမည်နည်း။ ဘယ်နည်းနှင့်မဆို သူ့လို စာမဖတ်တတ် မရေးတတ်သည့် လူတစ်ယောက်တော့ မဖြစ်စေရ။ မည်သို့ပင် ဖြစ်စေ စာမဖတ်တတ် မရေးတတ်သော သူသည်ပင် လစာငွေ တစ်နှစ်လျှင် ဖရန့်ငွေ

mgyee.com

mgyoe.com


ရှစ်ရာစားရသည့် ပုလိပ်သား ဖြစ်ခဲ့ရ၏။ သို့ဖြစ်ရာ သူသည် သူ့သား ဖရန်ဆွာ ဩဂတ်စတီအား ပညာကောင်းကောင်း သင်ပေးမည်ဟု အခိုင်အမာ ဆုံးဖြတ်ထားလိုက်လေသည်။

ဩဂတ်စတီ အသက် ငါးနှစ်အရွယ်တွင် သူတို့အိမ်အနီးရှိ ဂျေဆု စာသင်ကျောင်း(ဘရင်ဂျီ ဘာသာရေးကျောင်း) တွင် ကျောင်းသားတစ်ယောက် ဖြစ်လာသည်။ အန်တီ သီရီဆီသည် သူ့အား ပုံဆွဲ ရောင်စုံခဲတံများကို လက်ဆောင်အဖြစ် ပေးသည်။ အန်တီသီရီသည် ထိုပစ္စည်းများကို ဒရိုးလင်းထံမှ ခွင့်မတောင်းဘဲနှင့် ယူလာခြင်း ဖြစ်သည်။

ယခုအခါတွင် ရိုဒင်မိသားစုသည် ယခင်ကထက်ပို၍ သန့်ရှင်းသော လမ်းထဲ၌ ရောက်နေကြပြီ။ အိမ်ကလည်း ပို၍ကောင်းမွန်လာသည်။ သူတို့အခန်းသည် ပထမထပ်တွင်ဖြစ်သည်။ ယနေ့မွန်းလွဲပိုင်းတွင် ဖရန်ဆွာ ဩဂတ်စတီသည် သူ့အား ထိန်းသိမ်းစောင့်ရှောက်ပေးပါမည်ဟု ကတိပေးထားသော သူ့အဒေါ် သီရီဆီနှင့် နှစ်ယောက်တည်း ဖြစ်သည်။ ဆံပင်နီနီ၊ ဂင်တိုတို၊ ရှက်တတ်၊ ရွံ့တတ်ပြီး မျက်စိမွဲသော ဩဂတ်စတီသည် အနက်ရောင် ပုံဆွဲ ဆေးတောင့်များကို များစွာ သဘောကျလျက် ရှိသည်။

ထိုဆေးတောင့်များသည် ကွဲပြားခြားနားသော လိုင်းများကို အပီအပြင် ဖော်ပြနိုင်စွမ်း ရှိကြသည်။ ထိုလိုင်းများကို သူ ကောင်းစွာ မြင်နေနိုင်သည်။ သူသည် အန်တီသီရီဆီ၏ နုနယ်ပျော့ပျောင်းသော ရုပ်လက္ခဏာကို ပုံဆွဲချင် နေသည်။ သို့သော်လည်း သူ့အနေဖြင့် သူ့အဖေကို အရင်ဆုံး ရေးဆွဲသင့်သည်ဟု ထင်၏။ အရာရာတိုင်းတွင် သူ့အဖေသည် ပထမဦးစားပေးနေရာ၌သာ ရှိရမည် မဟုတ်ပါလား။

သူသည် အညိုရောင် စက္ကူများကိုတွေ့သည်။ သူ့အမေ ညစာအတွက် ဝယ်လာသည့် အာလူးများကို ထုပ်ယူလာသော စက္ကူများပေတည်း။ သူသည် မီးဖိုခန်းထဲရှိ စားပွဲ၌ တင်ပျဉ်ခွေထိုင်ကာ မျက်မှောင်ကိုကုတ်၍ စိတ်ပါလက်ပါဖြင့် ပုံတစ်ပုံကို ဆွဲနေသည်။ ပုံဆွဲဆေးတောင့်သည် သူ့အဖေ၏ နှုတ်ခမ်းများနှင့် တူသော ထူထူထဲထဲလိုင်းကို ဖော်ထုတ်ပေးနေသည်။ ပြီးတော့ ... သုန်မှုန်နေသည့် မျက်နှာထား။ ထို့နောက် သူသည် သူ့အဖေ၏ ကိုယ်ခန္ဓာ၊ သူ့အဖေ၏တိုနံ့နံ့ ဘောင်းဘီရှည်၊ ပွရောင်းရောင်း ကုတ်အင်္ကျီ၊ ထူထူထဲထဲ ခါးပတ်။

အန်တီ သီရီဆီက 'မင်းဆွဲထားတာ ကောင်းတယ်၊ နောက်တစ်ခါကျရင် ရောင်စုံဆေးတောင့်တွေ ယူလာခဲ့မယ်' ဟုပြောသည်။

mgyoe.com

mgyoe.com

နောက် သီတင်းပတ်တွင် သူ့အမေသည် ဂေါ်ဖီထုပ် ဝယ်လာသည်။ သူသည် ဂေါ်ဖီထုပ် ထုပ်လာသည့် စက္ကူကို ယူ၍ ထိုအပေါ်တွင် ပုံဆွဲသည်။ ငါးကို သတင်းစာစက္ကူများနှင့် ပတ်၍ ထုပ်လာသည်ဖြစ်ရာ သတင်းစာ စက္ကူများထဲမှ ပုံများကိုကြည့်၍ ပုံတူရေးဆွဲသည်။ ထောပတ်၊ ဒိန်ခဲနှင့် ကြက်ဥများကို သူ့အမေ ဝယ်လာသည့်အခါများတွင် သူသည် များစွာ ရွှင်လန်း ဝမ်းသာသည်။ အဘယ်ကြောင့်ဟူမူ ထိုပစ္စည်းများကို စက္ကူအဖြူအလွတ်များဖြင့် ထုပ်လာ၍ ဖြစ်သည်။ သူ့အဖို့ အဖြူရောင် စက္ကူအလွတ်များပေါ်၌ ပုံဆွဲရသည်မှာ အလွန် ကောင်းသည် မဟုတ်ပါလား။

သူသည် စိတ်လှုပ်ရှားနေသော သူ့အဖေပုံကို ဆွဲသည်။ စိတ်ရှည်ပြီး သူ့ကိုယ်သူ နှိမ့်ချတတ်သော အမေ့ပုံကို ဆွဲသည်။ ပျော်ပျော်ရွှင်ရွှင် နေတတ်သော အန်တီ သီရီ၏ပုံ၊ ချစ်စရာကောင်းသော အစ်မ မာရီ၏ပုံ၊ ချောမော လှပသည့် အစ်မ ကလိုတစ်လ်ဒီ၏ ပုံများကိုလည်း ဆွဲသည်။ ပုံများကို ရေးဆွဲရာတွင် တစ်ယောက်တည်းရှိကာမှ ဆွဲသည်။ အကြောင်းမှာ သူ ပုံဆွဲသည်ကို သူ့အဖေ မကြိုက်မှာ ကြောက်၍ဖြစ်လေသည်။

မကြာခဏဆိုသလို သူ့အမေ၏ မေးသံကို ကြားရတတ်သည်။

"ဟဲ့ . . . ဩဂတ်စတီ၊ ပစ္စည်းထုပ်လာတဲ့ စက္ကူ ဘယ်ရောက်သွားလဲ။ တို့မှာ မီးမွေးစရာ ဘာမှ မရှိတော့ဘူး"

နောက်ပိုင်းတွင်မူ အမေသည် ရလာသမျှ စက္ကူများကို ဝှက်လေတော့သည်။

တစ်ရက်တွင် အမေသည် ဈေးခြင်းတောင်းကိုဆွဲ၍ အိမ်ပြန်ရောက်လာသည်။ ထို့နောက် ဒိန်ခဲထုပ်ထားသည့် စက္ကူအဖြူကို ခွာချလိုက်သည်။ အမေသည် သူဝယ်လာသည့် အခြားကုန်ပစ္စည်းများဖြင့် အလုပ်ရှုပ်နေခိုက် သူ့လက်ထဲမှ စက္ကူအဖြူ ကြမ်းပြင်ပေါ် ကျသွားသည်ကို သတိမထားမိ။ သူမသည် ဩဂတ်စတီအား ကျောခိုင်းထားသည်။ သူပြန်လှည့်လာသည့်အခါ ဩဂတ်စတီသည် ပုံဆွဲဆေးတောင့်တစ်ချောင်းကိုယူ၍ ကြမ်းပြင်ပေါ်၌ အလျားမှောက်လိုက်သည်။ သူယူထားသည့် စက္ကူအဖြူပေါ်တွင် သူ့ဘယ်ဘက်လက်ဖြင့် ပုံတစ်ပုံကို ရေးဆွဲသည်။ ထိုအခိုက်တွင် တံခါးဖွင့်သံနှင့် ပိတ်သံတို့ ကြားလိုက်ရပြီး အခန်းတွင်း၌ သူ့အဖေ ရပ်နေသည် ကိုမြင်ရလေ၏။

"ဩဂတ်စတီ . . . ကြမ်းပေါ်က ထ" ဟု သူ့အဖေက ပြောကာ ပစ္စည်းထုပ်သော စက္ကူကို ဆုတ်ချေပြီး မီးဖိုထဲသို့ ပစ်ထည့်သည်။ သူသည် ရှူးဖိနပ်ကို

mgyoe.com

mgyoe.com


ချွတ်၍ သက်ပြင်းတစ်ချက်ချကာ စားပွဲ၌ ဝင်ထိုင်လိုက်သည်။ ဩဂုတ်စတီသည် စက္ကူကို ပြန့်သွားအောင် လက်ဖဝါးနှင့် သပ်လိုက်ပြီး ရှုးဖိနပ်တစ်ဖက်ပုံကို စတင်ရေးဆွဲသည်။ အဖေသည် အစားစားလျက်ရှိ၏။

ဩဂုတ်စတီက စားပွဲခြေထောက် တစ်ဖက်ကို တိုက်မိ၍ အဖေ၏ စွပ်ပြုတ်ပန်းကန်ထဲမှ အရည်များ ဖိတ်ကာမှပင် သူ့သား ဘာလုပ်နေသည်ကို သတိပြုမိသည်။

"အဲဒီစက္ကူ သည်ကိုပေးစမ်း" ဟု သူ့အဖေက တောင်းသည်။ ယခင်ကဆိုလျှင် ဩဂုတ်စတီသည် သူ့အဖေ၏ စကားကို နားမထောင်ဘဲ နေလေ့မရှိ။ ယခုတစ်ကြိမ်တွင်မူ သူသည် ခေါင်းယမ်းပြသည်။

"အမေကြီးရေ . . . ကျုပ်ကို သားရေပြား ယူပေးစမ်း"ဟု ခိုင်းသည်။ အမေသည် စိတ်မပါ့တစ်ပါဖြင့် သားရေပြားကို ယူ၍ သူ့ယောကျ်ားလက်ထဲ ထည့်ပေးလိုက်သည်။ အဖေက "စက္ကူကို မီးဖိုထဲ ထည့်လိုက်"ဟု အမိန့်ပေးသည်။

ဩဂုတ်စတီသည် သူ ပုံဆွဲထားသော စက္ကူများကို မီးဖိုထဲ ထည့်လိုက်သည်။ သူ မလုပ်ချင်ဘဲ လုပ်လိုက်ရသည့် အလုပ်အတွက် စိတ်ထိခိုက်ဟန်ကို မျက်နှာက ဖော်ပြလျက် ရှိလေသည်။

"အဲဒီ ပုံဆွဲတောင့်တွေကိုပါ မီးဖိုထဲ ထည့်လိုက်၊ မြန်မြန်လုပ်"

"အဖေရယ်၊ မလုပ်ပါနဲ့"

"အခုချက်ချင်းလုပ်"

ပုံဆွဲဆေးတောင့်များသည် မီးဖိုထဲ ရောက်သွားကြသည်။

"ဩဂုတ်စတီ၊ အိပ်ရာဝင်တော့"

"ညစာ မစားရတော့ဘူးလား"ဟု အမေက ပြောသည်။ "ဒီမယ် ယန်း ... ဒီလိုဆိုရင် သူ စိတ်ထိခိုက်တော့မှာ"

"သူ့ကို အိပ်ရာဝင်ခိုင်းလိုက်" ဟု အဖေက ထပ်ပြောသည်။ ထိတ်လန့်ကြောက်ရွံ့နေသဖြင့် မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေသော သူငယ်အား အဖေက အော်သည်။

"ပစ္စည်းထုပ်လာတဲ့ စက္ကူတွေကို မင်းဘာမှ လုပ်စရာမလိုဘူးကွ သိလား။ ဒီအိမ်ထဲမှာ နောက်ထပ် ပုံတွေ ဆွဲတာတွေ့ရင် မင်းကို ငါ ရိုက်ရလိမ့်မယ်။ မင်းအရူးတစ်ယောက်မဖြစ်ခင် မင်းကို ငါကျောင်းအပ်မှ ဖြစ်တော့မယ်"

ဩဂုတ်စတီသည် အိပ်ရာဝင်ခဲ့ရ၏။ နောက်ပိုင်းတွင် အမေက သူ့ အတွက် စွပ်ပြုတ်ရည် တစ်ပန်းကန် ပို့ပေးသည်။ သို့သော်လည်း သူမစားနိုင်။ အိပ်၍လည်း

mgyoe.com

mgyee.com


မပျော်။ မည်သို့ပင်ဖြစ်စေ အဖေ အိမ်တွင် မရှိသည့်အခါတိုင်း ဩဂတ်စတီသည် မီးဖိုအတွက်ထားသော မီးသွေးခဲများကိုယူကာ အပြင်ဘက် စင်္ကြံလမ်းမှ နံရံများတွင် ပုံတူရေးဆွဲလေသည်။

*

ဂျေဆုကျောင်းသည် စိန့်မိုက်ကယ်လမ်းမကြီး၏ ထောင့်တွင် တည်ရှိလေသည်။ ကျောင်းစတက်သည့် ပထမနေ့တွင် သူသည် ကျောင်းသို့ စိတ်ပါလက်ပါ သွားသည်။ သို့သော်လည်း သူသည် အလွန်ရှေးကျသော အဆောက်အဦနှင့် အလယ်ခေတ် ခရစ်ယာန် ဘုန်းကြီးများ၏ တင်းကျပ်လွန်းသော စည်းကမ်းများ ဆက်ဆံမှုများကို ကြည့်၍ များစွာ စိတ်ပျက်လျက် ရှိလေသည်။

သင်ရိုးညွှန်းတမ်းများထဲတွင် ဘာသာရေးသင်ခန်းစာသည် အဓိက ဖြစ်သည်။ ဩဂတ်စတီအဖို့ ခရစ်ယာန် ဘာသာရေး အမေးအဖြေ သင်ခန်းစာများကို မှတ်မိအောင် လုပ်ရသည်မှာ မလွယ်။ သူ့အတွက် အလွန် ခက်ခဲပင်ပန်းသော အလုပ်ကြီးတစ်ခုဖြစ်နေသည်။ ကျောင်းတွင် သူ လုံးဝနားမလည်သော ဂဏန်းသင်္ချာဘာသာကိုလည်း သင်ကြားပေးသည်။ သူအရွံ့ရှာဆုံးသော ဘာသာရပ်မှာ လက်တင်ဘာသာ ဖြစ်၏။ ထို့အပြင် အဖတ်၊ အရေး၊ ပထဝီ၊ သမိုင်းနှင့် သဒ္ဒါဘာသာရပ်များကိုလည်း သင်ကြားပေးလေသည်။

သူသည် ဘာသာရပ်အားလုံးတွင် ညံ့ဖျင်းလျက် ရှိ၏။ အဓိက အကြောင်းရင်းမှာ မျက်စိမှုံလွန်း၍ ဖြစ်သည်။ ပန်းချီပညာမှာ မလုပ်အပ်ဟု ပိတ်ပင်ထားသော အရာတစ်ခု ဖြစ်သည်။ တစ်နေ့တွင် ဩဂတ်စတီသည် ဟိုးလီးရိုမင် အင်ပါယာမြေပုံ ရေးဆွဲလျက် ရှိ၏။ ထိုစဉ် ပေတံတစ်ချောင်းသည် ပုံဆွဲလျက် ရှိသော လက်ချောင်းများပေါ်သို့ ပြင်းထန်စွာ ကျရောက်လာသည်။ သီတင်း တစ်ပတ်ကြာမျှ သူ့လက်သည် ခဲတံ မကိုင်နိုင်ချေ။ ထို့နောက် နောက်တစ်ကြိမ် ပုံဆွဲနေသည်ကို မိသွားသည့်အခါ ကြိမ်ဒဏ်ပေးခြင်း ခံရပြန်သည်။ သို့သော်လည်း ခေါင်းမာလွန်းသော ရီဒင်သည် ဆရာဘုန်းတော်ကြီးများ၏ လူမဆန်သော ခက်ထန်တင်းမာသော မျက်နှာများ၊ မမြင့်မြတ်သော ပျော်ရွှင်မှုများဖြင့် သာယာနေသည်များကို ရုပ်ပြောင်များ ရေးဆွဲလေ့ရှိသည်။

ထိုစဉ်က ရီဒင်၏ စိတ်ကိုများစွာ လှုပ်ရှားစေခဲ့သည့် တစ်ခုတည်းသော အဖြစ်အပျက်မှာ ဘုရင် လူဝီ ဖိလစ်အား နန်းကျစေခဲ့သည့် ၁၈၄၈ ခု တော်လှန်ရေးဖြစ်သည်။ ဤတွင် ရတ်တရက် ချက်ချင်း မမျှော်လင့်သော ကိစ္စတစ်ရပ် ပေါ်လာ

mgyee.com

mgyoe.com


သည်။ ယင်းမှာ အခြားမဟုတ်။ ကျောင်းဟူ၍ မရှိတော့ခြင်း ဖြစ်၏။ ဤတွင် တော်လှန်ရေးဆိုသည်မှာ ပျော်ပွဲစားထွက်ခြင်းမျိုးမဟုတ်သည်ကို နားလည်လာကြသည်။ ပါရီမြို့တော်မှ အလုပ်သမားများက လက်နက်ဆွဲကိုင်ပြီး အစိုးရကို ပုန်ကန်ကာ သမ္မတနိုင်ငံ ထူထောင်ပေးရန် တောင်းဆိုလာကြသည့်အခါ ရှိဒင်ကဲ့သို့သော ကလေးသူငယ်ကအစ တော်လှန်ရေး၏ သဘောသဘာဝကို သိနားလည်လာကြလေသည်။

ရှိဒင်မိသားစုများ နေထိုင်ရာ နယ်မြေသည် တိုက်ပွဲ၏ အချက်အချာ ဒေသဖြစ်လာသည်။ တော်လှန်ပုန်ကန်သူများသည် စိန့်မိုက်ကယ်လမ်းကျယ်ကြီးတစ်လျှောက်တွင် အတားအဆီးများ ကတုတ်ကျင်းများ တည်ဆောက်ကြသည်။

အလုပ်မှ ထုတ်ပစ်ခြင်း ခံခဲ့ကြရသော အလုပ်သမားများသည် သေနတ်များနှင့် ဓားချွန်များကို ကိုင်ဆောင်ကာ လွပ်လပ်ရေး ကြွေးကြော်သံများကို အော်ဟစ် ကြွေးကြော်လျက် ရှိကြလေ၏။

ပြင်သစ်နိုင်ငံ၏ အမျိုးသားသီချင်းဖြစ်သော 'မာဆေးသီချင်း'* ကို အစိုးရဘက်ကရော ပုန်ကန်သူများဘက်ကပါ သီဆိုလျက်ရှိကြသည်။ ဩဂတ်စတီ ရှိဒင်၏ ဖခင်သည် အလုပ်ခွင်သို့ မသွားနိုင်။ မည်သူမှ အိမ်ပြင်မထွက်ရ ဟူသော အမိန့် ထုတ်ပြန်ထား၍ ဖြစ်၏။ သူတို့မိသားစုသည် တစ်ဦးလျှင် တစ်နေ့ အာလူးတစ်လုံးကျစီသာ စား၍ ပြင်းထန်သော တိုက်ပွဲများ ဖြစ်နေသည့် လေးရက်တာကာလတစ်လျှောက်လုံး နေထိုင်ခဲ့ကြရသည်။

ရှိဒင်၏ ဖခင်သည် ဘုရင်စနစ်ကို ထောက်ခံသူဖြစ်၏။ သို့သော်လည်း အလုပ်သမားများအား ရက်ရက်စက်စက် သတ်ဖြတ်ခြင်းကို မြင်လိုက်ရသည့် အခါ သူ၏ ယုံကြည်မှုသည် ပျက်ပြားသွားခဲ့သည်။ ဤကာလအတွင်းမှာပင် လူဝီနပိုလီယံ ဘိုနာပတ်အား ပြင်သစ်နိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်လိုက်သည့်အခါ သူ့စိတ်သည် များစွာ သက်သာရာ ရသွားခဲ့သည်။ ကျောင်းများပြန်ဖွင့်သည်။ ဩဂတ်စတီ၏ မျက်လုံးများကတော့ ပိုဆိုးလာခဲ့ သည်။ ကျောင်းတွင် သူသည် အညံ့ဆုံးနှင့် အဆိုးဆုံး ကျောင်းသား တစ်ယောက်ဖြစ်လာခဲ့လေသည်။

ရှိဒင်မိသားစုသည် ရွှေ့ပြောင်းကြရပြန်၏။ ယခုတစ်ကြိမ်တွင် စိန့် ဂျက်စ်

---

* Marseillaise မာဆေး။ ပြင်သစ်နိုင်ငံ အမျိုးသားသီချင်း၊ ပြင်သစ်တော်လှန်ရေးကြီးကာလ ၁၇၉၂ ခုနှစ်တွင် စပ်ဆိုခဲ့ခြင်းဖြစ်၏။

mgyoe.com

mgyoe.com

လမ်းပေါ်မှ သာ၍ကောင်းသော အိမ်သို့ ပြောင်းရွှေ့ခဲ့ရခြင်း ဖြစ်သည်။ အခန်းတစ်ချင်းစီတွင် ပြတင်းပေါက် နှစ်ပေါက်စီရှိ၍ ပြတင်းပေါက် တစ်ပေါက်စီတွင် မှန်တစ်ချပ်စီ တပ်ထားသည်။ သို့သော်လည်း လူအများက လမ်းပေါ်ရှိ အမှိုက်များ စွန့်ပစ်လေ့ရှိသဖြင့် သူတို့မိသားစုသည် ပလိပ်ရောဂါ မဖြစ်ပွားစေရန် အမှိုက်များကို အမြဲ ရှင်းလင်း သုတ်သင်ပေးနေကြရ၏။

အိမ်ထဲတွင် အမြဲတစေ အအေးဓာတ်က ရှိနေသည်။ အားလုံး ခြုံကြည့်လိုက်သည့်အခါ တစ်အိမ်လုံးကို လွှမ်းခြုံထားသည်မှာ ဆင်းရဲခြင်းပင် ဖြစ်၏။ သို့သော်လည်း ယခုအချိန်တွင် သူ့ဖခင်၏ ဝင်ငွေသည် နည်းလှသည် မဟုတ်။ တစ်နှစ်လျှင် ဖရန့်ငွေ တစ်ထောင့်နှစ်ရာအထိ ရှိနေပြီ။ သူတို့အိမ်၏ အပြင်ဘက်တွင် မြားနတ်မောင်ရုပ်တုရှိနေသည်။ ရှိဒင်သည် ထိုရုပ်တုပုံကို ပုံတူ ကူးဆွဲလေ့ရှိ၏။ သို့သော်လည်း သူ့ဖခင်က သူ့လက်ထဲမှ စက္ကူကို ဆွဲယူကာ ဆုတ်ဖြဲပစ်ရုံမက "သြဂတ်စတီ၊ မင်းဟာ တော်တော်ကို ပြောရခက်နေပြီ။ ကျောင်းမှာလည်း စာမတော်ဘူး။ မင်းကို ဘယ်လိုလုပ်ရမလဲဆိုတာ ငါ မသိတော့ဘူး" စသည်ဖြင့် ဒေါသတကြီး အော်ဟစ်ပြောဆိုတတ်သည်။

ကိုးနှစ်အရွယ် ရှိဒင်သည် သူ့ဖခင်၏ စကားကို ရိုသေလိုက်နာရန် ကြိုးစားရှာသည်။ သို့သော်လည်း သူ ရေးဆွဲနေသော ပုံကြမ်းများသည် ဤကမ္ဘာလောကထဲ၌ ရှိနေသည့် သူ၏ တစ်ခုတည်းသော လွတ်မြောက်ရာ ထွက်ပေါက် ဖြစ်လျက်ရှိသည်။ သူသည် ကျောင်းပြေးစပြုလာလေရာ တစ်ရက်တွင် ဤအကြောင်းကို ကျောင်းမှ သူ့ဖခင်ထံ တိုင်ကြားစာပို့သည်။

ထိုနေ့ မွန်းလွဲပိုင်းက သြဂတ်စတီသည် နော်တာဒမ်း ဘုရားရှိခိုးကျောင်းကြီးသို့ သွားသည်။ သူသည် ဘုရားရှိခိုးကျောင်းကြီး၏ ရင်သပ်ရှုမောအံ့သြဖွယ်ကောင်းသည့် ကြီးကျယ်ခမ်းနားမှုကို များစွာ သဘောကျလျက်ရှိ၏။ ဘုရားရှိခိုးကျောင်းကြီး၏ ထိပ်ပိုင်းမှ စုလစ်မွမ်းချွန်များ၊ နံရံကြီးများအား ခိုင်ခံ့အောင် အပြင်ဘက်မှ ထောက်ကန်ထားသည့် ဒေါက်တိုင်ကြီးများနှင့် မျှော်စင်ကြီးများ ရံထားသည့် အနောက်ဘက် မျက်နှာစာ တံခါးပေါက်ကြီးများသည် သူ့အဖို့ ထူးခြားပြောင်မြောက်လွန်းသည့် အရာများ ဖြစ်ချေသည်။ သူသည် အိမ်ပြန်ရောက်သည့်အခါ ထိုအကြောင်းအရာများကို သူ့ဖခင်အား ရှင်းလင်းပြောပြရန် အားထုတ်သည်။ သူ့ဖခင်က သူ့အား ဆီး၍ ကျိန်ဆဲသည်။

"ငါ မွေးထားတာ သား မဟုတ်ဘူး၊ အရူးတစ်ကောင်ပါလားကွာ"ဟု ရေရွတ်လေသည်။ ပြီးတော့ သြဂတ်စတီအား ခါးပတ်နှင့် ရိုက်သည်။

mgyoe.com

mgyoe.com

ဩဂတ်စတီသည် ရိုက်ချက်များကို အံကြိတ်ပြီး ခံသည်။ မငိုမိအောင်လည်း ထိန်းချုပ်ထားသည်။ မေမေသည် အနီးမှရပ်ကာ ဖခင်အား တတွတ်တွတ် တောင်းပန်လျက် ရှိ၏။ အဖေသည် အရုပ်ကြိုးပြတ်ဖြစ်ကာ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ကာ တညည်းညည်း တညူညူ ဖြစ်လျက်ရှိသည်။ ထို့နောက် သူ့သား ငထိုင်းအား ဘွားဗစ်မြို့ရှိ သူ့အစ်ကို အလက်ဇင်းဒါး၏ ကျောင်းသို့ ပို့တော့မည်ဟု ဆုံးဖြတ်လိုက်လေသည်။

ဦးကြီး အလက်ဇင်းဒါးသည် နော်မန်အမျိုးသားနွယ်ဝင်တို့၏ အားမာန်ဖြင့် သူ့တူအား ပညာသင်ပေးရန် စီစဉ်သည်။ ဩဂတ်စတီ၏ ပေါ်လွင်သော နှာတံ၊ ကျယ်ပြန့်သော မဟာနဖူး၊ တင်းတင်းစေ့နေသော ပါးစပ်တို့ကို ကြည့်ကာ သူ့ဦးကြီး မှတ်ချက်တစ်ခု ပေးသည်။ ဩဂတ်စတီ ညံ့၍ ဖျင်း၍ မဟုတ်၊ ဂျေဆုကျောင်းမှ ဆရာများ မသိနားမလည်၍သာ ဖြစ်မည်ဟု ပြောသည်။

ဩဂတ်စတီသည် ကိုယ်အလေးချိန်တက်လာသည်။ ရင်အုပ်သည် ကျယ်ပျံ့လာသည်။ ပခုံးများ တောင့်တင်း သန်မာလာသည်။ တောပိုင်းလေကို ရှူ၍ ဖွံ့ဖြိုး တိုးတက်လာခြင်း ဖြစ်၏။ သို့သော်လည်း သူသည် ဘာမှ သင်ကြား တတ်မြောက်ခြင်း မရှိသေးချေ။

သူ့တူ ဩဂတ်စတီ သူ့လက်ထဲရောက်နေသည်မှာ လေးနှစ် လွန်သွားခဲ့ပြီ ဖြစ်ရာ အလက်ဇင်းဒါးအနေဖြင့် ဂျေဆုကျောင်းမှ ဆရာများဘက်က မှန်သည်ဟု ဝန်ခံရတော့မည် ဖြစ်သည်။

"သူဟာ လက်တင်ဘာသာကို လုံးဝ တစ်လုံးမှ မသိဘူး။ သူ့ရဲ့ စာလုံးပေါင်းနဲ့ ဝါကျတွေ ရေးဖွဲ့ပုံဟာ ကြောက်စရာကောင်းလောက်အောင် ဆိုးဝါးလှပါတယ်" ဟုပင် ပြောလာရသည်။

ဩဂတ်စတီက သူ့ဦးကြီးအား သူ့မျက်စိများသည် ကျောက်သင်ပုန်းကြီးကို မမြင်ရပါဟု ပြောပြဖို့ ကြိုးစားသေးသည်။ သို့သော်လည်း ဦးကြီးက နားမထောင်။ သူ့ဦးကြီးက သူ့ဖခင်ထံ အကြောင်းကြားသည်။

"မင့်သားဟာ စာသင်လို့မရနိုင်ဘူး။ သူ့ကို မြန်မြန် အလုပ် လုပ်ခိုင်းလေ ကောင်းလေပဲ။ ဒါပေမဲ့ သူ့အနေနဲ့ အသက်မွေးမှုပညာ တစ်ခုခုနဲ့ အသက်မွေးလို့မှ ရနိုင်ပါ့မလား ဆိုတာတောင် ငါ သံသယဖြစ်တယ်"

*

ဩဂတ်စတီသည် အသက် ဆယ့်လေးနှစ် ရှိခဲ့ပြီ။ သူ့ဖခင်က သူ့အား

mgyoe.com

mgyoe.com

အလုပ်, လုပ်ခိုင်းတော့မည်ဟု ထုတ်ဖော်ပြောကြားထားပြီ။

ထိုနေ့သည် ချစ်စရာကောင်းသော ဇွန်လ၏ တစ်ရက်သော တနင်္ဂနွေနေ့ ဖြစ်၍ သူ့တို့မိသားစု ပျော်ပွဲစားထွက်ရန် အကောင်းဆုံးနေ့တစ်နေ့ ဖြစ်၏။ သို့သော်လည်း ဖခင်၏ခန္ဓမှာ အိမ်မှာပင် မိသားစုဝင်များ စုစည်းပြီး ညစာ စားလိုသည်။ "အရေးကြီးတဲ့ မေးခွန်းက တခြားမဟုတ်ဘူး" ဟု ဖခင်က ပြောသည်။ "မင်းဘယ်လို အလုပ်မျိုးလုပ်ချင်သလဲ"

"ကျွန်တော် ပန်းချီဆွဲချင်တယ်" ဟု ဩဂတ်စတီက ဖြေသည်။

ဖခင်က ဩဂတ်စတီအား ရိုက်ရန် မသင့်ဟု ဆုံးဖြတ်သည်။ သို့သော် သူ့သားအား တနင်္ဂနွေနေ့တွင် ရိုက်ရန်မသင့်ဟု ဆုံးဖြတ်သည်။ မိခင်ကလည်း ဖခင်အား စိတ်ကို တတ်နိုင်သမျှ အေးအေးထားဖို့ ပြောသည်။ ဩဂတ်စတီကတော့ ကျောက်တုံးတစ်တုံးသဖွယ် မလှုပ်မယှက် ရပ်လျက်ရှိလေသည်။ ရုတ်တရက် ဖခင်သည် အခန်းထဲ၌ သူ့သမီးကြီး ကလိုတစ်လ်ဒီတစ်ယောက် မရှိခြင်းကို သတိထားမိသည်။ တကယ်တော့ တနင်္ဂနွေညစာသည် သူ့မိသားစု၏ ဘဝတွင် အလွန်အရေးပါသော အရာတစ်ခု ဖြစ်၏။ တနင်္ဂနွေညတွင် မိသားစုဝင် အားလုံး တစ်စုတစ်ဝေးတည်း ရှိရမည်ဟု သူ ခံယူထားသည် မဟုတ်ပါလော။ ချက်ချင်းပင် သူသည် အော်၍ မေးသည်။

"ကလိုတစ်လ်ဒီ ဘယ်ရောက်နေလဲ"

"သူဘယ်ရောက်နေတယ်ဆိုတာ ကျွန်မလည်းမသိဘူး" ဟု မာမာက ဖြေသည်။

"အိမ်မှာ ဘယ်တော့မှ မရှိတဲ့ သမီးတစ်ယောက်ရယ်၊ ပန်းချီဆရာ ဖြစ်ချင်နေတဲ့ သားတစ်ယောက်ရယ်။ သိပ်ကောင်းတယ်။ ပန်းချီဆွဲချင်သတဲ့။ ဟော့ . . . အခုလို အဓိပ္ပာယ်မရှိတဲ့ အလုပ်မျိုးအတွက် ငါ့မှာ ငွေမရှိဘူး။ သိလား။ တကယ်လို့ မင်း စာဖတ်တတ် ရေးတတ်တယ် ဆိုရင်တော့ မင့်ကို ပုလိပ်အဖွဲ့ထဲ အလုပ်သွင်း ပေးနိုင်တယ်။ အခုတော့ မင်းဟာက ..." သူသည် စကားကို ဆုံးအောင်မပြောဘဲ ပခုံးများကို တွန့်လိုက်လေသည်။

ဩဂတ်စတီသည် စားပွဲထိပ်၌ ထိုင်နေသော သူ့ပါပါကို ကြည့်နေသည်။ အိမ်နှင့် ဝေးရာသို့ ရောက်နေခဲ့သဖြင့် မိသားစု တစ်ခုလုံးကို သူလွမ်းဆွတ်ခဲ့ရ၏။ သူ့အပေါ် မျက်နှာသာမပေးသည့် ပါပါ့ကိုပင် သူ သတိတရ ဖြစ်ခဲ့ရသည်။ ယခုလည်း ပါပါသည် မိမိအား ဘယ်လိုအတတ်ပညာမျိုး သင်ပေးသင့်သည်ကို ဆွေးနွေးလျက် ရှိသည်။

mgyoe.com

mgyoe.com

ပါပါ့မျက်နှာသည် ယခင်ကနှင့် မတူသည်ကို သူ သတိထားမိနေသည်။ ပါပါ့မျက်နှာတွင် အရေးအကြောင်းများသည် ပို၍ များပြားကာ အိုစာကျလျက် ရှိ၏။ ပါပါသည် စိတ်တိုသည့်အခါ အသံရော အမူအရာပါ ကြမ်းတမ်းလာသည်ကိုလည်း သူကြားနေ မြင်နေရသည်။ မာမာ့မျက်လုံးအစုံသည် အရောင်အဆင်းကင်းမဲ့ကာ မှုန်မှိုင်းလျက်ရှိသည်။ မာမာသည် ဘာသာတရားတွင် များစွာ ကိုင်းရှိုင်းလာနေသည်။ မျက်နှာတွင်လည်း ကြေကွဲသော အရိပ်အငွေ့များ ယှက်သန်းနေသည်။

သူ့အစ်မ မာရီသည် ကျစ်လျစ်သွယ်လျသော ကိုယ်ခန္ဓာပိုင်ရှင် ဖြစ်သည်။ မာရီသည် နုနယ်လွန်းလှသည်ဟု ဩဂတ်စတီက ထင်သည်။ နီရဲရဲနှင့် ရွှေရောင်သန်းနေသော ဆံပင်များနှင့် ဖြူရော်ရော် ဖျော့တော့တော့ မျက်နှာကို ကြည့်ကာ သူ့အစ်မသည် အလယ်ခေတ်က ပေါ်ခဲ့ဖူးသည့် သူတော်စင်မကလေးတစ်ယောက်နှင့် တူလှသည်ဟုလည်း ဩဂတ်စတီ တွေးမိလေသည်။

သူမ မျက်နှာသည် ချိုအေးသော အသွင်ကို ဆောင်လျက်ရှိ၏။ စိတ်ရွှင်လန်းသည့်အခါများတွင် သူမ၏မျက်နှာသည် ကြည်လင်ဝင်းလက်လာတတ်၍ ထိုအခါမျိုးတွင် သူမ၏ အလှသည် ပီပြင်လာလေ့ရှိသည်။ သူမသည် အနက်ရောင် ဝတ်စုံကို အမြဲတစေ ဝတ်တတ်၍ သူမ၏ ဝတ်စားဆင်ယင်ပုံသည် သီလရှင်မလေး တစ်ယောက်နှင့် တူလှ၏။ သို့သော်လည်း ပါပါ၏ ပထမ အိမ်ထောင်မှ မွေးခဲ့သော သမီး ကလိုတစ်လ်ဒီမှာမူ အလွန် သွက်လက်ချက်ချာသော မိန်းမချောကလေး တစ်ယောက် ဖြစ်သည်။ အသားညိုညို၊ မျက်လုံးစိမ်းစိမ်း၊ ဆံပင်နက်နက်နှင့် ချစ်စရာကောင်းသည့် အလှပိုင်ရှင် ဖြစ်လေသည်။

မာမာနှင့် မာရီတို့ ညစာစားပွဲ၌ ဝင်ထိုင်မိသည့်အခါ ပါပါက ဩဂတ်စတီအား မြည်တွန်တောက်တီး လုပ်လာပြန်သည်။

"မင်းရထားတဲ့ အမှတ်တွေက တအားကို နည်းတာပဲ၊ မင်းမရှက်ဘူးလား"

"ကျွန်တော် ပုလိပ်အရာရှိ မလုပ်ချင်ဘူး" ဟု ဩဂတ်စတီက ပြောသည်။ "ကျွန်တော် ပန်းချီ ပန်းပု အနုပညာသင်တန်းကျောင်းပဲ တက်ချင်တယ်"

"သြော် . . . မွန်စီယာ ရီဒင်က ဘီးယော့စ် ပန်းချီ ပန်းပု အနုပညာသင် ကျောင်းကြီး တက်ချင်နေတယ်ပေါ့၊ ဟုတ်လား" ဟု ပါပါက ငေါ့သည်။

"မဟုတ်ပါဘူး ပါပါ။ အခြေခံပညာကို မရသေးခင်တော့ အဲဒီကို မသွားချင်သေးပါဘူး ပါပါ"

"သူ့ကို ပန်းချီကျောင်း အရင် ပို့သင့်တယ် ထင်တယ် ပါပါ" မာရီက

mgyoe.com

mgyoe.com


ဝင်ပြောသည်။

"မပို့ဘူး" ဟု ပါးစပ်ထဲတွင် နွားကလေးသားကြော်ကို အပြည့်ထည့်၍ ပလုတ်ပလောင်းဝါးနေသော ပါပါက ပြောသည်။

"ပါရီမြို့ပေါ်မှာ ပန်းချီဆရာတွေ ထောင်ပေါင်းများစွာ ရှိတယ်၊ ဒါပေမဲ့ သူတို့ထဲမှာ အခု တို့ စားနေတဲ့ အစားအစာမျိုးကို ဘယ်နှကောင် စားနိုင်မယ် ထင်သလဲ"

ထိုအခိုက်တွင် ကလိုတစ်လ်ဒီတစ်ယောက် အခန်းထဲသို့ ဝင်လာသည်။ ငှက်ကုလားအုပ်မွေးများဖြင့် တန်ဆာဆင်ထားသော ဦးထုပ်ကို ဆောင်းထားသဖြင့် သူမ၏ အလှသည် ဆွဲဆောင်မှုအပြည့်။

"အို . . . ညစာစားဖို့လာတာ မဟုတ်ဘူး"ဟု အမေက ကုလားထိုင် တစ်လုံး ဆွဲပေးလိုက်သည့်အခါ လှမ်းပြောသည်။ "ကျွန်မကို အပြင်မှာ ညစာ စားဖို့ ဖိတ်ထားတယ်"

"တနင်္ဂနွေနေ့တောင်မှ ဒီလိုပဲလုပ်ရသလား" ဟုပါပါက ဒေါသသံဖြင့် ပြောသည်။ "ဒီသူငယ်က ဘယ်သူလဲ၊ နင့်ကို ဒီလောက်ခမ်းနားတဲ့ မြင်းလှည်းနဲ့ အိမ်လိုက်ပို့ ပေးတယ်ပေါ့လေ။ ဟုတ်လား။ မြင်းလှည်းက ဟိုး လမ်းထောင့်က စောင့်နေတယ် မဟုတ်လား"

ကလိုတစ်လ်ဒီသည် ယခင့်ယခင်ကထက် ပို၍ လှလာသည်ဖြစ်ရာ သူမ အနေဖြင့် အပ်ချုပ်သမတစ်ယောက် မဖြစ်ချင်။ ဂျုံစက်ပိုင်ရှင်အဖြစ်ကိုပင် မလိုလား။ သူမအနေဖြင့် မာန်မာန ဝင့်ဝါလျက်ရှိ၏။

"သမီး ခြုံထည်ယူဖို့ ခဏပြန်လာတာ" ဟု ကလိုတစ်လ်ဒီက ပြန်ဖြေသည်။

"ထိုင်လေ . . . မာမာ့ကို စောင့်နေရအောင် မလုပ်နဲ့"ဟု ပါပါက ပြောသည်။

ဂတ်စတန်တော့ စောင့်နေတော့မှာပဲဟု ကလိုတစ်လ်ဒီက တွေးသည်။ ဂတ်စတန်သည် လူချမ်းသာတစ်ဦးဖြစ်၍ သူမအား အရူးအမူး စွဲလမ်းနေသူ ဖြစ်သည်။ သူမ၏ အလှကို ရွှေဘောင်ကွပ်ထားချင်သည်ဟု စောစောကပင် ပြောလိုက်သေးသည် မဟုတ်ပါလား။ သို့သော်လည်း တခြား ယောကျ်ားတွေက ရှိသေးသည်။ သူတို့ကလည်း မိမိအား ကတိတွေ အများကြီး ပေးထားကြသည်။ မည်သို့ပင်ဖြစ်စေ အများစုကတော့ ကတိမတည်ကြ။ သူမကတော့ ဘာလုပ် ရမည်ကို မသိ၊ ဘယ်သူ့ကို ရွေးရမှန်းလည်း မသိ။

"ကျွန်မရဲ့ သူငယ်ချင်းအတွက် ဘာလုပ်ရမလဲ" ဟု ကလိုတစ်လ်ဒီက မေးသည်။

mgyoe.com

mgyoe.com


"အိမ်ထဲကို ဝင်ဖို့ ဖိတ်လိုက်ပေါ့" ဟု ပါပါက ဖြေသည်။

သို့သော်လည်း ထိုကိစ္စမှာ လုံးဝမဖြစ်နိုင်ဟု ကလိုတစ်လ်ဒီ က တွေးသည် ဂတ်စတန်သည် မျိုးရိုးကောင်း မိသားစုမှ လာသူဖြစ်၏။ အကယ်၍ သူသည် ဤအိမ်ထဲသို့ ခြေချမိသွားပါက သူမအား ဘယ်တော့မှ နောက်ထပ်လာ တွေတော့မည် မဟုတ်။

"ဝမ်းနည်းပါတယ် ပါပါ" ဟု သူမကပြောသည်။ "သမီးတို့ ညစာထွက်စားဖို့ အစီအစဉ်တွေ လုပ်ထားပြီးပါပြီ"

"တို့အဆင့်က သူနဲ့ တွေ့ရလောက်အောင် မမြင့်လို့လား"

"သမီး အဲသလို မပြောပါဘူး ပါပါ"

"နှင့်ဦးထုပ်မှာ တပ်ထားတဲ့ ငှက်မွေးတွေကို မြင်တာနဲ့ ငါသိတယ်"

"သူက အဲဒီ ငှက်မွေးတွေကို သဘောကျတယ်"

"ငါကတော့ လုံးဝ မကြိုက်ဘူး" ဟုပြောကာ ပါပါက ငှက်မွေးများကို ဆွဲဖြုတ်ပစ်ရန် လက်လှမ်းလိုက်သည်။ ကလိုတစ်လ်ဒီက သူ့အဖေ၏လက်နှင့် လွတ်သွားအောင် တိမ်းရှောင်လိုက်ပြီး ခြံထည်ယူရန် ပြေးထွက်သွားသည်။

"နင် အခု ပြန်ထွက်သွားရင် အိမ်ကို ဘယ်တော့မှ ပြန်မလာနဲ့" ဟု ပါပါက လှမ်းအော်သည်။

"ဘာပြုလို့လဲ ပါပါရယ်" ဟုရေရွတ်ကာ သူမသည် ဆက်မပြေးတော့ဘဲ ရပ်နေသည်။

"နင်ဟာ ဝတ်ကောင်းစားလှ သိပ်ကြိုက်လွန်းတယ်၊ နင့်ဘဝဟာ စိန့်လာဇဲယား မိန်းမထောင်မှာ အဆုံးသတ်မှာ သေချာတယ်"

ကလိုတစ်လ်ဒီသည် ကြက်သေ, သေကာ ရပ်နေသည်။ ပါပါ တကယ် စိတ်ဆိုးနေပြီဟု နားလည်သွားသည်။

'အဲဒီထောင်ထဲမှာ ကာလသားရောဂါဖြစ်နေတဲ့ ပြည့်တန်ဆာမတွေနဲ့ ပြည့်နေတာ။ စိတ်ရောဂါသည်တွေကလည်း အများကြီးပဲ၊ ငါ့သမီးရဲ့ ဘဝကို အဲသလို နေရာမျိုးမှာ အဆုံးမသတ်စေချင်ဘူး"

ကလိုတစ်လ်ဒီ၏ မျက်နှာပေါ်မှ ထိတ်လန့်ကြောက်ရွံ့ခြင်း အရိပ်လက္ခဏာသည် ချက်ချင်း ပျောက်ကွယ်သွားပြီး မုန်းတီးစက်ဆုပ်သည့် အရိပ်အငွေ့များ ထင်ဟပ်လာသည်။ မာမာက မနေသာတော့သဖြင့် ဝင်ပြောသည်။

"သမီးက ငယ်သေးတော့ တစ်ဖွတ်ထိုး တဇောက်ကန်း လုပ်တတ်တယ်။ ဒါပေမဲ့ သူ့ကိုအိမ်က မောင်းထုတ်လိုက်တော့ ဘယ်ဖြစ်ပါ့မလဲ ယန်းရယ်"

mgyoe.com

mgyoe.com

"ဒီကောင်မ ငါ့ကို စော်ကားတယ်" ပါပါက ရေရွတ်သည်။ ဒီကောင်မကို ဘာကြောင့် မာမာက ကာကွယ်ပေးနေရတာလဲ။ သို့သော်လည်း အားလုံးက ယခုကိစ္စတွင် သူ့ကို ဆန့်ကျင်နေသည်ကို သူ သိနေသည်။ ပြီးတော့ သူ လုပ်လိုက်သည်မှာ ခြေလွန်လက်လွန် ဖြစ်သွားပြီဟု ယူဆသည်။

"ရှင် သူ့ကို ချစ်ရင် ခွင့်လွှတ်ရမှာပေါ့" ဟု မာမာက ပြောသည်။

ကလိုတစ်လ်ဒီသည် ခြံစောင်ယူရန်ထွက်သွားသည်။ ပါပါကတော့ ထိုအပြုအမူကို လက်မခံနိုင်။

"နင် အိမ်ကို လုံးဝပြန်မလာခဲ့နဲ့" ဟု ထပ်ပြောသည်။

မာမာကထပ်၍ တောင်းပန်ပြန်သည်။ ဤတစ်ကြိမ်တွင် မာရီကပါ ဝင်၍ တောင်းပန်သည်။ ထို့နောက် ဩဂတ်စတီ။ သူတို့က ပါပါ့အား တောင်းပန်နေခိုက်တွင် ကလိုတစ်လ်ဒီသည် အိမ်ရှေ့တံခါးဆီသို့ ပြေးသွားသည်။ အိမ်ရှေ့တံခါးနားအရောက်တွင် သူမ ရပ်လိုက်သည်။ ဤတစ်ဒင်္ဂအချိန်ကလေးတွင် သူမနှင့် ပါပါတို့သည် တစ်ယောက်ကတော့ အလျှော့ပေးလာလိမ့်မည်ဟု မျှော်လင့်နေကြသည်။ သို့သော်လည်း နှစ်ဦးစလုံး ဘယ်သူကမှ မလျှော့။ သူမ၏ မျက်နှာသည် ဖြူရော်ရော် ဖြစ်လာသည်။ ထို့နောက် တံခါးကို ဖွင့်၍ အပြင်သို့ ထွက်သွားသည်။ မာရီနှင့် မာမာတို့သည် တံခါးပေါက်သို့ ပြေးသွားကြသော်လည်း မမီလိုက်။ သူမသည် လမ်းထောင့်၌ ရပ်ထားသော မြင်းလှည်းဆီသို့ လျှောက်သွားရင်းနှင့် ဖြည်းဖြည်းချင်း ပျောက်သွားသည်။

"ယန်းရယ် ... ရှင်ဘယ်လိုလုပ်လိုက်တာလဲ" ဟုမာမာက အော်ပြောသည်။

"သူ့မှာ ငွေ မရှိတာ ရှင်သိရဲ့သားနဲ့"

ပါပါက စားပွဲကို လက်သီးနှင့် တအားကုန် ထုလိုက်သည်။ ဤကိစ္စနှင့် ပတ်သက်၍ သူ ဘယ်သူနှင့်မှ ဘာမှ ထပ်၍ပြောလိုသော ဆန္ဒမရှိဟု ပြောသည်။ ဩဂတ်စတီသည် တံခါးဝ၌ ရပ်နေသည်။ ပါပါက လှမ်းဟောက်သည်။

"ဟေ့ . . . ဩဂတ်စတီ။ မင်းမရူးစမ်းပါနဲ့၊ စားရာရှိတာ စား"

"ကျွန်တော် မဆာပါဘူး ပါပါ" ဟု ဩဂတ်စတီက ပြောသည်။ သည်လို ပြောလိုက်၍ ပါပါက သူ့ကိုပါ ကန်ထုတ်လေမလား။

ပါပါက ဩဂတ်စတီအား စူးစူးရဲရဲ ကြည့်သည်။ ကလိုတစ်လ်ဒီနှင့် ပတ်သက်၍ ဆိုးဝါးသွားသည့် အခြေအနေသည် လုံလောက်သွားပြီဟု သူ ထင်သည်။ သူ့အနေဖြင့် သူ့သားကိုတော့ ဘယ်နည်းနှင့်မျှ အဆုံးခံ၍ မဖြစ်။ ဤသားသည် သူ၏ တစ်ဦးတည်းသောသား ဖြစ်သည် မဟုတ်ပါလား။

mgyoe.com

mgyoe.com


မာရီက အေးအေးသာသာ ဝင်ပြောသည်။

"အခမဲ့ ပညာသင်ပေးတဲ့ ပန်းချီပညာသင် ကျောင်းတစ်ကျောင်းကို သမီး သိတယ်။ ပတ်တီတီအီကိုဒီဒက်စင် ကျောင်းလေ"

"အခန်းခနဲ့ အစားအသောက်ခတွေကကော" ဟု ပါပါကမေးသည်။

"အဲဒါက သမီးလုပ်လို့ ရပါတယ်" ဟု မာရီက ပြောသည်။ "ဘာသာရေး အထိမ်းအမှတ် တံဆိပ်တွေ ရောင်းရင်ရပါတယ်"

"အင်း. . .အင်း . . . ဒီလိုဆိုတော့လည်း ကောင်းတာပေါ့" ဟု ပါပါက ပြောသည်။ သူသည် အံ့အားသင့်နေသည်။ ယခုကိစ္စတွင် ဤတစ်ချက်သည် သူ လုံးဝ မျှော်လင့်မထားသော နေရာမှ ပေါ်ပေါက်လာသည့် တော်လှန်မှုတစ်ခု ဖြစ်နေသည်။ မာရီက ပြောသည်။

"ပတ်တီတီအီကို ကျောင်းက ပုံဆွဲဆရာတွေကို အဓိက လေ့ကျင့်ပေးတာ။ ဘာပဲဖြစ်ဖြစ် ပါပါရယ်၊ သူ့အနေနဲ့ အသက်မွေးဝမ်းကျောင်းပညာရပ် တစ်ခုတော့ သင်ရမှာပါ"

"ဒါတွေကို နင်က ဘယ်လိုလုပ်ပြီး သိလာတာလဲ" ဟု ပါပါက မေးသည်။

မာရီ့ မျက်နှာသည် နီရဲသွားသည်။

"သမီး အဲ ဒီကျောင်းမှာ ပညာသင်နေတဲ့ ဘာနေ့ဗင်ဆိုတဲ့ လူငယ် တစ်ယောက်နဲ့ တွေ့ဖူးတယ် ပါပါ" ဟုပြောသည်။

"သူ့ကို ဘာပြုလို့ အိမ်ကို မဖိတ်တာလဲ"

"သူက ပန်းချီဆရာ ပါပါရဲ့၊ ပါပါက ပန်းချီဆရာတွေကို သဘော မကျဘူး ဆိုတော့ . . ."

"နင် သူ့ကို ဖိတ်သာ ဖိတ်လိုက်၊ ငါ သူ့ကို အကဲခတ်ကြည့်မယ်လေ"

"သမီး သူ့အကြောင်း သိပ်မသိသေးပါဘူး ပါပါ" ဟု မာရီက ပြောသည်။

မာရီ၏ မျက်နှာသည် ရက်သွေးဝင်လျက် ရှိသည်။ ရှင်သန်တက်ကြွ လာနေသော စိတ်ကြောင့်ပေလားမသိ၊ သူမ၏ အလှသည် စောစောကထက် ပို၍ အသက်ဝင်လာလျက်ရှိသည်ကို ဩဂတ်စတီ သတိထားမိသည်။

"တကယ်လို့ ဩဂတ်စတီ အဲဒီကျောင်းက ဘွဲ့ရလာရင် ပုံထွင်းဆရာ တစ်ယောက်ဖြစ်ချင်လည်း ဖြစ်မယ်။ အိမ်ထောင်ပရိဘောဂ လုပ်တဲ့လက်သမား ဆရာတစ်ယောက် ဖြစ်ချင်လည်း ဖြစ်လာမယ်" ဟု မာရီက ဆက်ပြောနေသည်။

"ဩဂတ်စတီ ဆိုတဲ့ကောင်က ဘာဘွဲ့မှ ရမှာ မဟုတ်ဘူး" ဟု ပါပါက ဒေါသတကြီး တုံ့ပြန်သည်။

mgyoe.com

mgyoe.com

"ကြည့်ပါဦးဟယ်၊ ဩဂတ်စတီခများ သစ်ရွက်လေးတစ်ရွက်လိုပဲ၊ တုန်နေလိုက်တာ ... သနားစရာပါလား" ဟု မာမာက ပြောသည်။ "အခုလို အပြောခံရတာ ငါ့သား စိတ်ထိခိုက်သွားသလား" ဟု မေးသည်။ ဩဂတ်စတီက ခေါင်းညိတ်ပြသည်။

"ဩဂတ်စတီရဲ့ ကျောင်းစရိတ်အတွက် ငွေ ဘယ်လောက် ထောက်ပံ့စေချင်သလဲ ပါပါ" ဟုမာရီက မေးသည်။ " တစ်ပတ်ကို ဖရန့်ငွေ တစ်ဆယ်လောက် ဆိုရင် ဖြစ်မလား"

"ငါက လောဘကြီးနေတဲ့ ဘီလူးတစ်ကောင်မဟုတ်ဘူး နင် တတ်နိုင်သလောက်ပဲပေး ... ဒါပေမဲ့ သူ့ကို ပက်တီတီအီကို ကျောင်းက လက်ခံလိမ့်မယ်လို့ နင် ဘယ်လိုသိတာလဲ"

ဩဂတ်စတီသည် သူ့အစ်မ မာရီထံပြေးသွားပြီး နမ်းသည်။ ပြီးတော့ သူ့မာမာ။ မာမာက သူ့အား အပြုံးနှင့် ဆီးကြိုသည်။ သူသည် ပါပါ၏ ပါးကိုပါ နမ်းချင်ပါ၏။ သို့သော်လည်း ပါပါသည် အမြဲတစေ မကျေနပ်မှုများဖြင့် ပြည့်နေသူဖြစ်သဖြင့် ဘာမှ မပြုရဲ မပြောရဲ။

"သမီးတစ်ယောက်က မိန်းမပျက်၊ တစ်ယောက်က သူတော်စင်၊ သားတစ်ယောက်ကျတော့ . . . ငတုံး" ဟု ပါပါက ရေရွတ်သံသည်။

*

နောက် ရက်အနည်းငယ်မျှအကြာတွင် ဩဂတ်စတီအား ဘာနော်ဗင်က ပက်တီတီအီကို ကျောင်းသို့ ခေါ်သွားသည်။ အာနော်ဗင်မှာ အရပ်မြင့်မြင့် ပိန်ပိန်ရှည်ရှည် အသားဖြူဖြူ လူငယ်တစ်ဦးဖြစ်၏။ အသက်မှာ ဆယ့်ခုနစ်နှစ်မျှသာ ရှိသေးသည်။ သို့သော်လည်း အမြဲတစေ တက်ကြွနေသော ဘာနော်ဗင်သည် သူ၏ အတွေ့အကြုံ ဗဟုသုတများကို သူ့ထက်ငယ်သော ဩဂတ်စတီအား ဝေငှပေးလေသည်။

သူသည် ကျောင်းတွင် ဒုတိယနှစ် ကျောင်းသားဖြစ်သည်။ သူသည် ထိုခေတ် ထိုအခါက ခေတ်စားနေသည့် ဖက်ရှင်ကျကျ အဝတ်အစားများကို ဝတ်ဆင်ပြီး စတိုင်ကျကျ နေထိုင်သူဖြစ်၏။ အများ လုပ်လေ့လုပ်ထ ရှိသည့်အတိုင်း ဆေးတံကို ခဲကာ ဟန်ပါပါ နေထိုင်လေ့ရှိသူ ဖြစ်သည်။

ပက်တီတီကျောင်း၏ အနီးအနားတစ်ဝိုက်တွင် အခြား နာမည်ကြီး ကျောင်းများနှင့် ကောလိပ်များလည်း တည်ရှိကြသည်။ ဆေးပညာသင်ကျောင်း၊

mgyoe.com

mgyoe.com

ဆော်ဘွန်းတက္ကသိုလ်၊ ဘီးယော့စ် အနုပညာသင်ကျောင်းနှင့် နက္ခတ်တာရာ အဆောက်အဦ စသည်တို့ ဖြစ်ကြသည်။ ဘာနော်ဗင်က....

"ပက်တီတီအီကို ကျောင်းကို မဒမ် ဒီ ပွမ်ပါဒိုရဲ့ အချစ်တော် ပန်းချီဆရာ ဘာချီလီယာက ၁၇၆၅ ခုနှစ်ထဲမှာ တည်ထောင်သွားတာကွ ..."ဟု ဩဂတ်စတီအား ရှင်းပြသည်။ "စပြီး တည်ထောင်တုန်းကတော့ အိမ်တွင်း အဆောက်အဦတွေမှာ အလှအပ တန်ဆာဆင်တဲ့ ပန်းချီပညာသင်ကျောင်း အဖြစ်ပေါ့။ ဘီးယော့စ် ပန်းချီပန်းပု အနုပညာသင်ကျောင်းက ကျောင်းသားတွေကတော့ ပြောတယ်၊ သူတို့ကျောင်းကို ဝင်ခွင့်ရနိုင်တဲ့ အစွမ်းအစ တို့မှာ အလုံအလောက် မရှိဘူးတဲ့။ ဒါပေမဲ့ သူတို့ ငါ့ကို ကျောင်းဝင်ခွင့် မရအောင် ပိတ်ပင်မထားနိုင်ပါဘူး၊ မင်းကော ဘာလုပ်ချင်သလဲ၊ ပြော'

"ကျွန်တော် ပန်းချီဆရာ ဖြစ်ချင်တယ်၊ ပြီးတော့ သူတို့ကျောင်းက သင်ပေးတဲ့ ပညာတွေကို ရအောင်လည်း ကျွန်တော် ကြိုးစားကြည့်ချင်တယ်"ဟု ဩဂတ်စတီက ဖြေသည်။

သူတို့သည် ခုံးကြီးအောက်ရှိ ကြီးမားသော သံတံခါးကြီးများကို ဖြတ်၍ ကျောင်းတွင်းသို့ ဝင်ခဲ့ကြသည်။ ကျောင်းအဆောက်အဦကြီး၏ ဝင်ပေါက် အပေါ်ဘက်တွင် လက်တင်ဘာသာဖြင့် ရေးထွင်းထားသည့် စာလုံးနှစ်လုံးရှိသည်။ ဘာနော်ဗင်က စာလုံးများကို ဖတ်ကာ ဘာသာပြန်ပြသည်။

"လက်တွေ့ကျခြင်း၊ ကြံ့ခိုင်ခြင်း" လို့ အဓိပ္ပာယ်ရတယ်ကွ၊ ပြောထားတာ မခမ်းနားဘူးလား။

ဩဂတ်စတီက ခေါင်းညိတ်သည်။ ဘာနော်ဗင်က သူ့အား အလွန်ကြီးမားကျယ်ဝန်းသော ခန်းမကြီးထဲသို့ ခေါ်သွားသည်။ ပန်းချီ စတူဒီယိုကြီး တစ်ခုအဖြစ် အသွင်ပြောင်းထားသည့် ခန်းမကြီး ဖြစ်၏။ နံရံများကို ရုပ်ပုံကားများ ပုံကြမ်းများ၊ ပန်းချီကားများဖြင့် လှပနေအောင် တန်ဆာဆင်ထားသည်။ ပုံများမှာ နာမည်ကျော် ပန်းချီဆရာကြီးများ၏ လက်ရာများဖြစ်သည်။

ခန်းမကြီး၏ နောက်ဘက် စင်မြင့်ပေါ်ရှိ ပုံဆွဲစားပွဲခုံကြီး၏ နောက်ဘက်တွင် လူတစ်ယောက် ရပ်နေသည်။ ယင်းခုံများကို မျက်နှာပြုထားသည့် အရာမှာ ကိုယ်ဟန်ပြခုံ [ model throne ] ဖြစ်သည်။ ယင်းနှင့် မျက်နှာချင်းဆိုင်တွင် ကျောင်းသား လေးဆယ်ခန့်သည် ပန်းချီကားတင်ခုံ ကိုယ်စီဖြင့် ပန်းချီရေးဆွဲနေကြသည်။ ဩဂတ်စတီအဖို့တော့ ရင်သပ်ရှုမော အံ့ဩစရာ မြင်ကွင်းတစ်ခု ပေတည်း။

mgyoe.com

mgyoe.com


သူ့အား ဘာနော်ဗင်က စင်မြင့်ပေါ်မှ ဆရာ ဟိုရေ့စ် လီကွတ် ဒီ ဘွိုက်စ်ဘောဒရန်းနှင့် မိတ်ဆက်ပေးသည့်အခါ ဩဂတ်စတီ၏ နှလုံးသည် လျင်မြန်စွာ ခုန်လျက်ရှိ၏။ ဆရာဖြစ်သူမှာ အသားမည်းမည်း အသက် လေးဆယ်ကျော် ငါးဆယ်တွင်း အရွယ်။

"မင်းက ပန်းချီပန်းပု သုခုမပညာကို သင်ချင်တယ်ပေါ့၊ ဟုတ်လား"ဟု လီကွတ်က မေးသည်။

"ဟုတ်ကဲ့" ဟု ဩဂတ်စတီက ဖြေသည်။ သူ့ရင်ထဲတွင် အံ့ဩစိတ်ဝင်နေသည်။ ဆရာလီကွတ်အနေဖြင့် သူ့စိတ်ကူးကို ဘယ်လိုနည်းနှင့် သိနေတာပါလိမ့်။ သူသိထားရသည့်အတိုင်းဆိုပါက ဤကျောင်းမှ လေ့ကျင့်မွေးထုတ်ပေးနေသူများမှာ လက်မှုပညာသည်များသာလျှင် ဖြစ်သည် မဟုတ်ပါလား။

"မင်းကိုယ်မင်း ပန်းချီဆရာတစ်ယောက်ဖြစ်နိုင်တယ်လို့ ထင်နေတာဘာပြုလို့လဲ"

"ကျွန်တော် အသက် ငါးနှစ်သားကတည်းက ပစ္စည်းထုပ်တဲ့ စက္ကူတွေပေါ်မှာ ပုံဆွဲလာခဲ့တာပါ"

"ဩော် ... သနားစရာကောင်းတဲ့ သူငယ်လေးတစ်ယောက်ကို ထပ်တွေ့ရပြန်ပြီ၊ မင်းဘာပြုလို့ ချက်ချင်း ရောက်မလာတာလဲ"

"ကျွန်တော် ကျောင်းတက်နေရတယ်၊ လက်တင်ဘာသာနဲ့ ဂဏန်း သင်္ချာသင်နေရတယ်"

"မင်း အချိန်တွေကို ဖြုန်းပစ်နေရတယ် ဆိုပါတော့ ... ဟုတ်လား"

ဩဂတ်စတီက ကျေးဇူးတင်သည့် မျက်နှာထားဖြင့် လီကွတ်အား ကြည့်နေသည်။

လီကွတ်က သူ့အား ပြောသည်။ "ကျောင်းသား နှစ်မျိုးနှစ်စား ရှိတယ်။ တစ်မျိုးက စာရေး အမျိုးအစားပေါ့၊ သူက သဘာဝတရားထဲမှာ မျဉ်းဖြောင့်တွေ မရှိပေမဲ့ မျဉ်းဖြောင့်တွေချည်း ဆွဲချင်နေကြတဲ့လူမျိုး။ ဒီအမျိုးအစားက ဘဝထဲမှာ စည်းမျဉ်းစည်းကမ်းဆိုတာ မရှိပေမဲ့ စည်းမျဉ်းစည်းကမ်းအတိုင်း ပုံဆွဲချင်ကြတယ်။ သူတို့ဟာ ထုံးစံအတိုင်းပဲ အကောင်းဆုံးနဲ့ အထူးခြားဆုံးတွေကို အတုခိုးပြီး ဆွဲကြတယ်"

"နောက် ဒုတိယ အမျိုးအစားကတော့ အတော်ကလေး ရှားပါတယ်။ သူတို့ ဘယ်ကလာသလဲဆိုတာ ဘယ်တော့မှ မင်း မသိနိုင်တဲ့ အမျိုးအစားပဲ။ သူတို့က ရမ်းဘရန့်လို လူစားတွေပဲ။ သူတို့ရဲ့ ကိုယ်ပိုင်မျက်စိတွေနဲ့ ကြည့်ပြီး

mgyoe.com

mgyoe.com


သင်ယူသွားကြတာ"

ဩဂတ်စတီသည် စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။ သူ့အမြင်အာရုံက အတော်ဆိုးသည်။

"ကျွန်တော် ဘာဆက်လုပ်ရမလဲ" ဟု သူက မေးသည်။ "ကျွန်တော့်မှာ စနစ်တကျ လေ့ကျင့် သင်ကြားထားတာကလည်း ရှိတာ မဟုတ်ဘူး"

"အဲသလိုဆိုရင်တော့လည်း မင့်အဆင့်ကို မင့်ဘာသာ မင်းပဲ ရှာရမှာပဲ" လီကွတ်က စိတ်ဝင်စားမှု မရှိတော့သည့် လေသံဖြင့် ပြန်ပြောသည်။

"ကျွန်တော့် ပါပါက ကျွန်တော် ဒီကျောင်းကို လာတဲ့အတွက် အရူးလို့ ခေါ်ခဲ့တယ်။ ဒါပေမဲ့ ကျွန်တော် မလာလို့ မဖြစ်ဘူး။ ကျွန်တော် ပုံဆွဲတတ်တယ်။ ကျွန်တော်ပုံဆွဲတတ်တာကို ကျွန်တော် သိနေတယ်" ဟု ဩဂတ်စတီက ပြောသည်။

လီကွတ်က ပြုံးသည် သူပြုံးပုံကြောင့် သူငယ့်ဘက်က စိတ်ဆိုးသွားနိုင်စရာရှိသည်ဟု သူထင်၏။ ထို့ကြောင့်လည်း သူက "အေး... ကောင်းပြီ ရုပ်ပုံ တစ်ပုံဆွဲ" ဟု ခိုင်းသည်။

ဩဂတ်စတီသည် တစ်နေရာတွင် ဝင်ထိုင်ကာ အနက်ရောင်ခဲတံကို ကောက်ကိုင်လိုက်၏။ ဘာနော့ဗင်၏ မျက်နှာသည် ဩဂတ်စတီ၏ လက်ချောင်းများအောက်တွင် ထင်လာသည်။ လီကွတ်က သူ့အား ရုပ်ခိုင်းသည့်အခါ ဩဂတ်စတီက "ကျွန်တော်ဆွဲလို့ မပြီးသေးဘူး" ဟုပြောသည်။

'တော်ပြီ ... ဒီလောက်ဆို လုံလောက်ပြီ" ဟုပြောကာ လီကွတ်သည် ပုံကို ကြည့်သည်။ ထို့နောက် ဘာနော်ဗင်ဘက် လှည့်၍ "မင့် မိတ်ဆွေလေးက ဖြီးတာတော့ မဟုတ်ဘူးကွ" ဟု ပြောသည်။

ဘာနော်ဗင်သည် ဩဂတ်စတီ၏ ပုံကြမ်းကိုကြည့်၍ "ဖြစ်ကတတ် ဆန်းဆွဲထားတာပဲ" ဟုပြောသည်။

"ကျွန်တော် ဝမ်းနည်းပါတယ်" ဟု ဩဂတ်စတီက ပြောသည်။ "ကျွန်တော် ရုပ်ပြောင်တစ်ခု ဆွဲမယ်လို့ မရည်ရွယ်ခဲ့ပါဘူး"

"မင့်ပုံက ရုပ်ပြောင်ပုံ မဟုတ်ပါဘူးကွာ။ အင်း ... ဒါနဲ့ စောစောက ပြောတာ မင်းနာမည် ဘယ်သူ ..."

"ရိုဒင်၊ ဩဂတ်စတီ ရိုဒင်ပါ"

"မင်းမနက်ကျရင် ကျောင်းသားသစ်တွေရဲ့ အတန်းကို တက်တော့"

*

mgyoe.com

mgyoe.com

အတန်းသည် နံနက် ရှစ်နာရီတွင် စ၍ မွန်းတည့်ချိန်ကျမှ နားသည်။ ဩဂတ်စတီသည် ကျောင်းသားလေးဆယ်ထဲမှ တစ်ယောက်ဖြစ်၏။ လီကွတ်က ဩဂတ်စတီအား ပထမဦးစွာ မှတ်ဉာဏ်ထဲ၌ ပေါ်လာသည့် ပုံများကို ဆွဲရမည်ဟု ပြောပြသည်။

"ဒါဟာ အမြင်အာရုံကို လေ့ကျင့်တာပဲ" ဟုဆရာက ပြောပြသည်။ ဩဂတ်စတီသည် စာရွက်လွတ်ကို သူ့ရှေ့၌ချကာ စဉ်းစားလျက် ရှိသည်။ ဘယ်က စ၍ ဘာဆွဲရမည်ကို မသိ။ ဘာနော်ဗင်သည် ဘိုးချား၏ ပုံတစ်ပုံကို ပုံတူကူးဆွဲနေသည်။ ဘိုးချားသည် ဆယ့်ရှစ်ရာစုနှစ်များအတွင်းက ပန်းချီဆရာအများစုနှစ်သက်ခဲ့ကြသည့် အနုအယဉ် အမွမ်းအပြောက် အလှအပ တန်ဆာဆင်မှုများကို ရှေ့တန်းတင်၍ သရုပ်ဖော်ခဲ့သူဖြစ်သည်။ သူသည် မဒမ် ဒီ ပွန်ပါဒို၏ နည်းပြဆရာ ဖြစ်ခဲ့ဖူးသည်။ ဩဂတ်စတီသည် ဘာနော်ဗင် လုပ်ကိုင်နေပုံကို ကြည့်၍ ပုံတူ ကူးဆွဲရခြင်းသည် အလွန်လွယ်သည်ဟု တွေးနေမိလေ၏။

သူ့နောက်၌ ရပ်နေသော လီကွတ်က သူ့အား "မင်းသိဖူးခဲ့တာကို ဆွဲလေကွာ" ဟု ပြောကာ သူ့ဘေးနားတွင် မင်တံတစ်ချောင်း၊ အပျော့စားနှင့် အမာစားခဲတံများနှင့် မီးသွေးခဲတို့ကို ချပေးထားခဲ့ပြီး ထွက်သွားလေသည်။

ဩဂတ်စတီသည် မင်တံနှင့် ဆွဲရန် အားထုတ်သည်။ သို့သော်လည်း သူယခင်က ဆွဲနေကျဖြစ်သော အနက်ရောင်ခဲတံနှင့် မီးသွေးကို သုံးမှသာ လက်တွေ့သည်။ ထိုပစ္စည်း နှစ်မျိုးစလုံးသည် သူသုံးနေကျ ပစ္စည်းများ ဖြစ်သည် မဟုတ်ပါလား။ သူသည် ဦးခေါင်းပုံကို ရေးဆွဲသည်။ ဦးခေါင်းပုံသည် ပန်းပုရုပ်တစ်ရုပ်နှင့် တူသလိုလို ရှိနေသည်။

ဩဂတ်စတီသည် ပါပါ့ကို တွေးမိသည်။ ပက်တီတီအိကို ပန်းချီ ပန်းပုအနုပညာသင်ကျောင်းသို့ ပို့ရန် သဘောတူသလို မတူသလို ဖြစ်နေစဉ်က သူ့ ပါပါ၏ ရုပ်ပုံလွှာကို မြင်ယောင်နေသည်။ ပါပါ့နှုတ်ခမ်းများသည် မနှစ်သက်သည့် အရိပ်လက္ခဏာကို ဖော်ပြနေသည်။

လီကွတ် ပြန်ရောက်လာသည်။ "မင်း အဖေလားဟု မေးသည်"

"ဟုတ်ပါတယ်"

ပါပါ့ရုပ်ကို ကြည့်ရသည်မှာ အရုပ်ဆိုး အကျည်းတန်လှ၏။ သို့သော်လည်း ထိုပုံသည် ပါပါပင် ဖြစ်လေသည်။

"မွန်စီယာ ရိုဒင်၊ မင်းဟာ အကျင့်မကောင်းပါလား"ဟု လီကွတ်က ပြောသည်။

mgyoe.com

mgyoe.com

"ကျွန်တော့် ပါပါရဲ့ ရုပ်က ဒီအတိုင်းပဲ" ဟု ဩဂတ်စတီက ပြောသည်။

"မင်းဆိုလိုတာက မင့်အဖေကို မင်းမြင်တာ ဒီအတိုင်းပဲပေါ့၊ ဟုတ်လား"

"ကျွန်တော် စိတ်မကောင်းပါဘူး ဆရာ၊ ဒီပုံကို ဆရာ မကြိုက်ဘူးလား ဟင်၊ ဒါပေမဲ့လို့ ..."

"အေး ... ဒါပေမဲ့ မင်းမြင်တဲ့အတိုင်း ဆွဲထားတာမို့ ဒီပုံအတွက်တော့ မင်း စိတ်မကောင်း မဖြစ်ဘူး ဆိုပါတော့၊ ငါကတော့ မလိမ်မညာ မကွေ့ မကောက် အရှိကို အရှိအတိုင်း၊ ပြချင်တတ်တဲ့ မင်းရဲ့ သဘောထားကို ကြိုက်တယ်။ ပန်းချီပုံဟာ လှဖို့ မလိုဘူးကွ၊ အသက်ဝင်နေဖို့ပဲလိုတယ်"

*

ဘာနေ့ာ်ဗင်က လီကွတ်သည် 'အကယ်ဒမီအဖွဲ့ကြီး'အား ပြင်းပြင်းထန်ထန် မုန်းတီးနေသည်မှာ မှန်သော်လည်း ပါရီမြို့ပေါ်တွင် ပန်းချီပန်းပုပညာနှင့် ပတ်သက်၍ အကောင်းဆုံးဆရာတစ်ယောက် ဖြစ်သည်ဟု ပြောသည်။ ထိုခေတ်က ပြင်သစ်ပန်းချီသည် အစိုးရ၏ ကမကထပြုမှုနှင့် ကြီးကြပ်မှုအောက်တွင် ရှိခဲ့သည်။ ထို့ကြောင့်လည်း ပြင်သစ်ပန်းချီ လောကသည် အကယ်ဒမီအဖွဲ့ကြီး၏ ကြီးကြပ်မှုနှင့် လမ်းညွှန်မှုအောက်တွင်သာ ရှိခဲ့၏။ ယင်းအကယ်ဒမီ အဖွဲ့ကြီး၏ အမည်မှာ "the Ecole des Beaux Arts" ဖြစ်၍ ပန်းချီဆရာတစ်ဦး၏ လက်ရာကို ထိုအဖွဲ့ကြီးမှ ဖွဲ့စည်းပေးထားသည့် ပန်းချီ ပညာရှင်များ ပါဝင်သော ဂျူရီအဖွဲ့က စိစစ်ရွေးချယ်ပြီးခါမှ ပြပွဲတင်ခွင့် ရလေသည်။ လီကွတ်သည် သူ့ကျောင်းသားများအား ဤသို့ ပြောလေ့ရှိ၏။

"မင်းတို့ထဲက အများစုဟာ ဘီးယော့စ် ပန်းချီပန်းပု အနုပညာသင်ကျောင်း အတွက် ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားဖို့ ဒီကိုရောက်လာကြတယ် ဆိုတာ တို့သိပါတယ်။ မင်းတို့အနေနဲ့ မင်းတို့ရဲ့ လုပ်ဆောင်ချက်တွေကို အဖွဲ့ကြီးက လက်ခံလာအောင် ကြိုးစားမယ်။ အစိုးရဆီက ခွင့်ပြုချက်ယူပြီး မင်းတို့ ဆွဲထားတဲ့ ပန်းချီကားတွေထဲက စံချိန်မီမယ့် ကားတွေကို ရွေးထုတ်မယ်။ ပြီးတော့ အဖွဲ့ကြီး ဆီကို တင်ပြမယ်။ ပြီးရင် ပြပွဲကို တင်မယ်၊ အဲဒါပါပဲ။ မင်းတို့ အိပ်မက်ဟာ အဲဒါက လွဲပြီး ဘာမှ မဖြစ်နိုင်ပါဘူး။"

"ဒါပေမဲ့ အဲဒီတစ်ချက် ရပြီးတဲ့ နောက်ပိုင်းမှာ မင်းတို့အတွက် ဆက်ပြီး စိတ်ကူးယဉ်နိုင်မယ့် အိပ်မက်ဟာ မရှိတော့ဘူး။ ဒါကြောင့် မင်းတို့ရဲ့ ဘဝဆက်ပြီး ရှင်သန်နိုင်ဖို့ ဆိုတာလည်းပဲ မဖြစ်နိုင်တော့ဘူးလို့ ငါထင်တယ်"

mgyoe.com

mgyoe.com

ထိုစကားများသည် ဘီးယော့စ် အဖွဲ့ကြီးထဲသို့ ဝင်ရောက်ရေး ဟူသော ဩဂတ်စတီ၏ ဆုံးဖြတ်ချက်ကို ပျက်ပြယ်အောင် လုပ်နိုင်စွမ်း မရှိခဲ့ချေ။ သို့သော်လည်း ဩဂတ်စတီသည် လီကွတ်အား ထူးခြားသော ပုဂ္ဂိုလ်တစ်ဦးအဖြစ် တွေးထင်ထားဆဲပင် ဖြစ်သည်။ အကယ်၍ သူ့အနေဖြင့် လီကွတ်အား လုံးဝ ဂရုမစိုက်ဘဲ နေခဲ့သည်ရှိသော် အလွန်အရေးပါသော အရာတစ်ခုကို လျစ်လျူရှုရာ ရောက်လိမ့်မည်ဟုလည်း ခံစားနေရဆဲပင် ဖြစ်လေသည်။

လီကွတ်ကတော့ သူတို့အား သူတို့ မြင်ခဲ့သမျှ အရာအားလုံးတွင် နစ်ဝင်သွားနေစေရမည်ဟု လည်းကောင်း သို့မှသာလျှင် ထိုပုံကို မှတ်ဉာဏ်ထဲမှ ပြန်လည်ရယူပြီး ရေးဆွဲနိုင်လိမ့်မည်ဟု လည်းကောင်း၊ အမြဲတစေ တိုက်တွန်းလေ့ ရှိသည်။ ထို့ပြင်လည်း သူသည် ပုံရေးဆွဲမှု အတတ်ပညာနှင့် ပတ်သက်၍ နည်းအမျိုးမျိုးကို သင်ကြားပြသပေးသည်။

တစ်ရက်တွင် သူက "တို့အနေနဲ့ လူ့ခန္ဓာကိုယ်ရဲ့ ဂုဏ်သိက္ခာနဲ့ ဆက်စပ်ယှက်နွယ်ပေါင်းစည်းမှုတွေကို လေးစားကြရမယ်"ဟု ပြောသည်။ ဩဂတ်စတီသည် လူ့ရုပ်လွှာကို အပီအပြင် ရေးဆွဲနိုင်ဖို့ ကြိုးစားသည်။ သူသည် ရှေးဦးစွာ လူ့ခန္ဓာကိုယ်၏ ရင်ပိုင်းကို ပုံကြမ်း ရေးဆွဲသည်။ ထို့နောက် ခြေထောက်များ၊ လက်များနှင့် ဦးခေါင်း ... လီကွတ်သည် သူ့နောက်မှ ရပ်၍ ကြည့်နေရာမှ "အပြီးသတ်လိုက်လေကွာ" ဟုပြောသည်။

"ကျွန်တော် ခန္ဓာဗေဒအကြောင်းကို သိပ်ပြီး မသိသေးဘူး"ဟု ဩဂတ်စတီက ပြောသည်။

"မင်းခန္ဓာကိုယ် အကြောင်းကို မင်းသိတယ် မဟုတ်လား"

"ဒါပေမဲ့ ကျွန်တော် အဲဒါကို မှတ်ဉာဏ်ထဲက ယူပြီး မဆွဲတတ်ဘူး"

"ဒါဆိုရင်တော့ မင်း မျဉ်းဖြောင့်တွေချည်း ဆွဲနေရမယ့် ပုံဆွဲဆရာပဲ လုပ်သင့်တယ်"

"ကျွန်တော် ဘယ်တော့မှ ပုံဆွဲဆရာ မလုပ်ဘူး"

ပြောပြောဆိုဆို ဩဂတ်စတီသည် ထိုင်နေရာမှ ဖြုန်းခနဲ ထရပ်လိုက်သည်။ အရှိန်က ပြင်းသဖြင့် ခုံပေါ်၌ တင်ထားသော ပုံဆွဲကတ်ပြားကို တိုက်မိသည်။ ကတ်ပြားသည် အောက်သို့ လွင့်ကျသွားလေ၏။

စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်လျက်ရှိသော လီကွတ်သည် စိတ်မဝင်စားသည့် မျက်နှာထားဖြင့် ဩဂတ်စတီအား ကြည့်နေသည်။ သူငယ်၏ မျက်လုံးအစုံတွင် မျက်ရည်များ ပြည့်နေသည်ကို မြင်သောအခါ စိတ်မကောင်း ဖြစ်သွား

mgyoe.com

mgyoe.com

သည်။ ဩဂုတ်စတီတွင် ပုံဆွဲနိုင်စွမ်းရှိသည်ကို သိမြင်နေသော လီကွတ်က "မင်း ညပိုင်း လက်တွေ့သင်တန်းကို လာတက်ပြီး ကိုယ်ဟန်ပြတစ်ယောက်ကို ကြည့်ဆွဲလှည့်" ဟုပြောလေသည်။

ည သင်တန်းသည် သင်တန်းသားများဖြင့် ပြည့်ကျပ်နေသည်။ ထိုညက အမျိုးသမီး ကိုယ်ဟန်ပြမယ်သည် ကိုယ်လုံးတီး ပြပေးသည်။ ကျောင်းသားများမှာ အသက်ကြီးသူတွေ များ၏။ ပို၍လွတ်လပ်ပြီး ပို၍ဆူဆူညံညံ ရှိလွန်းလှသော အုပ်စုများ ဖြစ်သည်။ အများစုသည် ဆယ့်ရှစ်နှစ်ရွယ်များဖြစ်၍ အချို့မှာ အသက်နှစ်ဆယ်တွင်းဝင်စ အရွယ်များ ဖြစ်သည်။ သူတို့သည် နေ့ခင်းဘက်တွင် လက်မှုပညာဖြင့် အသက်မွေးနေကြသူများဖြစ်၍ ညပိုင်းကျမှ ပန်းချီပညာကို လာရောက်သင်ကြားကြသူများ ဖြစ်၏။ အသက် ဆယ့်ငါးနှစ်တွင်း ဝင်စဖြစ်သော ဩဂုတ်စတီမှာ ထိုအုပ်စုတွင်း၌ သူ့စိတ်သူ မလုံမလဲ ဖြစ်လျက် ရှိလေသည်။

ဟန်ပြမယ်အား ဝိုင်း၍ ထိုင်နေကြခြင်းဖြစ်သည်။ ဩဂုတ်စတီမှာ နောက်ဆုံးတန်းတွင် ဖြစ်၍ ကိုယ်ဟန်ပြမယ်၏ ကျောပိုင်းကိုသာ မြင်ရသည်။ ဩဂုတ်စတီသည် စိတ်လှုပ်ရှားကာ ရင်တဖိုဖို ဖြစ်လျက်ရှိ၏။ သူသည် အဝတ်မပါသော ကိုယ်လုံးတီး အမျိုးသမီးတစ်ယောက်အား ကြည့်နေရ၏။ သူ့အဖြစ်သည် တကယ်မှ ဟုတ်ပါလေစ။ ပါပါသာ သိရမြင်ရလျှင် ထိတ်လန့်တကြား ဖြစ်လိမ့်မည်။ မာမာ မြင်ရလျှင်လည်း မယ်တော်မာရီကို တလိမ့်မည်မှာ သေချာလျက်ရှိပေ၏။

မည်သို့ပင်ဖြစ်စေ အားလုံးကတော့ သူ့လို မဖြစ်ကြ။ ဤကိစ္စကို သာမန်တွေ့မြင်နေကျ တစ်ခုသဖွယ် သဘောထားကြသည်။ လီကွတ်သည် ကိုယ်ဟန်ပြမယ်၏ ခန္ဓာကိုယ်အား ညွှန်ပြကာ ကိုယ်အင်္ဂါ အစိတ်အပိုင်း တစ်ခုချင်းစီအကြောင်း ဆွေးနွေးပြောဆိုလျက်ရှိ၏။ သူ ပြောဆိုနေပုံသည် ခန္ဓာဗေဒဘာသာရပ်ကို ပို့ချပေးနေသည်နှင့် တူလှချေသည်။

"ဒီကိုယ်ဟန်ပြမယ်က ဟိုလမ်း တစ်ဖက်မှာ ရှိနေတဲ့ ဟိုတယ်က အလုပ်သမကွ" ဟု ဘာနော်ဇင်က ဩဂုတ်စတီအား ပြောသည်။ "ဆရာလီကွတ်က အသားဆူဖြိုးတဲ့ အခုလို ဝဝတုတ်တုတ် ကိုယ်ဟန်ပြမယ်တွေကို သဘောကျတယ်"

ကိုယ်ဟန်ပြမယ်သည် အလွန် အသားဆူဖြိုးသည့် မိန်းမတစ်ယောက်ပါလားဟု မတွေးဘဲ မနေနိုင်။ သူကိုယ်တိုင် အနားသို့ တိုးသွားပြီး ကြည့်လိုက်မိသည့်အခါ သူ့ရင်သည် တဒိန်းဒိန်း ခုန်နေသည်။

"ဒါဟာ စံပြုလောက်တဲ့ အမျိုးသမီး ခန္ဓာကိုယ်တစ်ခုပဲ။ မင်းတို့ရဲ့

mgyoe.com

mgyoe.com


အမြင်အာရုံနဲ့ အသက်သွင်းပြီး ကြည့်ကြပေတော့။ သူမရဲ့ တင်ပါးနဲ့ ပေါင်တံက စကြည့်"

ဩဂတ်စတီသည် လီကွတ် ခိုင်းသည့် အတိုင်းကြည့်သည်။ ပန်းချီကားများထဲ၌ သူ မြင်ခဲ့ရသမျှ ကိုယ်လုံးတီးမယ်များသည် စိတ်ကြည်နူးဖွယ် ကောင်းသည်။ မက်မောစဖွယ် စိတ်ကူးယဉ်ဖွယ် ကောင်းသည်။ သို့သော်လည်း ဤကိုယ်ဟန်ပြမယ်မှာ အသက် လေးဆယ်ကျော် ငါးဆယ်တွင်း အရွယ် ရှိနေပြီ ဖြစ်ရုံမျှမက ရုပ်ရည်ကလည်း မလှ။ မည်သို့ပင် ဆိုရစေကာမူ ဩဂတ်စတီ အဖို့တော့ နောက်မှ မြင်နေရသည့် ကောက်ကြောင်းပုံသည် ဆွဲဆောင်မှု ရှိနေသည်။

ထို့နောက် ကိုယ်ဟန်ပြမယ်သည် ချာခနဲ လှည့်ကာ နေရာပြင်ထိုင်လိုက်သည်။ ကျောင်းသားများ အနေဖြင့် သူမအား ထောင့်အသီးသီးမှ ရှုမြင်လေ့လာကြသည်။ လီကွတ်ကမူ ကိုယ်ဟန်ပြမယ် တစ်ယောက်သည် လွတ်လပ်စွာ လှုပ်ရှားခွင့် ရှိသည်ဟု ယုံကြည်သည်။ ယင်းကဲ့သို့ လှုပ်ရှားနိုင်ပါမှလည်း လှုပ်ရှားမှုနှင့် သဘာဝကျမှုများကို ပို၍ ပီပြင်အောင် အသက်ဝင်အောင် ဖန်တီးနိုင်စွမ်း ရှိလာမည်ဟု ယူဆသည်။

ကိုယ်ဟန်ပြမယ်၏ ရင်သားများသည် အိတွဲကျနေသည်။ သူမ၏ ဗိုက်သည် မသိမသာ စူထွက်နေသည်။ သူမ၏ တင်ပါးများသည် တောင့်တင်းလှ၏။ ဩဂတ်စတီ တွေးမိသည့်အတိုင်းဆိုလျှင် အမျိုးသမီးတစ်ယောက်၏ ရုပ်ပုံလွှာသည် ဤပုံမျိုးဖြစ်ပါက စိတ်ပျက်ဖွယ်ကောင်းလှသည်ဟု ထင်သည်။ သို့သော်လည်း သူသည် သတိထား၍ ကိုယ်ဟန်ပြမယ်၏ ပုံကို ရေးဆွဲသည်။ သူ့ပုံကိုကြည့်နေသော လီကွတ်က "မှန်အောင် ပြင်ပေးဦး၊ ပုံက အသက်မပါဘူး"ဟု ပြောသည်။

"ကျွန်တော် မြင်တဲ့အတိုင်း ဆွဲနေတာပါ"

"မင်းက ထင်တာကိုး၊ မင်းရဲ့အမြင်က မပြည့်စုံ မလုံလောက်သေးဘူး"ဟု လီကွတ်က ပြောသည်။ သူသည် ဤသူငယ်အား သဘောကျနေမိပြီ။ "မင့်ပုံကို ဆက်ဆွဲပါ ရှိဒင်၊ မင့်မျက်စိတွေကို အသုံးပြုပါ"

ဩဂတ်စတီကတော့ ကိုယ်ဟန်ပြမယ်နှင့် အလှမ်းဝေးသွားသည့်အခါတိုင်း သူမ၏ ခန္ဓာကိုယ်သည် သူ့မျက်လုံးများထဲတွင် ဝါး ဝါး သွားနေသည့် အဖြစ်ကို လီကွတ်အား ပြောပြချင်နေမိသည်။ သို့သော်လည်း သူ ပြောချင်နေသည့် စကားကို ပြောခွင့် မရလိုက်။ သူ့ဆရာက ကိုယ်ဟန်ပြမယ်အား နားခွင့် ပေးလိုက်ပြီ။ ကိုယ်ဟန်ပြမယ်သည် သူမ၏ ပခုံးထက်၌ ခြုံထည်ကို တင်၍ ခြုံထားသည်။

mgyoe.com

mgyoe.com


နားနေစဉ်အတွင်း ဘာနော်ဗင်သည် ဩဂတ်စတီအား သူ့မိတ်ဆွေ ကျောင်းသားတစ်စုနှင့် မိတ်ဆက်ပေးသည်။ ဟင်နရီ ဖန်တင်လာတိုးသည် ဩဂတ်စတီထက် အသက် လေးနှစ်မျှ ကြီးသည်။ နှုတ်ခမ်းမွေးနှင့် မုတ်ဆိတ်မွေးများ ရှိ၍ ဆံပင်မှာ နီရဲရဲ။ သူ့တို့အုပ်စုထဲတွင် စကား အများဆုံးပြောသူလည်း ဖြစ်သည်။ သူသည် ပန်းချီဆရာနှင့် အတူဆုံးသော လူငယ်ဖြစ်၏။

ဒုတိယလူငယ် အယ်လ်ဖုန်စီ လက်ဂရော့စ်သည် အထွင်းပန်းချီဆရာ တစ်ယောက်ဖြစ်လိုသူ ဖြစ်သည်။ သူသည် အသားညိုညို အရပ်ပုပုနှင့် စိတ်ဓာတ် ပြင်းထန်သူ ဖြစ်သည်။ ပန်းပုအတတ်ပညာသင် ကျောင်းသားမှာ ဂျူလီစ် ဒါလော ဖြစ်သည်။ သူသည် မျက်နှာသွယ်သွယ်နှင့် ခပ်တင်းတင်း မျက်နှာထားရှိ၍ စကားပြောလျှင် ဟောဟောဒိုင်းဒိုင်း ပြောတတ်သူ ဖြစ်လေသည်။

သူတို့အုပ်စုထဲတွင် အက်ဒ်ဂါ ဒေဂါးသည် အားလုံးအပေါ်၌ ဩဇာ ညောင်းသူဖြစ်၏။ သူပြောလျှင် အားလုံး နားထောင်ကြသည်။ အသက် နှစ်ဆယ့် တစ်နှစ်မျှသာ ရှိသေးသော ဒေဂါးသည် မျက်နှာရှည်ရှည် ပိန်သွယ်သွယ်ဖြစ်၍ စူးစမ်းသော မျက်လုံးအစုံပိုင်ရှင် ဖြစ်၏။

"အခုလို ကိုယ်ဟန်ပြမယ် ဝဝပြဲပြဲကြီးကို မြင်ရတော့ ကျွန်တော်ဖြင့် ပို့ချင်အန်ချင်တောင် ဖြစ်တယ်ဗျာ" ဟု ဘာနော်ဗင်က ရေရွတ်သည်။

"ကိုယ်ဟန်ပြမယ်ကို ကြည့်ပြီး ပုံဆွဲရတဲ့အလုပ်ဟာ သက်သက်မဲ့ အချိန်ဖြုန်းတာပဲဗျ" ဟု ဖန်တင်လာတိုးက ပြောသည်။ "ကျွန်တော်တို့ အနေနဲ့ ဒါလုပ်နေကြမယ့်အစား လုဗ် ပန်းချီပြတိုက်သွားပြီး ပုံတူကူးဆွဲနေတာတို့ မှတ်ဉာဏ်ထဲက ပုံတွေကို ဆွဲနေတာတို့ အဲဒါတွေကိုပဲ လုပ်နေသင့်တာ"

ဒေဂါးက ကြားဖြတ်ပြောသည်။

"မှတ်ဉာဏ်ထဲကဟာကိုလည်း ဆွဲ၊ သဘာဝထဲကဟာကိုလည်း ဆွဲ၊ ဘယ်ကဟာပဲဖြစ်ဖြစ် ဆွဲ၊ အရေးကြီးတာက အမြဲဆွဲနေဖို့ပဲ။ သီအိုရီဆိုတာက အစုတ်အပြတ်တွေ၊ တေလေကြမ်းပိုးတွေ အတွက်ပဲ"

"ကျွန်တော်တို့ မိတ်ဆွေ ဒေဂါးက အဲဒီသဘောတရားတွေကို အင်းဂရက်စ် ဆီက သင်ကြားထားတာ။သူက အင်းဂရက်စ်ရဲ့ တပည့်ကြီးပဲ" ဟု ဖန်တင်က ပြောသည်။

"ကျွန်တော် ဘယ်သူ့ တပည့်မှ မဟုတ်ဘူး"ဟု ဒေဂါးက သဟောက်သဟ ပြုသည်။ "ကျွန်တော် အရူးတစ်ယောက်လည်း မဟုတ်ဘူး"

"ကျွန်တော်ကကော အရူးလား" ဟု ဖန်တင်က မေးသည်။

mgyoe.com

mgyoe.com


ဩဂုတ်စတီက သူတို့ချင်း ထိုးကြ ကြိတ်ကြတော့မည်ဟု ထင်နေသည်။

ဒေဂါးက ပခုံးများ တွန့်လိုက်သည်ကို မြင်ရ၏။ ဖန်တင်က လက်ဂရော့စ်နှင့် အပြင်းအထန် ငြင်းခုံလျက်ရှိသည်။ ဩဂုတ်စတီသည် အခြေအနေမှန်ကို ရိပ်စားနားလည်လာသည်။ သူတို့လူစုသည် အငြင်းအခုံလုပ်ခြင်း အပေါ်၌ သာယာနေကြခြင်းသာ ဖြစ်၏။ သူတို့သည် လက်ရှိတည်မြဲနေသော ပန်းချီလောကမှ အရာရာတိုင်းကို ဆန့်ကျင်နေကြခြင်း ဖြစ်၏။ တကယ်တော့ သူတို့သည် သူတို့၏ ဆရာ လီကွတ်တစ်ယောက်မှ လွဲ၍ အရာရာတိုင်းကို ဆန့်ကျင်နေကြသူများ ဖြစ်လေသည်။

နားချိန်ပြီး၍ နောက်ထပ်တစ်ဖန် ပုံပြန်ဆွဲကြသည့် အခါတွင်လည်း ဩဂုတ်စတီသည် စောစောကလိုပင် နောက်ဆုံးနေရာ၌ ရောက်နေရပြန်၏။ နောက်ဆုံးတွင် သူသည် ကိုယ်ဟန်ပြမယ် အနီးသို့ ရောက်သွားသည်။ သို့သော်လည်း ထိုအချိန်တွင် အတန်းချိန်သည် ပြည့်သွားခဲ့လေပြီ။ လီကွတ်က သူ့အား လှမ်းပြောသည်။

"အိမ်ကျမှပဲ ပုံကို အပြီးသတ်ပေါ့ကွာ"

ထိုနေ့ညပိုင်းတွင် သူသည် အိပ်ရာဝင်ချိန် ရောက်နေပြီဖြစ်သော်လည်း မအိပ်နိုင်။ မီးဖိုခန်းထဲမှ စားပွဲတွင် ထိုင်ကာ ဆွဲလက်စပုံကို အပြီးသတ်နေသည်။ ထိုအခိုက်တွင် သူ့နောက်မှ လူသံကြား၍ ကြည့်လိုက်မိ၏။ နောက်မှ ရပ်၍ သူဆွဲနေသော ပုံကိုကြည့်နေသူမှာ သူ့ ပါပါ ဖြစ်လေသည်။

"အဲဒါ ဘာပုံလဲကွ"

"အမျိုးသမီး တစ်ယောက်ရဲ့ ခန္ဓာကိုယ်ပုံပါ။ ကျောင်းအတွက် ဆွဲရတာပါ"

ဩဂုတ်စတီက ပန်းချီသင်သော ကျောင်းသားတစ်ယောက်သည် ပန်းချီပညာကို သင်ယူရာ၌ ယခုလို ပုံစံမျိုးဖြင့် လေ့ကျင့်သင်ကြားရသည်ဟု သူ့ အဖေ နားလည်အောင် ရှင်းပြဖို့ ကြိုးစားသည်။

"ကိုယ်တုံးလုံးပုံကြီးပါလားကွ ဟေ ..." ဟု ပါပါက ရေရွတ်သည်။ "ငါ့မှာ ဒီလိုသားမျိုး မွေးလာတာ ဟုတ်မှ ဟုတ်ရဲ့လား၊ ကြက်ဥနဲ့ ပေါင်မုန့်ဈေး တွေက တအား တက်နေတယ်၊ မင်းက မိန်းမ ကိုယ်လုံးတီးပုံတွေ ဆွဲနေတယ်၊ ကောင်းကွာ"

ပါပါ၏ အော်ကြီးဟစ်ကျယ် မြည်တွန်တောက်တီးသံများကြောင့် မာမာနှင့် မာရီတို့သည် ညဝတ်အင်္ကျီများ ကိုယ်စီနှင့် မီးဖိုခန်းထဲ ရောက်လာကြ သည်။ ပါပါသည် အကျဉ်းအကျပ်ဖြစ်လျက် ရှိ၏။ မိန်းမ ကိုယ်လုံးတီးပုံ ကိစ္စသည် ဇနီးနှင့် သမီးရှေ့၌ ပြောသင့်သည့် ကိစ္စမဟုတ်။

mgyoe.com

mgyoe.com


"ဒီအကောင် နင့်ငွေကို အလဟဿဖြစ်အောင် ဖြုန်းတီးပစ်နေတာ မာရီ"ဟု ပါပါက ပြောပြီး ဩဂတ်စတီ ဆွဲထားသည့်ပုံကို ယူရန် အားထုတ်သည်။

သို့သော်လည်း ဩဂတ်စတီက ပန်းချီပုံကို သူ့ရှပ်အင်္ကျီထဲသို့ ထိုးထည့်လိုက်လေသည်။

"ဩဂတ်စတီ၊ နင် ဆွဲထားတဲ့ပုံကို ငါ မကြည့်ရဘူးလား" ဟု မာရီက မေးသည်။

"ဆွဲလို့ မပြီးသေးဘူး။ ပုံက ..."

"ငါ ကလေးမဟုတ်ဘူး ဩဂတ်စတီ" ဟု မာရီက ပြောသည်။

သို့သော်လည်း ပါပါက မျက်မှောင်ကုတ်၍ ကြည့်နေသဖြင့် မာမာ အနေရခက်နေသည်။ "သိပ်နောက်ကျနေပြီ၊ အားလုံး အိပ်ရာဝင်ကြဖို့ သင့်ပြီ" ဟု ဝင်ပြောသည်။ အားလုံး ကိုယ့်အခန်းကိုယ် ပြန်ဝင်သွားကြလေ၏။

ဩဂတ်စတီသည် အိပ်မပျော်သေး။ သူ့အဖေ၏ ဟောက်သံကို နားစွင့်နေသည်။ ဟောက်သံကြားသည့်နှင့် တစ်ပြိုင်နက် အိပ်ရာမှထ၍ ဖယောင်းတိုင် တစ်တိုင် ထွန်းသည်။ ထို့နောက် သူ၏ မပြီးသေးသော ပန်းချီကားကို လက်စသတ်နေသည်။ သူသည် မပြီးပြတ်သေးသည့် လည်ပင်းနှင့် ပခုံးများကို အပြီးသတ်ဆွဲသည်။ ထို့နောက် လက်မောင်းများကို စကိုင်သည်။ ဤအခိုက်မှာပင် "ရှူး ... ရှူး" ဟူသော အသံ ကြားလိုက်ရပြီး သူ့ဘေးနားသို့ သူ့အစ်မ မာရီ လာရပ်သည်ကို တွေ့လိုက်ရ၏။ "ပုံက အတော့်ကို အသက်ဝင်တယ်" ဟု သူ့အစ်မက ပြောသည်။ "သူက ဘယ်သူလဲ"

"အတန်းထဲ လာပြတဲ့ ကိုယ်ဟန်ပြမယ်တစ်ယောက်ရဲ့ ပုံ"

"နင့် အတန်းထဲမှာ ဘာနော်ဗင်ကော ရှိလား"

"ရှိတယ်၊ ဒီမယ် ... မာရီ၊ နင် ဘာနော်ဗင်ကို သဘောကျသလား"

မာရီက ပြုံးသည်။ "သူကကော ငါ့ကို သဘောကျတယ်လို့ နင် ထင်သလား"

"သူက ပန်းချီကို ချစ်နေပြီ။ တို့အားလုံးက ချစ်နေကြတာ အစ်မရဲ့"ဟု ဩဂတ်စတီက ဂုဏ်ယူဝင့်ကြွားသည့် မျက်နှာထား လေသံတို့ဖြင့် ပြောသည်။

*

ကျောင်းသည် ဩဂတ်စတီအတွက် နေ့စဉ် ပုံမှန်လုပ်နေရသည့် အလုပ် တစ်ခု ဖြစ်လာသည်။ မနက်ခင်းများတွင် သူသည် ပက်တီတီအိကို ကျောင်း၌

mgyoe.com

mgyoe.com

အချိန်ကုန်သည်။ မွန်းလွဲပိုင်းများတွင် ဩဂတ်စတီ အပါအဝင် ကျောင်းသား အားလုံးသည် လုဗ် ပန်းချီပြတိုက်သို့ သွားကာ အကျော်အမော် ပန်းချီဆရာ ကြီးများ၏ လက်ရာများကို လေ့လာကြသည်။ ပုံတူကူးဆွဲကြသည်။ ထို့နောက် သီတင်းတစ်ပတ်လျှင် နှစ်ညမျှ သက်ရှိဘဝ လေ့လာရေးသင်တန်း တက်ရ၏။

ဩဂတ်စတီအဖို့ လုဗ် ပြတိုက်သည် ဆွဲဆောင်မှုအများဆုံးနှင့် အကြီး ကျယ်ဆုံး နေရာဖြစ်လာသည်။ သူ၏ ဆာလောင်မွတ်သိပ်နေသော မျက်လုံး အစုံရှေ့တွင် စကြဝဠာသစ်တစ်ခုသည် စီးဆင်းလျက်ရှိ၏။ သူသည် ပထမဆုံး အကြိမ် လီယိုနာဒို၊ တိုက်တီယန်၊ ရပ်ဖေး၊ ရူဘင်၊ ရမ်းဘရန့်နှင့် မိုက်ကယ် အိန်ဂျယ်လိုတို့၏ လက်ရာအများအပြားကို မြင်တွေ့လေ့လာခွင့် ရခဲ့လေသည်။

မိုက်ကယ်အိန်ဂျယ်လိုနှင့် ရမ်းဘရန့်တို့သည် သူ့လူများဖြစ်၏။ သူတို့၏ ပန်းချီကားများနှင့် ထွင်းပန်းချီကားများရှေ့၌ ရပ်နေသည့်အခါတိုင်း သူ့မျက်လုံး အစုံတွင် မျက်ရည်များဖြင့် ပြည့်နေတတ်သည်။ မိုက်ကယ်အိန်ဂျယ်လို၏ လက်ရာများသည် အားကောင်းမောင်းသန်များ ဖြစ်သည်။ အားမာန်အပြည့် ဖြစ်သည်။ ရမ်းဘရန့်၏ လက်ရာများကျတော့ ကြမ်းတမ်းပြီး ခံစားမှုအပြည့် ပါရှိသည်။

ဩဂတ်စတီသည် ထိုပုဂ္ဂိုလ်များ၏ လက်ရာများ၏ လက်ရာများကို ပုံတူကူးသည့်အခါ ကူးဆွဲသည်။ မှတ်ဉာဏ်ထဲမှ ပေါ်လာသမျှကို ရေးဆွဲသည့် အခါ ရေးဆွဲသည်။ နှစ်ဦးစလုံး၏ နည်းများကို အညီအမျှ သုံး၍လည်း ရေးဆွဲ သည်။ သူသည် သွားလေရာ ပုံကြမ်းစာအုပ်ကို ယူသွားလေ့ရှိ၏။ သူ၏ အာရုံသည် ကိုယ်ခန္ဓာအပေါ်ပိုင်းများနှင့် ဦးခေါင်းများပေါ်၌ များစွာ စိတ်ဝင်စား နေသည်ကို သူ့ကိုယ်သူ သတိထားမိသည်။ သူသည် ယောကျ်ားကိုယ်ခန္ဓာကို ပို၍ သဘောကျသည်။ ယောကျ်ားကိုယ်ခန္ဓာသည် မိန်းမခန္ဓာကိုယ်ထက် ပိုမို၍ သန်မာတောင့်တင်းသည်။ နောက်ကျောတွင် အကြောတွေ ပို၍ များသည်။ ပခုံး များနှင့် ကိုယ်အထက်ပိုင်းများတွင်လည်း အကြောတွေ ပိုများသည်။

တစ်မနက်တွင် လီကွတ်က သူ့အား "မင်း ဘာပြုလို့ ပန်းချီသင်တန်းကို လာမတက်တာလဲ" ဟုမေးသည်။ "မင်း ပန်းချီသင်တန်းတက်ဖို့ အဆင်သင့် ဖြစ်နေပြီ။ မင်း ရေဆေးနဲ့ဖြစ်ဖြစ် ဆီဆေးနဲ့ ဖြစ်ဖြစ် ဆွဲလို့ရပြီ"

"မဖြစ်ဘူးထင်တယ်။ ကျွန်တော့် အနေနဲ့ ..." ဩဂတ်စတီသည် စကားကို ဆက်မပြောဘဲ ရပ်ထားသည်။

"မင်း ပန်းချီဆေး မဝယ်နိုင်ဘူးပေါ့၊ ဟုတ်လား။ အဲဒါကတော့ အတော်

mgyoe.com

mgyoe.com


ကြီးဆိုးတာပဲ"

"ကျွန်တော် ဆွဲထားတဲ့ ပုံတွေကို ဆရာ ဘယ်လိုမြင်လဲ"

"လုဗ် ပြတိုက်နဲ့ သင်းနေတယ်၊ ငါ မင့်ကို အဲဒီနေရာ သွားခိုင်းတာက မင်း မျက်လုံးတွေကို သုံးဖို့၊ မင်းလက်တွေကို သုံးဖို့၊ ပြီးတော့မှ မင်းကိုယ်မင်း အမှီပြုဖို့ပဲ"

"ကျွန်တော် ဘာဆက်လုပ်ရမလဲ" ဟု သြဂတ်စတီက ပြန်မေးသည်။

"တို့ကျောင်းက အခမဲ့ပညာသင်ကျောင်းဆိုတော့ လူတိုင်းကို ပန်းချီ ဆေး ပေးဖို့ မဖြစ်နိုင်ဘူး။ မင့်အနေနဲ့ ပစ္စည်း နည်းနည်းပါးပါးရအောင် လုပ်လိုက်။ တို့ဘက်က ဘာလုပ်ပေးနိုင်မလဲဆိုတာ ကြည့်မယ်လေ"

နောက်တစ်နေ့တွင် သြဂတ်စတီသည် ပန်းချီသင်တန်းခန်းထဲသို့ ရောက်လာသည်။ သြဂတ်စတီသည် သူ့အဒေါ် အန့်သီရိုဆီအား ပန်းချီဆေး အခက်အခဲကို ပြောပြသည်။ ရက်ပေါင်းအတော်ကြာသည့်အခါ အန့်သီရိုဆီသည် အနည်းအပါး သုံးပြီးစ ပန်းချီဆေးတစ်ဘူးကို သူ့အား ပေးသည်။ ဆေးဘူးထဲမှ ဆေးရောင်များသည် လှလိုက်ပါဘိခြင်း။

အတန်းထဲရောက်သည့်အခါ သူသည် ပုံမဆွဲရသေးသည့် ကင်းဗတ် အလွတ် ရလိုရငြား လိုက်ရှာရာ စုတ်ပြဲနေသော အစတစ်စကို တွေ့သည်။ ပေါက် ပြဲနေသည့် အပိုင်းများကို ဖယ်ရှားပစ်လိုက်သည့်အခါ ပုံတစ်ပုံ ဆွဲနိုင်လောက်သည့် အပိုင်းတစ်ပိုင်းကို ရသည်။ သူသည် ဝမ်းသာအားရဖြစ်ကာ သူ့ခုံဆီသို့ ပြန်လာသည်။ သို့သော်လည်း သူထားခဲ့သည့် ပစ္စည်းများထဲ၌ ဆေးဘူးကို မတွေ့ရတော့ချေ။ သူ့ဆေးဘူးကို တစ်ဦးတစ်ယောက်က ခိုးသွားခဲ့လေပြီ။ သူသည် ဆေးဘူးကို နှမြောလွန်းသဖြင့် မျက်ရည်ကျခဲ့ရလေ၏။

အန့်သီရိုဆီသည် သူမ၏တူ သြဂတ်စတီ၏ အဖြစ်ကို သိရသည့်အခါ စိတ်မကောင်းဖြစ်သည်။ တစ်နေ့နေ့တွင် ဆေးဘူးခိုးသူကို မိမှာပါဟု အားပေး စကားပြောသည်။ သြဂတ်စတီအား ပစ္စည်းများကို သော့ခတ်ထားဖို့လည်း အကြံပေးသည်။

နောက်ပိုင်းတွင် သြဂတ်စတီသည် အတန်းထဲ၌ ငွေကြေးတတ်နိုင်သော ကျောင်းသားများ လွှင့်ပစ်ထားလေ့ရှိသည့် ကုန်ခါနီး ဆေးဘူးများကို လိုက်ရှာ သည်။ တွေ့သည့် အခါ ဆေးအကြွင်းအကျန်များကို တစ်စက်မှ မကျန်အောင် ညှစ်ယူပြီး ပုံဆွဲသည်။ သို့သော်လည်း ဤအလုပ်သည် တစ်သက်လုံး လုပ်နေလို့ ရနိုင်မည် မဟုတ်။ ပါပါပြောသည့်အတိုင်း သူသည် အလုပ်ကြမ်းသမား

mgyoe.com

mgyee.com


တစ်ယောက် ဘဝဖြင့် အဆုံးသတ်ဖို့သာ ရှိ၏။

သူသည် သူဆွဲထားသည့် ပုံများကို ဆုတ်ဖြဲပစ်မည်ဟု ဆုံးဖြတ်လိုက်သည်။ ချက်ချင်းပင် ပုံများကို လက်နှစ်ဖက်ဖြင့် ဆွဲယူကာ ဆုတ်ဖြဲပစ်ရန် တာစူသည်။ လီကွတ်က သူ့အား အတင်းဆွဲထားသည်။ လီကွတ်တစ်ယောက် ဤမျှလောက် စိတ်တိုသွားသည်ကို သူ တစ်ခါမှ မမြင်ခဲ့ဖူး။

"မင်း ဆွဲထားတဲ့ ပုံတွေကို ဘယ်လိုလုပ်ရမယ်ဆိုတဲ့ ဆုံးဖြတ်ပိုင်ခွင့်ဟာ ငါ့မှာပဲ ရှိတယ်ကွ" ဟု လီကွတ်က စိတ်ဆိုးမာန်ဆိုး ပြောသည်။ လီကွတ်သည် သူ့လက်ထဲ ရောက်လာသည့် ပုံများကို သေသေချာချာ ထပ်ကြည့်နေရာမှ "ဒီပုံတွေကို ငါသိမ်းထားမယ်၊ တစ်ခုတော့ ပြောချင်တယ်၊ မင်း ဒီနေရာမှာ ဘာမှ မလုပ်ဘဲ ထိုင်နေလို့ကတော့ မဖြစ်ဘူး" ဟု ပြောသည်။

"ကျွန်တော် ဒီက သွားတော့မယ်။ ကျွန်တော် ပန်းချီဆေးရော၊ ကင်းဗတ်ရော မဝယ်နိုင်ဘူး"

လီကွတ်သည် သူငယ်၏ မျက်နှာကို ကြည့်နေသည်။ သူ၏ အတော်ဆုံး ကျောင်းသားတွေထဲမှ တစ်ယောက်သည် မဖြစ်စလောက် ငွေကြေးကလေးမျှပင် မတတ်နိုင်သဖြင့် ဘဝပျက်ရချေတော့မည်။

"မင်း ပန်းပု ပုံစံထုတ် အခန်းမှာ သွားနေပေါ ရှိဒင်၊ အနည်းဆုံး မင့်မှာ လုပ်စရာ တစ်ခုတော့ ရှိမှာပါ" ဟု လီကွတ်က ပြောသည်။

"ကျွန်တော် ပန်းပုပညာနဲ့ ပတ်သက်လို့ ဘာမှ မသိဘူးဆရာ။ ကျွန်တော် စိတ်လည်း မပါတော့ဘူး"

သူသည် သူ ရင်ဆိုင်နေရသည့် အဖြစ်အပေါ်တွင် စိတ်ထိခိုက်ခြင်း ဖြစ်နေခဲ့လေပြီ။

"မင်း ဘာမှ မသိပေမဲ့ ငါသိတယ် ဆိုတာ မင်းနားမလည်ဘူးလား" ဟု လီကွတ်က ဒေါသတကြီး အော်သည်။

"မဖြစ်စလောက် ဖရန့်ငွေလေး အနည်းအကျဉ်း မသုံးနိုင်တဲ့အတွက် အလားအလာ သိပ်ကောင်းပြီး သိပ်တော်တဲ့ ကျောင်းသားတွေကို ငါ ဆုံးရှုံးခဲ့ရတဲ့အထဲမှာ မင်းဟာ ပထမဆုံးလူလို့ မင်းကိုယ်မင်း ထင်နေသလား ဟင်။ သွားငါခိုင်းတဲ့အတိုင်းသာ သွား။ မင်းကို ပန်းချီသင်တန်းမှာ အဆင်ပြေအောင် လုပ်ပေးဖို့ နည်းလမ်းရှာနေတုန်းမှာ မင်း ပန်းပုပညာသင်နေရင် မင့်မှာ ထိခိုက် နစ်နာစရာ ဘာမှမရှိဘူး၊ နားလည်လား"

ဆရာလီကွတ်သည် ဩဂတ်စတီနှင့် အတူ ပန်းပုခန်းအထိ လိုက်လာသည်။

mgyee.com

mgyoe.com


ဩဂတ်စတီသည် စွတ်စိုနေသော ရွှံ့စေးများ၊ လေးလံလှသော ပလတ်စတာတုံးများ၊ မြေနီတုံးများ၊ စကျင်ကျောက်များ၊ လှေကားရှင်များ၊ စင်များနှင့် ကိရိယာတန်ဆာပလာများကို ပါးစပ်အဟောင်းသားဖြင့် ကြည့်နေသည်။ သူ့အတွက် ကမ္ဘာသစ်တစ်ခုနှင့် တွေ့နေရပြန်လေပြီ။

"မင်းဟာ သန်စွမ်းတောင့်တင်းတဲ့ လူငယ်တစ်ယောက်ပါ။ တကယ်လို့ မင်းအနေနဲ့ ပန်းပုဆရာတစ်ယောက်အဖြစ်နဲ့ အောင်မြင်မှု မရသည့်တိုင်အောင် ပုံထုတ်သမား၊ ပုံသွန်းသမား တစ်ယောက်တော့ ဖြစ်လာနိုင်မှာပါ" ဟု လီကွတ်က ပြောသည်။

ရက်တရက် ဩဂတ်စတီ၏ စိတ်သည် ကျောက်တုံးပေါ် ညွှတ်ကျသွားသည်။ ကျောက်တုံးများမှာ ရှေးခေတ် နာမည်ကြီး ပန်းပုရုပ်များကို ကူးယူထုလုပ်ထားခြင်း ဖြစ်၍။ အားလုံးလိုလိုပင် လှပကြသည်သာမက ပြောင်မြောက်သော လက်ရာများဖြစ်သဖြင့် မြတ်မြတ်နိုးနိုး ထွေးပိုက်ချင်စရာများ ဖြစ်နေသည်။

သူသည် ရွှံ့စေးများကို ကိုင်တွယ်မိသည်။ သူ့လက်ချောင်းများအောက်မှ ရွှံ့စေးများသည် အတွေ့အထိသစ်များ ရရှိအောင် ဖန်တီးပေးလျက် ရှိ၏။ သူ့စိတ်အာရုံသည် ခံစားမှုအသစ်များဖြင့် လှုပ်ရှားလျက်ရှိသည်။ "ငါ့အဖို့ ဒီအလုပ်ဟာလည်း ချစ်စရာပါပဲလား" ဟုတွေးမိသည်။ ဤနေရာရောက်၍ ဤအလုပ်နှင့်ကျတော့ သူ၏ မျက်စိအားနည်းမှုသည် သူ့အား အကြီးအကျယ် ဒုက္ခမပေးတော့ချေ။ သူ့အဖို့ အမြင်အာရုံကို များစွာ အသုံးချဖို့ မလိုတော့ပြီ။ ရွှံ့စေးများကို ကိုင်မိသည့်အခါ သူ့လက်ချောင်းများသည်သာလျှင် အဓိက ဖြစ်၏။ သူ့လက်ချောင်းများနှင့် သူ့စိတ်သည် ခံစားမှုကို ရယူဖလှယ်လျက် ရှိကြလေပြီ။

ထို့နောက် နောက်တစ်ရက်ပြီးတစ်ရက် ပန်းပုခန်းထဲ၌ အလုပ်လုပ်လာခဲ့သည်။ ဤအလုပ်သည် ပုံဆွဲခြင်း၊ ပန်းချီဆွဲခြင်းတို့နှင့် မတူ။ ဤအလုပ်သည် သူ့စိတ်အာရုံထဲမှ ဖြတ်သန်းသွားသည် မဟုတ်။ သူ့ခန္ဓာကိုယ်ထဲမှ ဖြတ်သန်းသွားနေခြင်းဖြစ်သည်။ ကျောက်၏ မာကျောခြင်းနှင့် အေးမြခြင်းတို့ ရှိနေသော်ငြားလည်း သူ့စိတ်ကို မြှူဆွယ်နေသော နွေးထွေးမှုကို ရင်ထဲမှ ခံစားနေရသည်။

သူ့အနေဖြင့် မိန်းမချောကလေးတွေကို စိတ်ကူးယဉ်နေစရာ မလိုတော့။ သူ့တွင် 'ဗီးနပ်စ်ဒီမီလို' အမည်ရှိ အချစ်သစ်ကလေး တစ်ယောက် ရထားပြီ။ မည်သူမှ လာ၍ မကြည့်သည့်အချိန်တွင် သူသည် သူမအား တယုတယ ပွတ်သပ်ပေးနေသည်။ သူ့တွင် အလိုဆန္ဒသစ်တစ်ခု ဝင်နေသည်။ ယင်းဆန္ဒမှာ ကျောက်တုံးကို ကိုင်တွယ်၍ ထုရန် ထွင်းရန်နှင့် ပုံဖော်ရန် ဖြစ်လေသည်။

mgyoe.com

mgyoe.com

တစ်ညခင်းတွင် လီကွတ်တစ်ယောက် သူ့ထံ ရောက်လာပြီး သူ့အတွက် ပန်းချီဆေးရပြီဟု ပြောသည်။ သြဂတ်စတီက –

"ကျွန်တော် ဒီမှာ အလုပ်ရှိနေပြီ ဆရာ" ဟုပြောသည်။

"ပန်းပုဆရာတွေဟာလည်း ပုံဆွဲတတ်ဖို့ လိုတာပဲ၊ မင်းပန်းပုဆရာ ဖြစ်ချင်သလား ရှိဒင်"

သြဂတ်စတီက ခေါင်းညိတ်သည်။

"ဒီလုပ်ငန်းက အားရစရာတော့ သိပ်မကောင်းဘူးကွ၊ ဒီခေတ်မှာ ပန်းပုရုပ်တုတွေကို ဝယ်သူတွေဆိုလို့ အစိုးရနဲ့ ပြတိုက်တွေပဲ ရှိတယ်။ အခွင့်အလမ်း သိပ်ပြီး မပွင့်သေးတဲ့အနုပညာရပ်တစ်ခုပဲ။ ဒီပညာရပ်နဲ့ ပတ်သက်လို့ မိုက်ကယ် အိန်ဂျယ်လို တစ်ယောက်သာ ကမကထပြုပြီး အားပေးတဲ့လူ အများအပြား ရှိခဲ့တာ။ ဒီပညာရပ်အတွက် အသုံးပြုရတဲ့ ပစ္စည်းတွေကျတော့ စရိတ် သိပ်ကြီးတယ်"

"ဆရာ ပြောတာ မှန်ပါလိမ့်မယ်" ဟု သြဂတ်စတီက ပြောသည်။ "ဒါပေမဲ့ ကျွန်တော် ကျောက်တုံးနဲ့ပဲ အလုပ်လုပ်ပါရစေ ဆရာ၊ အဲဒီတော့ ကျွန်တော် ဒီမှာပဲ နေခွင့်ပြုဖို့ တောင်းပန်ပါရစေ"

"မင်းက ငါ့ကို နှလုံးသားမရှိတဲ့ လူတစ်ယောက်လို့ ထင်နေလား သြဂတ်စတီ၊ မင်း ဒီလောက် တောင်းပန်နေစရာ မလိုပါဘူး။ မင်းဒီမှာ နေပါ။ ပြီးတော့ သက်ဝင် လက်တွေ့ အတန်းတွေကိုလည်း တက်ပါ။ ပန်းပုပညာကို လိုချင်ရင် ပုံဆွဲနည်းပညာကိုလည်း သင်ဖို့လိုတယ်"

သြဂတ်စတီက လီကွတ်အား ကျေးဇူးတင်စကား ပြောချင်သည်။ သို့သော်လည်း ဘယ်လိုပြောရမှန်းမသိ။ ဤမျှလောက် အံ့သြစရာကောင်းပြီး ဤမျှလောက် ကျေးဇူးတင်ဖို့ကောင်းသည့် လုပ်ရပ်မျိုးကို သူ ဘယ်တုန်းကမှ မကြုံခဲ့စဖူး။

"တို့နှစ်ယောက် ကျေးဇူးတရားတွေနဲ့ ရောထွေးပြီး ရှုပ်ယှက်ခတ် မကုန်စေချင်ဘူး။ အဓိကကျတာက အလုပ် လုပ်ဖို့ပဲ။ အခုအချိန်ထိ မင်း ပုံပေါင်း ဘယ်လောက်များများ ဆွဲခဲ့ပြီးပြီလဲ"

"ငါးရာ ခြောက်ရာလောက်ရှိသွားပြီလို့ ထင်တယ်"

"အေး ... မင်း ပန်းပုပညာရှင် တစ်ယောက်ဖြစ်လာရင် နောက်ထပ် ပုံတွေ အများကြီး ဆွဲဖို့ လိုလာလိမ့်ဦးမယ်"

သြဂတ်စတီသည် စိုးစွတ်အေးမြသော ညကို ဖြတ်၍ အိမ်ဘက်သို့ လမ်းလျှောက်ပြီး ပြန်လာခဲ့သည်။ ပါပါက သူ့အား ပတ်တီတီအီကိုကျောင်း တက်ခွင့် ပြုထားခဲ့သည်မှာ တစ်နှစ်ကျော်သွားခဲ့ပြီ။ သို့သော်လည်း သြဂတ်စတီ

mgyoe.com

mgyoe.com

၏ စိတ်ထဲတွင် သူသည် တစ်နှစ်မက အသက်ပိုကြီးလာသည်ဟု ခံစားနေရ၏။ သူသည် သူ့ကိုယ်သူ တိုင်းထွာကြည့်ခဲ့သည်။ သူ့အရပ်သည် ငါးပေ လေးလက်မ ရှိ၏။ လွန်ခဲ့သော နှစ်ကထက် သူ့အရပ်သည် နှစ်လက်မတိတိ တက်ခဲ့သည်။ သူ့ရင်ထဲတွင် မုန်တိုင်းတစ်ခုလည်း ရှိနေခဲ့ပြီ။

အိမ်သူအိမ်သားများသည် မအိပ်ကြသေး။ ရေနံဆီမှန်အိမ်မှ အလင်းရောင်သည် မီးဖိုခန်းအလယ်တွင် လင်းလက်နေသည်။ အခန်းထဲတွင် မီးဖိုရှိနေသော်လည်း အအေးဓာတ်ကတော့ လွှမ်းခြုံနေဆဲ။

"ပါပါ ... ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကျွန်တော် ပန်းပုဆရာ လုပ်မလို့"

ပါပါက တစ်ချက် မော့ကြည့်သည်။ "မင်း ရူးနေပြီ"

"ကျွန်တော့်မှာ ပန်းပုပညာရှင်ရဲ့ လက်တွေ ရှိတယ်လို့ ကျွန်တော့် ဆရာ လီကွတ်က ပြောတယ် ပါပါ"

ပါပါက ဒေါသတကြီး ထအော်သည်။ "မင်းမှာ အလုပ်ကြမ်းသမား တစ်ယောက်ရဲ့ လက်တွေပဲ ရှိတယ်ကွ သိလား။ မင်း ပန်းပုဆရာ ဖြစ်ဖို့ ဘယ်နှနှစ် နေရမှာတဲ့လဲ။ တစ်နှစ် လား၊ နှစ် နှစ်လား"

"ကျွန်တော် ကြိုးစားရင် ငါးနှစ်တည်းပါ ပါပါ။ ဘာ အာမခံချက်မှ တော့မရှိဘူး၊ ဒါပေမဲ့ အခမဲ့ သင်ရမှာပါ"

မာရီက ကြားမှ ဝင်ပြောသည်။

"သမီးက အရင်ပုံစံအတိုင်းပဲ ပေးသွားမှာပါ"

"နင်ကော ဘာထူးသလဲ၊ သူ့လို အရူးအမိုက်တစ်ယောက်ပဲ" ဟု ပါပါက ပြောသည်။ "နင့်မှာ ဘာနော်ဗင်ဆိုတဲ့ ကောင်ကိုသာ ကြည့်တဲ့ မျက်လုံးပဲ ရှိတယ်။ နင့်အတွက် ကြည့်တဲ့ မျက်လုံး နင့်မှာ မရှိဘူး"

မာရီ၏မျက်နှာသည် ထူပူသွားသည်။ ဩဂတ်စတီက မနေသာတော့သဖြင့် ကြားမှ ဝင်ပြောသည်။

"ဘာနော်ဗင်ဟာ အတော်ဆုံး ကျောင်းသားတွေထဲမှာ အပါအဝင် တစ်ယောက်ပါ"

"အေးပေါ့ကွာ ... မင်းဟာ ငါ့ထက် ပိုဆင်းရဲပြီး သေမယ့်ကောင်ပဲ" ဟု ပါပါက ရေရွတ်သည်။ "မင်းအနေနဲ့ ကျောက်ဆစ်သမားကောင်း တစ်ယောက် ဖြစ်အောင် ဘယ်လို လုပ်ရမလဲဆိုတာကို စိတ်ဝင်စားရင် ထမင်း မငတ်နိုင်ဘူး ဆိုတာ နားလည်အောင် ကြိုးစား"

စကားဆုံးသည်နှင့် တစ်ပြိုင်နက် ပါပါသည် မာမာ့ကို ခေါ်ကာ သူ့

mgyoe.com

mgyoe.com

အိပ်ခန်းတွင်းသို့ ဝင်သွားလေ၏။

"ဘာနော်ဗင်ဟာ တကယ့်ကို တော်သလား" ဟု မာရီက မေးသည်။

"သူဟာ အလွန်တော်တဲ့ ကျောင်းသားတစ်ယောက်ပဲ၊ ဒါပေမဲ့ သူသဘော ကျတဲ့ မိန်းကလေးတွေက အရမ်းများတယ်" ဟု ဩဂတ်စတီက ပြန်ပြောသည်။ အမှန်တော့ ထိုစကားကို သူ မပြောချင်။ မည်သို့ပင်ဖြစ်စေ မပြော၍လည်း မဖြစ်။ ထိုတစ်ချက်ကိုတော့ သူမ သိထားသင့်သည်ဟု ထင်၏။

"သူကပြောတယ်၊ အစ်မရဲ့ ပုံကို အားတဲ့တစ်ရက်မှာ ဆွဲပေးမယ်တဲ့"

"နင်သာ ကိုယ်ဟန်ပြမယ် လုပ်ရင် သိပ်ကို လှမှာပဲ"

မာရီ၏ နူးညံ့သိမ်မွေ့သော မျက်နှာသည် ဩဂတ်စတီ၏ စိတ်တွင် သက်ဝင်လှုပ်ရှားလာသည်။ သူသည် မာရီ၏ ပုံကို ကပျာကသီ ရေးဆွဲသည်။ မိနစ် အနည်းငယ်မျှ အကြာတွင် သူဆွဲသော ပုံသည် ပြီးသွားသည်။ ပုံကို ကြည့်ကာ ဩဂတ်စတီသည် ပီတိဖြစ်လျက်ရှိ၏။ သူသည် သူဆွဲထားသည့် ပုံကြမ်းကို မာရီအား လှမ်းပေးပြီး ပြောသည်။

"ဘာနော်ဗင်က ဒီပုံထက် ပိုကောင်းအောင် ဆွဲနိုင်ပါ့မလား"

မာရီကတော့ လေအေးကလေးနှင့် ပြန်ပြောသည်။

"ငါကတော့ ဒီပုံကို ကြိုက်တယ်"

"ငါ့မှာ ကိုယ်ပိုင်စတူဒီယို ရှိလာတဲ့ တစ်နေ့ကျရင် အစ်မရဲ့ပုံကို ဆေးနဲ့ ထုမယ်။ အဲဒီကျမှ အစ်မနဲ့ ဘယ်လောက်တူသလဲဆိုတာ မြင်ရလိမ့်မယ်"

*

ဩဂတ်စတီသည် 'ဘီးယော့စ် အနုပညာသင်ကျောင်း' သို့ ဝင်ခွင့် ရအောင် လုပ်ရမည်ဟု ဆုံးဖြတ်လိုက်၏။ ဤကိစ္စနှင့် ပတ်သက်၍ သူ့ဆရာ လီကွတ်က ထိုကျောင်းသို့ ရောက်သွားလျှင် သူ့ဘဝသည် လမ်းစပျောက်သူလို ဖြစ်သွားလိမ့်မည်ဟု ပြောသည်။ ဘာနော်ဗင်ကတော့ ဩဂတ်စတီအနေဖြင့် ဘာကိုမှ မည်မည်ရရ တက်လာလိမ့်မည် မဟုတ်ဟု ထင်မြင်ချက်ပေး၍ ဒေဂါးကတော့ ထိုကျောင်းကို မသွားရန် အကြံပေးသည်။

သို့တစေလည်း ဒေဂါး ကိုယ်တိုင်မှာမူ ထိုကျောင်းသို့ ဝင်ခွင့်ရရန် လျှောက်ထားခဲ့ပြီဖြစ်ရုံမျှမက သူ့လျှောက်လွှာကို ကျောင်းကပင် လက်ခံထားခဲ့ ပြီးပြီ ဖြစ်၏။ ဖန်တင်လာတိုးမှာလည်း ကျောင်းဝင်ခွင့်ရပြီး ကျောင်းတက် နေသော်လည်း ကျောင်းမှ သင်ကြားမှုနှင့် ပတ်သက်၍ မကျေမနပ်ဖြစ်လျက်

mgyoe.com

mgyoe.com

ရှိသည်။ ဒါလောနှင့် လက်ဂရော့စ်တို့မှာလည်း ဩဇာရှိသူများ အကူအညီဖြင့် ကျောင်းဝင်ခွင့်ကို ရထားခဲ့ကြပြီးပြီ ဖြစ်၏။

နောက် နှစ်အနည်းငယ်အတွင်းတွင် ဩဂတ်စတီသည် ခွန်နှင့် အားနှင့် လုပ်ရသော လုပ်ငန်းများနှင့် ကြုံတွေ့နေရသည်။ နေမထွက်မီ သူသည် အိပ်ရာမှ ထ၍ ဆယ့်ရှစ်နာရီကြာမျှ လုပ်ရမည့် အလုပ်အတွက် ကြိုတင်ပြင်ဆင်မှု ပြုရသည်။ ဒပထမဆုံး အရဏ်နှင့်အတူ လီကွတ်၏ စတူဒီယိုသို့သွားသည်။သူ့ဆရာက သူလုပ်ရမည့် တစ်နေ့တာ လုပ်ငန်းအစီအစဉ်ကို ချမှတ်ပေးသည်။ ကိုးနာရီမှ ဆယ့်နှစ်နာရီအထိ သူသည် ကိုယ်ဟန်ပြများကို ကြည့်၍ ပုံဆွဲသည်။ မွန်းတည့်ချိန်တွင် သူသည် လုဗ်ပြတိုက်သို့ သွားရသည်။

သီတင်းတစ်ပတ်လျှင် နှစ်ရက်မျှ အင်ပီရီယယ် စာကြည့်တိုက်သို့ သွားကာ ပိုဆင်၊ ဝပ်တူး၊ ဘိုးချားနှင့် ဖရက်ဂိုးနက်တို့၏ ပန်းချီကားများကို လေ့လာသည်။ အစာစားဖို့အတွက် သူ့မှာ ငွေကြေးက များများစားစား မရှိ။ သူသည် မဖြစ်စလောက် ငွေဖြင့် ဝယ်ယူထားသည့် ပေါင်မုန့်နှင့် ချောကလက်ကို ပါရီမြို့တွင်း၌ တစ်နေရာမှ တစ်နေရာသို့ သွားလာလှုပ်ရှားနေစဉ်အတွင်း နည်းနည်းချင်းစီ ချွေတာ၍ စားရလေသည်။

သူ့ဝမ်းဗိုက်သည် အမြဲတစေ ဆာလောက်မွတ်သိပ်လျက်ရှိသည်။ သူ့ တစ်ကိုယ်လုံးသည် အမြဲ နုံးချိကာ ပင်ပန်းနွမ်းနယ်လျက်ရှိ၏။ သို့သော်လည်း သူသည် ရပ်ခြင်း နားခြင်း မပြုနိုင်။ ညနေ ငါးနာရီမှ ရှစ်နာရီထိုးအထိ ဒီဇိုင်း ပညာသင်တန်း တက်ရသည်။ တစ်ပတ်လျှင် နှစ်ညခန့် လီကွတ်နှင့်အတူ ဝတ်လစ်စားလစ် ကိုယ်ဟန်ပြများအား လေ့လာသည်။ တစ်ပတ်လျှင် သုံးညသည် တိရစ္ဆာန်ရုပ်များ ထုလုပ်ရာ၌ နာမည်ကျော်သည့် ဘာယေး၏ အတန်းကို တက်ရသည်။ လီကွတ်က ဩဂတ်စတီအား ပြောထားခဲ့ဖူးသည်။

"ဘာယေးရဲ့ သင်ကြားပို့ချချက်တွေကို မင်း ဂရုစိုက်ပြီးနားထောင်၊ သူဟာ ဒီနေ့ခေတ် ပန်းပုပညာလောကမှာ အကောင်းဆုံးနဲ့ အတော်ဆုံး ခန္ဓာဗေဒ ပညာရှင်ပဲကွ"

ဘာယေးသည် သူ၏ စားဝတ်နေရေး အဆင်ပြေမှုအတွက် ဤ သင်တန်းများကို မဖွင့်ချင်ဘဲနှင့် ဖွင့်လှစ်ပို့ချနေရခြင်း ဖြစ်သဖြင့် သူ့သင်တန်းကို သူကိုယ်တိုင် ပင် မုန်းတီးသည်။ သို့သော်လည်း သင်တန်းပို့ချရာ၌မူ သူ မှန်သည် ထင်သည့်အတိုင်းသာ ပို့ချပေးလေ့ရှိ၏။ သူက.....

"ပန်းပုပညာရဲ့ ကျောရိုးဟာ ခန္ဓာဗေဒပဲ" ဟုကျောင်းသားများအား

mgyoe.com

mgyoe.com


ပြောလေ့ရှိသည်။

ဘာယေး၏ စတူဒီယို၌ လေ့လာသင်ကြားရသည့် အခါများတွင် ဩဂတ်စတီသည် များစွာ သာယာသည်။ သို့တစေလည်း ဆေးရုံ၌ သင်ကြား ပို့ချပေးသည့်အခါများတွင်မူ သူ စိတ်ညစ်သည်။ လူသေအလောင်းမှ ခြေထောက်အပြတ်ကြီးကို လက်ဆင့်ကမ်း၍ လေ့လာရတိုင်း သတိလစ်လုမတတ် ဖြစ်ရသည်။ အော့ချင်အန်ချင်စိတ်ဖြင့် ဗိုက်ထဲမှ ပျို့ပျို့ တက်လာသည်အထိ ခံစားရသည်။ သူသည် သင်တန်းကို ဆက်၍ မတက်ချင်တော့။ သို့သော်လည်း လီကွတ်က သူ့အား လုံးဝခွင့်မပြု။

*

ဩဂတ်စတီသည် ပါရီမြို့တော်နှင့် မေတ္တာသက်ဝင် ချစ်ခင်ခဲ့ကြပြီ။ သူသည် ပါရီမြို့လယ်မှ ဖြတ်၍စီးကာ အင်္ဂလိပ်ရေလက်ကြား အတွင်းသို့ စီးဝင်သွားသော စိန့်မြစ်ကိုပါ ချစ်ခင်တွယ်တာနေပြီ။ ထိုခေတ်တွင် အလယ်ခေတ် မြို့တော် ဖြစ်သော ပါရီမြို့တော်သည် ကျဉ်းမြောင်းသော လမ်းများနှင့် လက်လုပ်လက်စား ဆင်းရဲသားများ နေထိုင်ရာ တိုက်များနှင့် ပြည့်နေသည်။ ယင်းတိုက်များမှာ အခန်းကျဉ်း အမြောက်အမြားဖွဲ့ထားသည့် တိုက်များဖြစ်လေသည်။

ယင်းအခြေအနေကို အကောင်းဘက်သို့ ရောက်အောင် ပြုပြင်ပြောင်းလဲပေးနေသော ပုဂ္ဂိုလ်မှာ ဘေရွန် ဟော့စ်မန်းဆိုသူ ဖြစ်သည်။ သူ၏ ဦးဆောင်ညွှန်ကြားချက်မှုဖြင့် လမ်းသစ်များ၊ ပန်းခြံသစ်များနှင့် တံတားများ ပေါ်ပေါက်လာခဲ့၏။ ဤသို့ဖြင့် ပါရီတွင် မျက်စိအမြင်အာရုံ ကြည်နူးစရာ ကောင်းသည့် မြင်ကွင်းများကို တွေ့လာရလေသည်။

ဩဂတ်စတီ၏ ပုံဆွဲစာအုပ်သည် သူ၏ ဒိုင်ယာရီစာအုပ် ဖြစ်လာပြီး ထိုစာအုပ်ထဲတွင် သူ ရေးဆွဲထားသည့် ထောင်နှင့်ချီ၍ ရှိနေသော ပုံကြမ်းများကို တွေ့လာရသည်။ သူ့တွင် ကိုယ်ပိုင် အချိန်ဟူ၍ မရှိ။ စနေနေ့ညများတွင် သူသည် မှတ်ဉာဏ်ထဲမှ အရာများကို ပုံကြမ်းရေးဆွဲသည်။ တနင်္ဂနွေနေ့ညများ ကျတော့ အိမ်တွင် ရွှံ့စေးများဖြင့် အလုပ် လုပ်သည်။

သူသည် ရွှံ့များကို ကုတ်အင်္ကျီဟောင်းကြီး တစ်ထည်ဖြင့် ထုပ်ပြီး သူ့အဝတ်ဗီရိုထဲ၌ ဝှက်ထားသည်။ သူ့ပါပါ သာမက မာမာပါ မသိအောင် ထားခြင်းဖြစ်သည်။ အကယ်၍ သိသွားပါက ပါပါပဲ သိသိ၊ မာမာပဲ သိသိ နှစ်ဦးစလုံးက သူ့အား ဆူကြလိမ့်မည်ဟု တွက်ထားသည်။ တတိယနှစ် ကုန်ဆုံးသွား

mgyoe.com

mgyoe.com


သည့်အခါတွင်မူ သူသည် ဘီယော့စ် အနုပညာကျောင်းသို့ တက်ရောက်ရန် အဆင်သင့် ဖြစ်နေပြီဟု သူ့ကိုယ်သူ ယုံကြည်စိတ်ချလာခဲ့လေပြီ။

ကျောင်းဝင်ခွင့်စာမေးပွဲ ဝင်ရောက်ဖြေဆိုရေးအတွက် သူ့အား ထောက်ခံပေးပါရန် ဩဂတ်စတီက လီကွတ်အား တောင်းပန်သည်။ ထိုအခါ လီကွတ်က...

"ကော်မတီကို တင်ပြဖို့အတွက် ဦးခေါင်းတစ်ခုကို ပန်းပုထုထားဖို့ လိုတယ်" ဟုပြောသည်။ "အဲဒါလုပ်ပြီးထားပြီးရင် ငါ ဘာလုပ်ပေးနိုင်မလဲဆိုတာ ကြည့်မယ်။ အဲဒီလူတွေကြားမှာ ငါ့နာမည်က မကောင်းဆိုးဝါးတစ်ကောင် ဖြစ်နေတယ်ကွ။ သူတို့ လက်ခံနိုင်တဲ့ လူတစ်ယောက်တော့ ရှာရလိမ့်မယ်။ နာမည်တစ်ခုတော့ ပေါ်လာမှာပါကွာ"

ဩဂတ်စတီသည် သူ့အစ်မ မာရီ၏ ဦးခေါင်းကို ထုလုပ်လိုသောဆန္ဒရှိသည်။ သို့သော်လည်း မာရီသည် တနင်္ဂနွေနေ့များတွင် ဘုရားရှိခိုးကျောင်းသို့သွားရခြင်း၊ သူ့ချစ်သူ ဘာနော်ဗင်နှင့် တွေ့ရခြင်း စသည်တို့ကြောင့် အချိန်မပေးနိုင်။ ထို့ကြောင့် မာရီကပင် အကြံပေးသည်။

"နင့် ပါပါ့ကို ပြောကြည့်ပါလား။ နင့်ရုပ်တုအတွက် သူ့ကို ထိုင်ခိုင်းပေါ့။ သူ ဘာတွေပဲ ပြောနေနေ လက်ခံလိမ့်မယ်လို့ ငါ ထင်ပါတယ်" ဟုလည်း ပြောသည်။

မိုးရွာနေသော တနင်္ဂနွေတစ်ရက်တွင် ဖြစ်သည်။ ပါပါသည် မီးဖိုခန်းထဲ၌ ထိုင်နေသည်။ ဘာမှ လုပ်စရာမရှိသဖြင့် သူသည် ငြီးငွေ့နေဟန်ရှိ၏။ သူသည် ဩဂတ်စတီအား ကြည့်ကာ စကားအထူးအဆန်းများကို ပြောသည်။

"မင်း ငါ့ကို ကိုယ်ဟန်ပြပေးစေချင်သလား။ ငါ့ကို မင်းက ဘယ်လို အရုပ်အမျိုးအစား ဖြစ်စေချင်သလဲ" ဟုမေးသည်။

ဩဂတ်စတီသည် ရုတ်တရက် ဘာမှ ပြန်မပြောနိုင်။ သူ့ပါပါကလည်း ဘာပြန်ပြောရမှန်းမသိ၊ သူ့အနေဖြင့် သူ့သား စိတ်ထိခိုက်အောင်လည်း မလုပ်ချင်။ တစ်နေ့ ဆယ့်ရှစ်နာရီမျှ အလုပ်လုပ်ရသည်မှာ လွယ်သည်မဟုတ်။ ဤကိစ္စသည် သူ့သားအတွက် ကြီးမားသော ဒုက္ခနှင့် သောကကို ဖြစ်ပေါ်စေလျက်ရှိ၏။ ဘယ်လိုပဲဖြစ်ဖြစ် သူ့သား ဩဂတ်စတီသည် တစ်နေ့တခြား ပိန်ချုံးလာနေပြီ။ မည်သို့ပင်ဖြစ်စေ ထိုနေ့က....

"မင်းအနေနဲ့ ဘီးယော့စ် အနုပညာသင်ကျောင်းကို ဝင်ခွင့်ရလိမ့်မယ်လို့ ထင်နေသလား" ဟု သူ့ပါပါက မေးသည်။

"ကျွန်တော့်ဆရာ လီကွတ်ကတော့ ကျွန်တော့်ကို ကျောင်းဝင်ခွင့်ရလိမ့်

mgyoe.com

mgyoe.com


မယ်လို့ ထင်ထားတယ်။ သူတို့ဆီကို တင်ပြဖို့အတွက် ကျွန်တော်က ဦးခေါင်းပုံတူ အသစ်တစခု ထုဖို့လိုလိမ့်မယ်။ ကျွန်တော့်ဆီမှာ ရှိနေတဲ့ ဦးခေါင်းရုပ်တုတွေက ဟော်ဒွန်းထုခဲ့တဲ့ ခေါင်းပုံတွေကို ကူးထားတာဆိုတော့ တင်ပြလို့မရဘူး"

"ဒါဆိုရင် ငါ မင့် ကို တစ်ကြိမ်ပဲ ထိုင်ပေးမယ်၊ မင်းထုလို့ရနိုင်မလား"

တစ်ကြိမ် ထိုင်ပေးရုံမျှဖြင့် ပန်းပုရုပ်တစ်ခု ပြီးမြောက်ဖို့ဆိုသည်မှာ ဖြစ်နိုင်ဖို့ အလားအလာ မရှိ။ သို့သော်လည်း ဩဂတ်စတီက သူ ကြိုးစားကြည့်မည်ဟု သူ့အဖေအား ပြန်ပြောလိုက်လေသည်။

*

နောက်သီတင်းပတ် တနင်္ဂနွေနေ့တွင် ပါပါသည် အပြာရောင် ဂျာစီ အင်္ကျီသစ်ကို ဝတ်၍ ကိုယ်ဟန်ပြအဖြစ် ထိုင်ပေးသည်။ ဩဂတ်စတီသည် သူ့ ပါပါ၏ ဦးခေါင်းပုံကို စာရွက်ပေါ်တွင် ပုံကြမ်းထုတ်ယူလျက်ရှိရာ မွန်းလွဲပိုင်း တစ်ပိုင်းလုံး ကုန်သည်အထိ အချိန်ကြာသည်။ ထိုမျှလောက် အချိန်ဖြုန်းရသည့် အခါ ပါပါသည် များစွာ စိတ်ပျက်လာသည်။ နောက်တစ်ကြိမ်တော့ဖြင့် သူထိုင် ပေးလိမ့်မည် မဟုတ် ဟုလည်း ပြောလေသည်။

သို့သော်လည်း နောက်တနင်္ဂနွေနေ့တွင် နောက်တစ်ကြိမ် ထိုင်ပေးပြန် သည်။ သူ့အား ဩဂတ်စတီက ဤတနင်္ဂနွေနေ့တွင် ဦးခေါင်းပုံကို ရုပ်တုအဖြစ် ပြီးပြတ်အောင် ပုံစံထုတ်ပါမည်ဟု ကတိပေး၍ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ သူသည် ဩဂတ်စတီ၏ အချေ့အမော့နှင့် အပျော့ဆွဲ ဆွဲခြင်းကို ခံယူလျက်ရှိသည်။ သူသည် နပိုလီယံဘိုနာပတ်၏ ကျောက်ရုပ်များသဖွယ် တောင့်တောင့် မတ်မတ်ကြီး ထိုင်လျက် ရှိလေရာ ဩဂတ်စတီက.....

"ပါပါထိုင်နေပုံက သိပ်ပြီး တောင့်လွန်းတင်းလွန်းနေတယ်။ အဲသလောက် ကျတော့ သဘာဝမကျတော့ဘူး" ဟုပင် ပြောယူရလေသည်။

ပါပါသည် သူ့သား၏ လက်ချောင်းများကိုကြည့်ကာ တအံ့တဩ ဖြစ်လျက်ရှိ၏။ သူ့သားသည် ရွှံ့စေးများကို စားပွဲပေါ်တင်ကာ ပယ်ပယ်နယ်နယ် ကိုင်တွယ်ထားပြီး ဦးခေါင်းပုံ ဖော်လျက်ရှိသည်။ သူ့သားသည် ရွှံ့စေးများကို လုံး၍ လက်ဖဝါးထဲထည့်ကာ နယ်လိုက် ခြေလိုက် ဆွဲဖြတ်လိုက်နှင့် လျင်မြန် သွက်လက် စွာ လှုပ်ရှားလျက်ရှိသည်။ သူ့သား၏ လက်များသည် ကျွမ်းကျင် လိမ္မာလွန်း လှပေသည် ဟု စိတ်ထဲက မှတ်ချက်ချမိလေ၏။

ဩဂတ်စတီကတော့ သူ့အဖေ ထိုင်နေပုံကို ပြုပြင်စေချင်သည်။ သဘာဝ

mgyoe.com

mgyoe.com


ကျကျနန သက်သောင့်သက်သာ ထိုင်စေချင်၏။ အခုလို တောင့်တောင့်ရောင့်ရောင့် ကြီးဆိုလျှင် ရုပ်တုထုလုပ်ရာတွင် အဆင်မချော။ ဩဂတ်စတီက မကြာခဏ သတိပေးနေသော်လည်း အထိုင်ပုံစံကတော့ ပျက်သွားခြင်းမရှိ၊ ပြောလေ ဆိုးလေ ဖြစ် ဖြစ်လာနေသဖြင့် ဩဂတ်စတီမှာ အကြံရခက်လျက်ရှိသည်။ နောက်ဆုံးတွင် သူသည် ပါပ့ါဆေးတံကို မီးညှိပြီး ပါပ့ါ ပါးစပ်တွင် တပ်ပေးလိုက်ရာ ဆေးတံကို ဖွာရှုလျက်ရှိသော ပါပါသည် ချက်ချင်းပင် ပင်ကို သဘာဝအတိုင်း ဖြစ်သွားသည်။

ရုပ်တု ထုပြီးခါနီးတွင် ဩဂတ်စတီသည် ခဏမျှရုပ်ကာ သူ့လက်ရာ ကို ပြန်ကြည့်သည်။ နှာခေါင်းနှင့် နှုတ်ခမ်းများသည် မဟာဆန်လွန်းလှသည် ဟု မှတ်ချက်ချသည်။ ပါပါသည် သူ့သား၏ စကားကို လက်မခံနိုင်။ သူ့အနေဖြင့် ထိုပုံစံအတိုင်းပင် နှစ်သက်သည်ဟု ပြောသည်။ ပါပါက ယင်းကဲ့သို့ ပြောနေသော် လည်း ဩဂတ်စတီက နားမထောင်၊ ထိုကြွန်အင်လက္ခဏာရုပ်များကို ဖျက်ပစ် သည်။ ပါပါက သူ ဆက်ပြီး ထိုမပေးတော့ဟု ပြောနေသော်လည်း သူ့ဦးခေါင်း ရုပ်တုကို ဘီးယော့စ် အနုပညာသင်ကျောင်းမှ တာဝန်ရှိသူများက လေ့လာ ကြည့်ရှုမည့် အရေးကို တွေးမိလိုက်သည့်အခါ ဂုဏ်ယူလိုစိတ် ဝင်လာသည်။

တစ်လ ကုန်သွားခဲ့ပြီ။ ဩဂတ်စတီကတော့ သူ့ရုပ်တုကို တင်ပြဖို့ အဆင်သင့်ဖြစ်ပြီဟု မဆုံးဖြတ်သေး။ ပါပါက သူ့သား ထုထားသည့် ရုပ်တုမှ ဖြောင့်စင်းရှည်လျားသော နှာခေါင်းကို အလွန်သဘောကျနေသည်။

'ဒါပေမဲ့ကွာ၊ မင်းထုထားတာက ငါ့ကို သိပ်ပြီး အိုစာကျအောင် လုပ်လိုက် သလို ဖြစ်သွားတယ်။ ပြီးတော့ ပါးမုန်းမွေးတွေကျတော့ကော ဘယ်လို လုပ်မှာလဲ' ဟုပြောသည်။

ပါပါက သူ၏ လူဝီ ဖိလစ် ပါးမုန်းမွေးများသည် အလွန် ယောကျ်ား ပီသသည်ဟု ယူဆထားသူ ဖြစ်၏။ ယခု သူ့သား ထုလုပ်ထားသည့် မျက်နှာတွင် ပါးမုန်းမွေး ဟူ၍ လုံးဝ မပါဘဲ ပြောင်ရှင်းနေသည်။

"ကျွန်တော်က ရှေး ဂရိခေတ် ပန်းပုပညာအတိုင်း ဂန္ထဝင်မြောက်တဲ့ ဟန်ကို ယူပြီး ထုထားတာ ပါပါ။ ဒီဟန်ဟာ ဘီးယော့စ် အနုပညာသင်ကျောင်းက လက်ခံ ထားတဲ့ဟန်ပဲ ပါပါရဲ့"

"ဒါပေမဲ့ကွာ . . . ဘာပဲဖြစ်ဖြစ် ငါနဲ့ မတူဘူး။ ပြောင်းသင့်တာတွေကို ပြောင်းမှ ဖြစ်မယ်"

"မပြောင်းနိုင်ဘူး ပါပါ၊ ကျွန်တော် ပြောင်းမပစ်နိုင်ဘူး" ဟု ဩဂတ်စတီ၏ နှလုံးသားမှလာသော စကား ဖြစ်ချေသည်။

mgyoe.com

mgyoe.com

"ရုပ်တုက ပြီးသွားပြီလားကွ"

"မပြီးသေးဘူး၊ ကျွန်တော် ဘယ်တော့မှလည်း ပြီးမှာ မဟုတ်ဘူး" ဟု ဩဂတ်စတ်က ပြောသည်။ "ဒါပေမဲ့ .... အခု ထုထားတာဟာ ကျွန်တော့် အစွမ်းအစရှိသမျှနဲ့ အကောင်းဆုံးဖြစ်အောင် ထုထားတာပါ။ ကျွန်တော့်ကို ဆရာလီကွတ်က ပြောတယ်။ ကျွန်တော် အလုပ်လုပ်တဲ့အခါမှာ ကျွန်တော် မြင်တဲ့အတိုင်းသာ လုပ်ရမယ်တဲ့"

"ဒါဆိုရင် လီကွတ်ကို အိမ်လာဖို့ ဖိတ်လိုက်။ ဒီရုပ်တုအပေါ်မှာ သူ ဘယ်လိုမြင်သလဲဆိုတာ တို့ ကြည့်ကြရအောင်။ သူ့ကို မင့်အဖေနဲ့ တွေ့ပေးရမှာများ မင်းရှက်မလားတော့မသိဘူး"

"လီကွတ်က အလုပ်များတယ် ပါပါ။ ပြီးတော့ သူက ကျွန်တော့်ကို ထောက်ခံပေးနိုင်မယ့် ပန်းချီဆရာတစ်ယောက် ရအောင် ရှာနေတယ်"

"ဒါဆိုရင် နှစ်ယောက်စလုံးကို ဖိတ်လိုက်ကွာ" ဟု ပါပါက ပြောသည်။

*

ဖိတ်လိုက်သည့်အခါ လီကွတ်က လာသည်။ နာမည်ကျော်ကြားနေသော ပန်းပုဆရာ ဟာစ်ပိုလီတီ မိန်းဒရွန်းလည်း ပါလာသည်။ ဘာနော်ဗင်ကလည်း မာရီ၏ ဧည့်သည်အဖြစ် လိုက်ပါလာသည်။ မိသားစုအဖို့ အမှတ်တရ ဖြစ်လောက်အောင် ပျော်ရွှင်ကြည်နူးခဲ့ရသည့် ပွဲလေးတစ်ပွဲဖြစ်၏။

ဤပွဲအတွက် ပါပါသည် ဂုဏ်ယူ၍မဆုံး၊ မာမာကတော့ ပျော်ရွှင်ကြည်နူးနေသည်။ မာမာကတော့ ပါပါ၏ ဦးခေါင်းရုပ်တုသည် ကြည့်သူများအား သဘာဝကျစေနိုင်လောက်အောင် အရုပ်ဆိုး အကျည်းတန်သည်ဟုထင်သည်။ ဤပွဲတွင် သမီးမာရီ၏ ဖိတ်ကြားချက်ကို ဘာနော်ဗင် လက်ခံလိုက်သည့်အတွက် မာမာ့မှာ ပျော်၍မဆုံးဖြစ်ခဲ့သည်။ ယခုအချိန်တွင် မာမာ့နှလုံးသား၌ ငြိတွယ်နေသည့် အဓိကမျှော်လင့်ချက်မှာ သမီး မာရီ လက်ထပ်သည်ကို မြင်တွေ့လိုခြင်းပင် ဖြစ်လေသည်။

မာမာသည် ဤပွဲတော်အတွက် စားပွဲခင်းများ၊ လက်သုတ်ပဝါများနှင့် ပန်းကန်များကို အန့်သီရီဆီထံမှ ငှား၍ အန့်သီရီဆီက သူမ၏ မိတ်ဆွေ ဒရိုလင်းထံမှ ငှားပေးသည်။ ညစာကို တာဝန်ယူ၍ ချက်ပြုတ်ပေးသူမှာ အန့်သီရီဆီ ဩဂတ်စတီ ထုထားသော ဦးခေါင်းပုံရုပ်တုသည် ဧည့်ခန်းထဲရှိ ဂုဏ်သိက္ခာ အမြင့်မားဆုံးသောနေရာ၌ တင်ထားသည်။ အပေါ်မှ အဝတ်စိုတစ်စ ဖုံးလွှမ်းထားသည်။ အချိန်အခါရောက်မှသာ ထိုအဝတ်ကို ဖယ်ရှားပြီး အတွင်းမှ ရုပ်တုကို ပြလိမ့်မည်

mgyoe.com

mgyoe.com

ဖြစ်သည်။

မိန်းဒရွန်းသည် စားပွဲထိပ်၌ ထိုင်နေသည်။ သူ့ဘေး တစ်ဖက်တစ် ချက်တွင် လီကွတ်နှင့် ဘာနော်ဗင်တို့က နေရာယူထားကြသည်ဖြစ်ရာ မိန်းဒရွန်းအနေဖြင့် စကားပြောစရာ ပန်းချီဆရာအဖော်များ ရှိနေသည်။ ဘာနော်ဗင်သည် အနက်ရောင် ကတ္တီပါဂျက်ကက်အင်္ကျီ၊ မီးခိုးရောင် ဘောင်းဘီနှင့် အနီရောင် သားရေဘွတ်ဖိနပ်များ စီးထားသည်။ သူ့ဘေးတွင် ထိုင်နေသူမှာ မာရီ။ မာမာသည် ဘာနော်ဗင် ဝတ်ဆင်ထားသည့် အဝတ်အစားကောင်းများကို ကြည့်ကာ မာရီနှင့် အဆင့်အတန်းချင်း ကွာလှသည်ဟု တွေးတောလျက်ရှိသည်။

ဩဂတ်စတီနှင့် မျက်နှာချင်းဆိုင်၍ ထိုင်နေသော မာရီသည် အပြာရောင် ဝတ်စုံကို ဝတ်ထားသည်။ ဩဂတ်စတီသည် သူ့အစ်မအား ကြည့်၍ မိန်းမချော တစ်ယောက်ဟု တွေးသည်။ ပါပါသည် စားပွဲ၏ အခြားတစ်ဖက် ထိပ်တွင် ထိုင်နေပြီး မာမာကတော့ ညစာပြင်ဆင်သည့်ကိစ္စတွင် အန့်သီရီဆီအား ဝိုင်းဝန်းကူညီလျက်ရှိ၍။ ဤအနေအထားသည် သူမအတွက် များစွာ အဆင်ပြေသည်ဟု ဆိုရမည်ဖြစ်သည်။ အကယ်၍ စားပွဲ၌ ထိုင်နေမည်ဆိုပါက စကားဝိုင်းထဲ၌ အမှားများကို ပြောလာနိုင်ဖွယ်ရာ ရှိနေသည် မဟုတ်ပါလား။

ပါပါသည် အပြာရောင် ဂျက်အင်္ကျီကို ဝတ်ထားသည်။ သူ့ပါးမုန်းမွေးများကို ညီညာလှပနေအောင် ညှပ်ထားသည်။ သူသည် သူ၏ ဒွေ့ဝတ်ကျေပွန်မှုအတွက် များစွာ ဂုဏ်ယူနေသည်သာမက သူ ငှားရမ်း၍ နံရံတွင် တခမ်းတနား ချိတ်ဆွဲထားသော ဘိုးချား၏ ပန်းချီကား မှုပွားများအတွက်လည်း များစွာ ကျေနပ်အားရလျက်ရှိသည်။ သို့တစေလည်း သူ့စိတ်သည် ဤညစာစားပွဲအတွက် ကုန်ကျမည့် စရိတ်ကို တွေးကာ စိတ်မအေးဖြစ်လျက် ရှိလေသည်။

မိန်းဒရွန်းသည် အံ့ဩစရာကောင်းလောက်အောင်ပင် စားနိုင်သောက်နိုင်သူဖြစ်၍။ သူသည် အစားကို ပို၍ စားသောက်နိုင်သည်နှင့်အမျှ စကားကို ပို၍ ပို၍ ပြောလာနေသည်။ သို့သော်လည်း သူသည် ဩဂတ်စတီအကြောင်းကို လုံးဝ မပြော။

"ပန်းပုဆရာတွေဟာ ငတ်နေကြတာပဲ။ ငတ်ပြီး သေရဖို့ နီးတဲ့ လူတွေလို့ ဆိုရလိမ့်မယ်။ ခင်ဗျားက ဆရာလုပ်ပြီး သင်ကြားပို့ချပေးနေရတာဆိုတော့ ကံကောင်းတယ်။ ကျုပ်တော့် အနေနဲ့ကတော့ ကူညီပံ့ပိုးနေသူတွေနဲ့ အစိုးရကိုသာ အားကိုးပြီးနေရတဲ့ဘဝက လွတ်မြောက်ပြီး သင်ကြားမှုအပိုင်းကိုသာ တာဝန်ယူရတဲ့ လူတစ်ယောက် ဖြစ်ချင်တယ်" စသည်ဖြင့် မိန်းဒရွန်းက လီကွတ်အား

mgyoe.com

mgyoe.com


ပြောလျက်ရှိသည်။

"ကျွန်တော်က ကျွန်တော့်တပည့်တွေအပေါ် စိတ်ဝင်စားတယ်။ တော်တဲ့ တပည့်တွေကို ပြောတာပါ။ သင်ကြားမှုကိုတော့ သိပ်စိတ်မဝင်စားပါဘူး" ဟု လီကွတ်က ပြန်ပြောသည်။ မာမာက ကြားဖြတ်၍ မေးသည်။

"ရှင် အိမ်ထောင်သည်လား မွန်စီယာ မိန်းရွှန်း"

"ကျွန်တော်က အမေကို လုပ်ကျွေးနေတာပါ" ဟု မိန်းဒရွှန်းက ပြန်ပြော သည်။ သူ့အသံသည် သာယာပျော့ပျောင်းလျက်ရှိသည်။

"နွေးထွေးတဲ့ နေ့တွေမှာဆိုရင် အမေက ကျွန်တော်တို့အိမ် ပန်းခြံထဲမှာ ထိုင်နေလေ့ရှိတယ်။ အဲဒီတုန်းက ကျွန်တော့်တို့မှာ မျှော်လင့်ချက်တွေက အများ ကြီးပဲ။ နှစ်ပေါင်းများစွာ အချိန်ကုန်ခံပြီး ကျွန်တော် ထုလုပ်ထားတဲ့ ရုပ်တုတွေ ကလည်း ရောင်းလို့မရသေးဘူး။ ဒီရုပ်တုတွေ လုပ်တုန်းက သုံးခဲ့ရတဲ့ ရွှံ့တွေ၊ ပလတ်စတာတွေနဲ့ ကျောက်ဖြူတွေအတွက် ကုန်ကျခဲ့ရတဲ့ ဖရန့်ငွေတွေဟာ ထောင်နဲ့ချီပြီး ရှိခဲ့ပါတယ်။ ဒါပေမဲ့ ဒီရုပ်တုတွေ ရောင်းလို့ရတဲ့ ငွေကိုတော့ ကျွန်တော် မမြင်ရပါဘူး"

အခန်းထဲတွင် တိတ်ဆိတ်သွားသည်။ ထို့နောက် ဩဂတ်စတီထံမှ အသံထွက်လာသည်။

"ကျွန်တော် ပန်းပုဆရာဖြစ်ဖို့ ကြိုးစားနေတာ ဘာကြောင့်လဲ၊ ကျွန်တော် ရူးနေလို့လား"

မိန်းဒရွှန်းက ပြန်ဖြေသည်။

"ကိုယ်ရောစိတ်ပါ အများကြီး အသုံးချပြီး ရင်းနှီးရသလောက် ငွေကြေး နည်းနည်းပဲ ပြန်ရတဲ့ အနုပညာဆိုလို့ ဒီတစ်ခုပဲ ရှိတယ်။"

ဩဂတ်စတီသည် ကြောင်အမ်းအမ်း ဖြစ်လျက်ရှိသည်။ ပါပါကတော့

" ငါမင်းကို ဒီလိုပဲပြောခဲ့တယ် မဟုတ်လား၊ ငါပြောတာ မမှန်ဘူးလား"ဟု မပြောဘဲနေလိမ့်မည် မဟုတ်။

"ဒီလိုဆိုရင်တော့ ကျွန်တော် ရူးနေလို့ပဲ ဖြစ်မယ်" ဟု ဩဂတ်စတီက ပြောသည်။ "ဒါပေမဲ့ ကျွန်တော်လုပ်ချင်တာက ပန်းပုထုတဲ့ အလုပ်ပဲ"

"သူတို့ချစ်တဲ့ မိန်ကလေးနဲ့ လက်မထပ်ကြတဲ့လူတွေ အများကြီးပါ" ဟု မိန်းဒရွှန်းက ပြောသည်။

"တကယ်လို့ မင်းဟာ ပန်းချီပန်းပု အနုပညာရှင်တစ်ယောက်ဖြစ်ဖို့ ရှိလာတယ်ဆိုရင် အဲဒါဟာ လူငယ်ဘဝရဲ့ စိတ်အားထက်သန်မှုကြောင့် မဟုတ်ဘူး၊

mgyoe.com

mgyoe.com


မင့်အနေနဲ့ ဖြစ်ကို ဖြစ်ရမှာမို့ ဖြစ်လာရတာပဲ" ဟု လီကွတ်က ဝင်ပြော သည်။

"အေး...ဟုတ်တယ်" ဟု မိန်းဒရွန်းက ပြောကာ သက်ပြင်းချသည်။

"မင်းထုထားတဲ့ ဦးခေါင်းက ဘယ်မှာလဲ"

ဩဂတ်စတီသည် ကိုယ်တစ်ပိုင်းရုပ်တုပေါ်မှ အဝတ်စကို ဆွဲဖယ်လိုက်သည်။ ပါပါ့ ပုံပေတည်း။

"မင်းအဖေပုံလား၊ မင်း . . . သူ့ ပါးမုန်းမွေးတွေကို ဖယ်ပစ်ခဲ့တာကိုး"ဟု မိန်းဒရွန်းက ရေရွတ်သည်။

"ရှေးခေတ်ဟန်နဲ့ကျတော့ ပါးမုန်းမွေးတွေပါရင် မဖြစ်ဘူး" ဟု ဩဂတ်စတီက ပြောသည်။

"ဒါပေမဲ့ ဒီပုံဟာ မင်းအဖေပုံ ဆိုရင်တော့ သူ့ပုံကလွဲပြီး တခြားပုံ တခြားဟန်ကို မယူသင့်ဘူး"

"ဒါပေမဲ့ ဒီပုံဟာ သူနဲ့ တူတယ်မဟုတ်လား ခင်ဗျာ" ဟု ဩဂတ်စတီကပြောသည်။ "ကျွန်တော် ဘီးယော့စ် အနုပညာသင်ကျောင်းကို ဝင်ခွင့်ရနိုင်မယ် မဟုတ်လား"

မိန်းဒရွန်းသည် ရုပ်တုကို ပတ်ချာလှည့်ကြည့်ပြီး ပြောသည်။

"အမြင်နဲ့ ထုလုပ်ထားတဲ့ဟန်ကတော့ ရှိနေသားပဲ၊ ခံစားမှု နက်ရှိုင်းတဲ့ သဘောလည်းရှိတယ်။ ပညာရှင် ပန်းပုဆရာတွေ ပြုလေ့ပြုထရှိတဲ့ အမှားကိုတော့ မင်းမလုပ်ထားဘူး။ ရုပ်ပုံတစ်ပုံကို ကူးယူထားတဲ့ အနေအထားတော့ ရှိနေတယ်။ အမှန်ရော အမှားပါ နှစ်မျိုးစလုံး ရောယှက်ပြီး ပါနေတာလည်း တွေ့ရတယ်။ ဒါပေမဲ့ . . . ဘီးယော့စ် အနုပညာသင်ကျောင်းကျတော့ ဘာပြောမလဲ..." ဟု သူက စကားကို ဆက်မပြောဘဲ ခေါင်းတယမ်းယမ်း လုပ်နေသည်။ သူ့အမူအရာသည် ထိုကျောင်းအပေါ်၌ အထင်အမြင်တစ်မျိုး ဖြစ်နေသည့် လက္ခဏာကို ဖော်ပြလျက်ရှိ၏။

"ဒီကျောင်းဟာ ဥရောပမှာ အကောင်းဆုံးကျောင်း မဟုတ်လား ခင်ဗျာ" ဟု ဩဂတ်စတီက မေးသည်။

"ဆယ့်ရှစ်ရာစုရဲ့ အကောင်းဆုံးကျောင်းပေါ့" ဟု မိန်းဒရွန်းက ပြောသည်။ "ဒါနဲ့ ... နေပါဦး၊ တကယ်လို့ မင်းကျောင်းဝင်ခွင့်ရရင် ကုန်ကျစရိတ်ကို ဘယ်သူ ပေးမှာလဲ"

ရုတ်တရက် ပါပါ့ထံမှ စကားပြောသံ ထွက်လာသည်။

"အဲဒီကျောင်းတက်လို့ အကျိုးရှိနိုင်တယ် ဆိုရင်တော့ ကျုပ်က ပေးမယ်"

mgyoe.com

mgyoe.com


"ခင်ဗျားသားကို အောင်မြင်မှုရလိမ့်မယ် လို့တော့ ကျွန်တော်ကတိမပေး နိုင်ပါဘူး မွန်စီယာ" ဟု မိန်းဒရွန်းက ပြောသည်။ "ဒါပေမဲ့ တကယ်လို့ သူ့မှာ ခံနိုင်ရည်ရှိမယ်ဆိုရင်တော့ ဒီကျောင်းက သူ့ကို လိုအပ်တဲ့ ပညာကောင်းတော့ ပေးမှာပါ"

သူသည် ချက်ချင်းပင် ဩဂတ်စတီဘက် လှည့်ပြောသည်။ "ကျောင်းဝင်ခွင့် လျှောက်လွှာတင်လိုက်ပေါ့လျှောက်လွှာမှာ ငါလက်မှတ်ထိုးပေးမယ်"

ဩဂတ်စတီက ကျေးဇူးတင်စကား ပြောသည်။ ထို့နောက် လီကွတ်ဘက် လှည့်၍ လီကွတ် သင်ပေးထားသမျှ ပညာရပ်အပေါ်တွင် သူ များစွာ တန်ဖိုး ထားနေဆဲဖြစ်ကြောင်း ရှင်းပြနေသည်။ လီကွတ်က သူ့အား စကားဆုံးအောင် ပြောခွင့်မပေး။

"မင်းငါ့ဆီမှာ ပညာဆက်သင်ချင်စိတ်ရှိရင် ဆက်သင်နိုင်ပါတယ်" ဟု တိုတို ပြတ်ပြတ် ကြားဖြတ်၍ ပြောသည်။

"ဆက်သင်ချင်ပါတယ် ဆရာ" ဟုပြောသည်။ "ပါပါ ကျွန်တော့်ကို ကူညီမယ် မဟုတ်လား"

"ငါပြောထားတဲ့စကားကို ငါ ဘယ်တုန်းက ဖျက်ခဲ့ဖူးသလဲကွ" ဟု ပါပါက ဒေါသတကြီး ပြန်ပြောသည်။ သို့တစေလည်း ပါပါ့စိတ်ထဲ၌ အတွေးတစ်ခု ဝင်နေသည်။

" ငါ ဘာပြုလို့ ဒီလူတွေနဲ့ တရောတနှော လုပ်မိတာပါလိမ့်" ဟူသော အတွေးဖြစ်၏။ ထိုအတွေးနှင့် အတူ ....

" တကယ်လို့များ မာရီနဲ့ ဘာနော်ဗင်တို့ လက်ထပ်ဖြစ်ခဲ့ကြရင် အားလုံး အတွက် ဘယ်လောက်များ အကျိုးရှိလိုက်မလဲ" ဟုလည်း သူ တွေးနေမိသည်။

*

ဩဂတ်စတီသည် ဘီးယော့စ် ကျောင်းဝင်ခွင့်စာမေးပွဲတွင် သူ့ကိုယ်သူ ယုံကြည်စိတ်ချမှု အပြည့်ဖြင့် ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည်။ ပန်းပုပညာ သင်ကြားရန် လျှောက်ထားသည့် ကျောင်းသားများအတွက် စာမေးပွဲကို ရှေးဂရိ နှင့် ရောမခေတ် ပုံစံအတိုင်း ဆောက်လုပ်ထားသည့် အမိုးမဲ့ ပွဲကြည့်စင်ဝိုင်းခန်းမကြီးထဲ၌ ပြုလုပ် သည်။

ခန်းမကြီး၏ ပတ်လည်တွင် သက်မဲ့ ရိုမင် ကျောက်တုံးပန်းပုရုပ်များဖြင့် ဝိုင်းရံလျက်ရှိ၏။ အလယ်တည့်တည့်တွင်မူ အသက် လေးဆယ်ကျော် ငါးဆယ်

mgyoe.com

mgyoe.com

တွင်းအရွယ် ယောကျ်ား ကိုယ်ဟန်ပြတစ်ဦး ရှိနေသည်။ ဝင်ခွင့်လျှောက်ထားသူ အားလုံးသည် ကျောင်းတာဝန်ခံများ နေရာချထားပေးသည့်အတိုင်း ဝိုင်းရံ၍ နေရာယူထားကြသည်။ သူတို့သည် တစ်နေ့လျှင် နှစ်နာရီနှုန်းဖြင့် ခြောက်နာရီတိတိ ကိုယ်ဟန်ပြ၏ တစ်ကိုယ်လုံးပုံကို ထုလုပ်ကြရမည် ဖြစ်၏။ ပေးထားသော အချိန်သည် ကိုယ်အထက်ပိုင်း ဦးခေါင်းပုံကိုပင် ပြီးအောင် ထုနိုင်ဖို့ မလုံလောက်ဟု ဩဂတ်စတီ တွေးနေမိသည်။ အမှန်တော့ စာမေးပွဲသည် လျင်မြန် သွက်လက်မှုကို စမ်းသပ်ခြင်း ဖြစ်လေသည်။

ဒုတိယနေ့ ကုန်ဆုံးသွားပြီဖြစ်သော်လည်း ဩဂတ်စတီသည် ရုပ်ပုံလွှာကို ပုံကြမ်းလောင်းနေဆဲ။ ထိုအချိန်တွင် လျှောက်လွှာရှင် အများစုမှာ တစ်ဝက်တိတိမျှ အချောသတ်ပြီး နေကြလေပြီ။ သူတို့ ထုလုပ်ထားကြပုံမှာ ဘေးပတ်ပတ်လည်မှ ရုပ်တုများကဲ့သို့ ချောမွတ်ပြောင်လက်ပြီး တောက်ပနေသည်။ သို့သော်လည်း ဩဂတ်စတီကတော့ ယင်းကဲ့သို့ ထုလုပ်ခြင်းသည် မှားသည်ဟု တွေးသည်။

ကိုယ်ဟန်ပြ၏ ကြွက်သားများသည် အိတွဲကျနေကြသည်။ အမြောင်းအမြောင်း ထနေကြသည်။ ယင်းတို့ကို ချောမွတ်အောင် သို့မဟုတ် ပြောင်လက်နေအောင် ထုလုပ်နေကြခြင်းသည် လိမ်လည်ခြင်း သို့မဟုတ် အတုလုပ်ခြင်းသာဖြစ်သည်ဟု ဩဂတ်စတီက ယူဆသည်။

ယင်းအခြေအနေတွင် မျက်စိအမြင်အာရုံ အားနည်းလျက်ရှိသော ဩဂတ်စတီသည် ကိုယ်ဟန်ပြ၏ ရုပ်လွှာကို ပြက်ပြက်ထင်ထင် မမြင်ရ။ သူသည် ကိုယ်ဟန်ပြအား အထိအတွေ့အာရုံဖြင့် သိမြင်လာအောင် အားထုတ် ကြည့်ချင်သည်။ ဤသို့ဖြင့် သူသည် ကိုယ်ဟန်ပြအား ကိုင်တွယ်ကြည့်ရန် ကြိုးစားလိုက်မိသည်။ ထိုအခါ ကျောင်းသားများထံမှ အလန့်တကြား အော်သံများ ကြားလိုက်ရ၏။ စာစစ်သူများကလည်း ချမှတ်ထားသော စည်းကမ်းတစ်ခုခုကို နောက်တစ်ကြိမ် ထပ်မံချိုးဖောက်ပါက စာမေးပွဲဖြေခွင့် မပြုတော့ဘဲ ပိတ်ပင်ခြင်း ခံရမည်ဟု ဩဂတ်စတီအား သတိပေးကြသည်။

စာမေးပွဲ နောက်ဆုံးရက်သို့ ရောက်ခဲ့ပြီ။ ဩဂတ်စတီသည် သူ့ရုပ်တုကို အပြီးမသတ်နိုင်သေး။ သို့သော်လည်း သူ့စိတ်ထဲတွင် သူ့ရုပ်တုသည် အားလုံးထဲ၌ အကောင်းဆုံးဟု ထင်သည်။ ထိုအခိုက်တွင် စာစစ်သူများထဲမှ ထင်ရှားပုံရသော စာစစ်တစ်ဦး ရောက်လာသည်။ သူ့ကို ကြည့်ရသည်မှာ တက္ကသိုလ် မဟာဌာနတစ်ခုခုမှ အဖွဲ့ဝင်တစ်ဦး ဖြစ်ဟန်တူ၏။ ထိုပုဂ္ဂိုလ်သည် အနက်ရောင် ကုတ်အင်္ကျီရှည်ကြီးကို ဝတ်ထားသည်။ သူ၏ ငွေကိုင်းမျက်မှန်သည် နှာခေါင်းထက်တွင်

mgyoe.com

mgyoe.com

အောက်သို့ ခပ်လျှောလျှော။

သူသည် ရုပ်တုကိုမကြည့်ဘဲ ဩဂတ်စတီကိုသာ စူးစူးစိုက်စိုက် ကြည့်နေသည်။ ထို့နောက် ဩဂတ်စတီအား ဘေးဖယ်ခိုင်းသည်။ ဩဂတ်စတီဖယ်ပေးလိုက်သည့်အခါ စာစစ်အဖွဲ့ဝင်သည် ရှေ့သို့ လျှောက်သွားပြီး စားပွဲပေါ်ရှိ စာမေးပွဲပုံစံပေါ်၌ 'ပယ်သည်' ဟူသော စလုံးကို ခပ်ကြီးကြီး ရေးချလိုက်သည်။

ဩဂတ်စတီ၏ဘေးမှ ဘာနော်ဗင်၏ ရုပ်တုကိုမူ စာစစ်အဖွဲ့ဝင်က လက်ခံလိုက်သည်။

"ကိုယ်က ဘိုးချားရဲ့ ဟန်ကို ပုံစံယူပြီး ထုထားတာကွ" ဟု ဘာနော်ဗင်က ဩဂတ်စတီအား ပြောသည်။ "သူတို့က ကိုယ့်ရုပ်တုကို အတော် သဘောကျသွားတယ်"

*

နောင်နှစ်တွင် ဩဂတ်စတီသည် စာစစ်ခန်းမကြီးထဲရှိ ရှိမင်ရုပ်တုများကို အတုယူ၍ ကိုယ်ဟန်ပြ၏ပုံကို ထုလုပ်ခဲ့သည်။ သတ်မှတ်ထားသည့် အချိန်အတိုင်းလည်း ပြီးစီးခဲ့၏။ သူ့ရုပ်တုကို အရောင်တလက်လက် ထွက်နေအောင် ပေါလစ်သုတ်ထားသည်။ စာစစ်အဖွဲ့ဝင်သည် စာမေးပွဲပုံစံပေါ်၌ 'ပယ်သည်' ဟူသော စာလုံးကို ရေးထည့်လိုက်ပြန်သည်။

တတိယနှစ်တွင်တော့ သူသည် ဂရိ ပန်းပုပညာရှင်တို့၏ ဂန္ထဝင်မြောက်ဟန်ကို အတုယူ၍ ထုလုပ်ခဲ့သည်။ ရုပ်တု ပြီးသွားသည့်အခါ သူ့ရုပ်တုအား တခြားကျောင်းသားများက မနာလို ဝန်တိုသော မျက်နှာထားဖြင့် ကြည့်နေကြသည်ကို သူ သတိထားမိသည်။ ထိုအခြေအနေကို မြင်ရသောအခါ ဩဂတ်စတီအားတက်သည်။ သူ့အတွက် အကောင်းဆုံး အရိပ်လက္ခဏာ ဖြစ်လိမ့်မည်ဟုလည်း ထင်မိသည်။

ယခုတစ်ကြိမ် စာစစ်အဖွဲ့ဝင်မှာ အသက်အကြီးဆုံးနှင့် အားအင် အချည့်နဲ့ဆုံး အဘိုးကြီးတစ်ယောက် ဖြစ်သည်။ သူသည် စာမေးပွဲပုံစံပေါ်၌ 'ပယ်သည်' ဟုရေးလိုက်ပြီး ထိုစာတမ်း၏ဘေး၌ "အစွမ်းအစ အရည်အချင်း မရှိ၊ နောက်ထပ် စာမေးပွဲ ဖြေဆိုခြင်းသည် အချိန်ဖြုန်းရာ ရောက်သည်" ဟု ရေးထည့်လိုက်၏။

ဩဂတ်စတီသည် သူ့ခြေထောက်များ တောင့်တောင့်မတ်မတ် ရပ်နေနိုင်ရန်အတွက် သူ့ရုပ်တုကို ဆုပ်ကိုင်ထားရသည်။ သူ့အဖို့ ကိုယ်ရောစိတ်ပါ မောပန်းနွမ်းနယ်လျက်ရှိပြီ ဖြစ်၏။ သူ့မျက်လုံးများသည် နီရဲလျက် ရှိရုံမျှမက မျက်ရည်

mgyoe.com

များဖြင့် ပြည့်နှက်နေသည်ဖြစ်ရာ ဘာကိုမှ ကောင်းစွာ မမြင်ရ။ ယခု ရရှိလိုက်သော ဒဏ်ရာသည် ကြီးမားလွန်းလှ၏။ သူ၏ ပန်းပုဆရာဘဝသည် အဆုံးသတ်သွားပြီ ဟုလည်း သူ့ရင်ထဲ၌ ခံစားနေရသည်။

ဖန်တင်လာတိုးသည် ထွက်ပေါက်အဝမှစောင့်ကာ သူ့အား နှုတ်ဆက်သည်။ ဩဂတ်စတီ၏ မျက်နှာကို မြင်ရုံမျှဖြင့် ဘာတွေဖြစ်လာသည်ကို သူ သိနေသည်။

"လောလောဆယ်တော့ မင်းကိုယ်မင်း ကံဆိုးမိုးမှောင် ကျတယ်လို့ ထင်မိမှာပဲ။ အမှန်တော့ ကံဆိုးတာ မဟုတ်ပါဘူး။ ဒေဂါးနဲ့ ကိုယ့်ကိုလည်း သူတို့က ပယ်လိုက်တယ်။ အဲဒီတော့ကာ ဘီးယော့စ်ကျောင်းဟာ တို့အတွက် ဘာကောင်းတာရှိလို့လဲ" ဟု ဖန်တင်လာတိုးက ပြောသည်။

"ခင်ဗျားက ကျွန်တော့ကို ဖျောင်းဖျဖို့ စောင့်နေတာလား" ဟု ဩဂတ်စတီက မေးသည်။

ဖန်တင်လာတိုးက ပခုံးများကို တွန့်လိုက်သည်။

"ဒီမယ် . . . ရိုဒင်၊ မင်းဟာ မွေးရာပါ ပန်းပုပညာရှင် တစ်ယောက်ပါ"ဟု ပြောသည်။ "ဒါပေမဲ့ မင်းက လီကွတ်ရဲ့ အချစ်ဆုံးတပည့် ကျောင်းသား တစ်ယောက် ဖြစ်နေတယ်။ ဒါကြောင့် သူတို့ မင့်ကို ဘယ်တော့မှ လက်ခံမှာ မဟုတ်ဘူး"

"ခင်ဗျားတို့ ဒီအကြောင်းကို စောစောက ဘာပြုလို့ မပြောကြတာလဲ"ဟု ဩဂတ်စတီက ပြန်မေးသည်။

"ပြောတော့ကော အကျိုးထူးစရာ ဘာရှိလာမှာလဲ၊ မင်းက ဆရာ လီကွတ်ဆီက ထွက်လာမှာတဲ့လား"

"ကျွန်တော်က ဘယ်လိုလုပ်ပြီး သူ့ကို ခွာလို့ ရမှာလဲ"

"အခု မင်း ဘာလုပ်မယ် စိတ်ကူးသလဲ" ဟု ဖန်တင်က မေးသည်။

"ပန်းပုပညာကို စွန့်ရုံပဲပေါ့။ တခြား အသက်မွေးမှု တစ်ခုတော့ ရှာပြီး လုပ်ရဦးမှာပဲ။ တကယ်လို့ ဒီအလုပ်နဲ့ အသက်မွေးမယ်ဆိုရင်လည်း မလွယ်ဘူး။ ဘီးယော့စ်ကျောင်းက ဘွဲ့တစ်ခု မရဘဲနဲ့ လုပ်ရင်လည်း ဘယ်လိုလုပ်ပြီး အဆင်ပြေမှာလဲ"

"မင်း လီကွတ်ကို ပြောပြပါလား၊ မင်းအတွက် သင့်တော်ရာ အလုပ်တစ်ခု လုပ်ဖို့ သူ အကြံပေးနိုင်မှာပါ"

လီကွတ်ကတော့ ကျောင်းမှ လက်မခံဘဲ ပယ်ခြင်းကို ကံဆိုးသည်ဟု

mgyoe.com

mgyoe.com

မယူဆ၊ စိတ်ထိခိုက်စရာ တစ်ခု ဟုလည်း မမြင်။

"အခုလို ဖြစ်တာဟာ မင့်အတွက် အကောင်းဆုံးအရာလို့ပဲ ငါကတော့ ယူဆတယ် ရှိဒင်" ဟုပြောသည်။ "ဘီးယော့စ်ကျောင်းဟာ ရှေး ရောမခေတ် ဂရိခေတ်က ဂန္ထဝင်လက်ရာတွေလို့ ပြောနေကြတဲ့ အတုအယောင် လက်ရာတွေ နဲ့သာ ပြည့်နေတဲ့ကျောင်း။ မင့်ကို ငါတစ်ခုမေးမယ်။ မိုက်ကယ်အိန်ဂျယ်လိုဟာ ဘီးယော့စ် အနုပညာသင်ကျောင်းက ဘွဲ့တစ်ခု ရဖို့လိုတယ်လို့ မင်း ထင်သလား"

"ကျွန်တော်က မိုက်ကယ်အိန်ဂျယ်လို မဟုတ်ဘူး ဆရာ။ သူတို့က ကျောင်းသားပေါင်း လေးဆယ့်လေးယောက် ရှိတဲ့ထဲမှာ ကျွန်တော့်ကို လေးဆယ့် တစ်လို့ သတ်မှတ်ကြတယ်။ ကျွန်တော် အဲသလောက် ညံ့ဖျင်းတယ်ဆိုတာ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မလဲ"

"မင်းက မင့်ကိုယ်မင်း နစ်အောင် နှစ်ပစ်တာကိုး။ မင်း သင်ချင်သလောက် ငါ့ဆီက သင်လို့ရနေတာပဲ။ ပြီးတော့ ငါ မင့်ကို မင်းနဲ့ သင့်တော်တဲ့ အလုပ် တစ်ခုရအောင် ထောက်ခံပေးလို့ ရနေတာပဲ"

"ဒါပေမဲ့ ကျွန်တော် ဆရာ့ဆီက သင်နေတာကို ရပ်မပစ်ချင်ဘူး၊ ပြီးတော့ ပါပါ့ရုပ်တုကိုလည်း ဆက်လုပ်ချင်တယ်။ ခက်နေတာက..."

"အဲဒါကတော့ မင်းဆက်လုပ်ပေါ့ ရှိဒင်၊ ဒါမှလည်း မင့်အတွက် ပိုကောင်း လာစရာရှိတယ်" ဟုပြောကာ လီကွတ်က သြဂတ်စတီအား ကြည့်၍ ပြုံးသည်။ သြဂတ်ဇတီကလည်း သူ့ဆရာအား ကြည့်ပြီး ပြုံးသည်။

လီကွတ်က သြဂတ်စတီအား ဗိသုကာပညာရပ်ဆိုင်ရာ အလုပြင်သူ မွန်စီယာ ကရူးချက်ထံတွင် အလုပ်လုပ်ရန် ထောက်ခံပေးသည်။ သြဂတ် စတီသည် မစို့မပို့ ပေးထားသည့် လစာဖြင့် မွန်စီယာကရူးချက်ထံတွင် အလုပ်ဝင်ရ၏။ သူ အများဆုံး လုပ်ရသည်မှာ အဆောက်အဦအား လှပအောင် တန်ဆာဆင်ပေးရခြင်း ဖြစ်သည်။ ထိုအလုပ်သည် ပန်းပုပညာ မဟုတ်သော်လည်း သြဂတ်စတီအတွက် ဒုတိယ အကောင်းဆုံးအလုပ် ဖြစ်လေသည်။

သြဂတ်စတီသည် လီကွတ်နှင့် ဘာယေးတို့ထံတွင် ရုံဖန်ရံခါ အတန်းတက် သည်။ သို့သော်လည်း သိပ်ပြီး တက်ကြွခြင်းမရှိ။ သူသည် ပန်းပုပညာရှင် တစ်ယောက် ဖြစ်လာနိုင်ဖို့ မလွယ်ဟု ထင်ကာ စိတ်ဓာတ်ကျလျက် ရှိသည်။ သူသည် ရွံ့စေးနှင့် တစ်နေ့ နှစ်နာရီကြမျှ တပင်တပန်း အလုပ် မလုပ်ရလျှင်ပင် သူ့ကိုယ်သူ အပြစ်မကင်းဟု ယူဆလာသည်။ သူ့ကိုယ်သူ တန်ဖိုး မရှိဟုလည်း ထင်လာသည်။ ဤသို့ဖြင့် သူသည် သူ့အခန်းထဲတွင် ညပိုင်းအတော်ကြီး

mgyoe.com


ညဥ့်နက်သည်အထိ အလုပ်လုပ်လေ့ရှိသည်။

*

တစ်ညတွင် ဩဂတ်စတီသည် သူ့အစ်မ မာရီတစ်ယောက် ရှိုက်ကြီးတငင် ငိုကြွေးနေသည်နှင့် ဆုံမိသည်။ သူတို့၏ ပါပါနှင့် မာမာ အိပ်မောကျလျက်ရှိကြပြီ ဖြစ်၍ သူ ဘယ်လောက်ပဲ အသံထွက်ငိုငို မည်သူမှ မကြားနိုင်ဟု မာရီက တွက်ထားသည်။ ဩဂတ်စတီသည် သူ့အစ်မအား ပွေ့ဖက်ပြီး ချော့သည် ဘာဖြစ်လို့လဲဟု မေးသည်။ မာရီက ....

"ဘာနော်ဗင် တခြား မိန်းမတစ်ယောက်နဲ့ လက်ထပ်သွားပြီ" ဟု အဖြေ ပေးသည်။

"နင့်ဟာက သေကောသေချာရဲ့လား အစ်မရာ..." ဟု ဩဂတ်စတီက ပြန်မေးသည်။ သူ့အနေဖြင့် သူ့အစ်မ၏ စကားကို မယုံကြည်နိုင်။ ဘာနော်ဗင်သည် လွန်ခဲ့သော နှစ်နှစ်အတွင်း တနင်္ဂနွေနေ့တိုင်း သူ့အစ်မထံ တစ်ရက်မပျက် ပုံမှန်လာနေသူဖြစ်သည် မဟုတ်ပါလား။

"သူကိုယ်တိုင်က ပြောတာ။ အစ်မမှာ သတို့သမီးဘက်က တင်ရမယ့် ခန်းဝင်ပစ္စည်းမရှိဘူးတဲ့။ အဲဒီငွေဟာ သူ့အတွက် နှစ်အတော်ကြာကြာ မှီလို့ ရနိုင်တယ်တဲ့။ သူ့အမျိုးသမီးက အရပ်မြင့်မြင့်၊ ရင်အုံကြီးကြီး၊ ပေါင်တံတွေက တောင့်တောင့်တင်းတင်းနဲ့၊ ပြီးတော့ ဖရန့်ငွေ နှစ်သောင်းတောင် ပါတာ"

"ငါသူနဲ့ စကားပြောကြည့်ပါဦးမယ်" ဩဂတ်စတီက ပြောသည်။

"မပြောနဲ့... မပြောနဲ့" ဟု မာရီက တိုးတိုးကလေး ပြန်ပြောသည်။

"သူ... အစ်မကို တကယ်ချစ်တယ်ဆိုတာ အစ်မ သိတယ် ဩဂတ်စတီ။ ဒါပေမဲ့ သူက ဆင်းရဲတဲ့ဒဏ်ကို မခံနိုင်တာ။ အစ်မတော့ သီလရှင်ဝတ်တော့မယ်"

"ဘယ်လိုပြောလိုက်တာလဲ မာရီ" ဟု ဩဂတ်စတီက စိတ်ထိခိုက်သံဖြင့် ရေရွတ်သည်။ သူ့အနေဖြင့် သူ့အစ်မအား ရာသက်ပန် ဆုံးရှုံးသွားရမည့် အရေးကို မတွေးရဲ။

"ငါ သီလရှင် ဝတ်မယ်ဆိုရင် မာမာကတော့ သဘောကျမှာပါ" ဟု မာရီက ပြောသည်။ "မာမာ့ အနေနဲ့ သူ့သမီးတစ်ယောက်ကို ဘုရားသခင်လက်ထဲ ပေးအပ်ခွင့်ရတယ်ဆိုပြီး ဝမ်းသာရှာမှာ"

"အစ်မလုပ်ချင်နေတာ ဒါပဲလား"

"အစ်မလိုချင်တာကိုမှ မရနိုင်တာပဲ" ဟု မာရီက ငိုရှိုက်ပြီး ပြောသည်။

mgyoe.com

mgyoe.com

"အစ်မမှာ သွားစရာဆိုလို့ တခြား ဘယ်နေရာမှ မရှိတော့တာ"

"နင်ပြောတာ မှန်မှာပါ မာရီ' ဟု ဩဂတ်စတီက စိတ်ထိခိုက်သံဖြင့် ပြောသည်။ 'ကိုယ်မြတ်နိုးနေတဲ့လူက ဒါမှမဟုတ်ရင် အရာတစ်ခုက ကိုယ့်ကို စွန့်ပစ်လိုက်တဲ့အခါမှာ ခံနိုင်ရည်ရှိဖို့ မလွယ်ဘူး"

မာရီသည် ဒူးများကို ထောက်၍ ဘုရားသခင်အား အာရုံပြုကာ ဆုတောင်းလျက်ရှိ၏။ သူမ၏ စိတ်သည် ငြိမ်းအေးချမ်းသာမှုကို ရသွားသည့် နှယ် ရှိသည်။ သူမအနေဖြင့် သူမ၏ နှလုံးသားကို ဘုရားသခင်ထံ အခိုင်အမာ အပ်နှံပြီး သွားလေပြီဟုပင် ထင်ရ၏။ နောက်တစ်လအကြာတွင် မာရီသည် စိန့်ယူသီမီ သီလရှင်ကျောင်း၌ သီလရှင်သစ်တစ်ဦး ဖြစ်သွားခဲ့လေ၏။

မာမာသည် မာရီ၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ စိတ်မကောင်း ဖြစ်ရာသည်။ သူမ၏ သမီး မာရီသည် သူမ၏ ရှေ့၌ရှိနေသော ဘဝလမ်းခရီး၏ အဆိုးအကောင်း စမ်းသပ်မှုများအတွက် ကြံ့ကြံ့ခံနိုင်မည့် အနေအထား မရှိဟု တွေးကာ စိတ်မအေးဖြစ်ရာသည်။ သို့သော်လည်း မာမာသည် သူမ၏ စိတ်ကို ထိန်းသည်။ သူမ၏ သဘောထားမှန်ကို လုံးဝ ဖော်ပြခြင်းမပြု။

"သမီး သီလရှင်ကောင်းတစ်ယောက် ဖြစ်လာမှာပါ။ သမီးကို အမှန် အမှား ခွဲခြားပြီးသိအောင် သင်ထားပေးခဲ့တယ် မဟုတ်လား" ဟု ပြောသည်။

ဤကိစ္စတွင် ပါပါသည်လည်း များစွာ စိတ်ထိခိုက်သည်။ သို့သော်လည်း ဖြစ်လာသည့် အခြေအနေအရ သူသည် သမီးမာရီ လုပ်ချင်သည့်အတိုင်း ဘေးမှနေ၍ ပံ့ပိုးကူညီပေးရာသည်။ နောက်ဆုံး သမီးနှင့် ခွဲရခါနီးတွင် သူသည် ငွေလက်ဝါးကပ်တိုင်ကလေးကို သမီး၏ မိသားစုအား နှုတ်ဆက်သည်။ သူမအား ဖက်၍ နှုတ်ဆက်နေသော ဩဂတ်စတီအဖို့တော့ စိတ်ထိခိုက်လွန်းသဖြင့် တစ်ကိုယ်လုံး တုန်ယင်လျက်ရှိလေသည်။

မာရီသည် သူ ဆုံးဖြတ်ထားသည့်အတိုင်း သီလရှင်ကောင်းတစ်ယောက် ဖြစ်ရန် ကြိုးစားရာသည်။ ကျောင်းမှ ချမှတ်ထားသည့် စည်းကမ်းများအတိုင်း တစ်သဝေမတိမ်း လိုက်နာနေထိုင်သည်။ သူမ၏ဘဝကို အနစ်နာခံ၍ ဘုရားသခင်ထံ အပ်နှံထားသည်။ သို့တစေလည်း မာရီသည် သူ့ချစ်သူ ဘာနော်ဗင်အား မမေ့နိုင်။ သူမ၏ မျက်နှာသည် ဖြည်းဖြည်းချင်း သွေးဆုတ်သလို ဖြစ်လာသည်။ ကိုယ်အလေးချိန်ကလည်း လျော့သည်ထက် လျော့ကာ အားနည်းလာသည်။ ထို့နောက် နာဖျားမကျန်း ဖြစ်လာလေသည်။

ဤပုံစံဖြင့် နှစ်နှစ်မျှ ကုန်လွန်လာခဲ့၏။ ထိုကာလအတွင်း ဩဂတ်

mgyoe.com

mgyoe.com


စတီသည် ပန်းပုပညာနှင့် ပတ်သက်၍ ပုံစံထုတ်ခြင်း၊ ပုံထုလုပ်ခြင်း စသည်များကိုပင် မလုပ်နိုင်။ သူ့အစ်မ မာရီအား ဘာနော်ဗင်က သစ္စာဖောက်သလို ပန်းပုပညာက သူ့အား သစ္စာဖောက်သွားသည့်နှယ် ခံစားနေရသည်။ သူသည် ပန်းပုပညာဘက်ကို လုံးဝလှည့်မကြည့်နိုင်တော့ဘဲ အဆောက်အဦ အလှပြင်သူ အဖြစ်ဖြင့်သာ လှုပ်ရှား ရုန်းကန်လျက်ရှိလေ၏။

မာရီတစ်ယောက် ဝမ်းတွင်းမြွေးရောင်ရောဂါဖြင့် အိမ်ကို ပြန်ရောက်လာချိန်အထိ သူသည် ပန်းပုအလုပ်ကို မလုပ်နိုင်။ သူသည် အိပ်ရာပေါ်လှဲနေသော မာရီ့ခုတင်ဘေးသို့ မကြာခဏ ရောက်သည်။ အစ်မကို အားပေးစကား ပြောသည်။ သို့သော်လည်း မာရီတွင် အသက်ရှင်ပြီး နေလိုသောဆန္ဒ မရှိတော့ပြီ။ မာရီ၏ စိတ်သည် လှည့်လည်သွားလာနေပြီ ဖြစ်၏။ သူမ၏ စိတ်အာရုံထဲတွင် သူမသည် ချစ်သူ ဘာနော်ဗင်နှင့်အတူ သွားလာခြင်း၊ ဩဂတ်စတီ၊ ကလိုတစ်လ်ဒီတို့နှင့်အတူ ပျော်ပွဲစားထွက်ခြင်း စသည်များကိုသာ မြင်ယောင်လျက် ရှိသည်။ ဩဂတ်စတီသည် သူ့အစ်မ၏ ပါးကို တယုတယ ပွတ်ကာ သူ၏ မေတ္တာကို ဖော်ပြသည်။ မာမာက ဘုရားသခင်ကို အာရုံပြုကာ သမီးအတွက် ဆုတောင်းသည်။ ပါပါကတော့ သူ့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသမျှကို မယုံကြည်နိုင် ဖြစ်လျက်ရှိ၏။

တစ်ညတွင် မိသားစုတစ်စုလုံး မာရီ့ခုတင်ဘေး၌ ထိုင်နေကြသည်။ ဤအခိုက်မှာပင် သတိလစ်ပြီး မြောနေသော မာရီသည် သတိပြန်လည် လာသည်။ သူမ၏ အားနည်းမှုအတွက် သူမကို ခွင့်လွှတ်ဖို့ တောင်းပန်သည်။ သူမအနေဖြင့် ဘုရားသခင်ထံ အလုပ်အကျွေးပြုရေးအတွက် ကြိုးစားပါသော်လည်း အဆင်မပြေဖြစ်ခဲ့ရကြောင်း၊ ကိုယ်စိတ်နှစ်ပါး ဆင်းရဲသောခံစားမှုကို တွန်းလှန်၍မရ ဖြစ်ခဲ့ရကြောင်း စသည်များကို ပြောပြနေသည်။

သူမသည် မောင်ဖြစ်သူ ဩဂတ်စတီ၏လက်ကို သူမ၏ လက်နှစ်ဖက်ဖြင့် တမြတ်တနိုး ဆုပ်ကိုင်ထားသည်။ သူမ၏ မျက်လုံးများကတော့ ဘာကိုမှ အပီအပြင် မမြင်တော့။ သို့သော်လည်း သူမ၏ အသိက သူကိုင်ထားသော လက်သည် ဩဂတ်စတီ၏ လက်ဖြစ်မှန်း ကောင်းစွာသိသည်။ နုနယ်ပျော့ပျောင်း သလောက် သန်မာသော လက်ဖြစ်သည်။ ပန်းပုပညာရှင်တစ်ယောက်၏ လက်ပေတည်း။ သူနားလည်ထားသည့် ဤစကားကို သူမ၏မောင်အား တိုးတိုးကလေး ပြောပြနိုင်ဖို့ ကြိုးစားနေသည်။ သို့သော်လည်း သူမ၏ မောင်သည် သူမနှင့် ဝေးလွန်းလှသဖြင့် သူမ၏ စကားကို ကြားနိုင်မည် မထင်။ မည်သို့ပင် ဖြစ်စေ သူမ၏မောင်သည် မိမိပြောလိုသော စကားကို နားလည်ဟန် ရှိပါ၏။

mgyoe.com

mgyde.com

ဩဂတ်စတီသည် သူ့လက်ကို ဆုပ်ကိုင်ထားသည့် မာရီ၏ လက်များ တုန်ယင်နေသည်ကို သတိထားမိနေသည်။ သူမ၏ လက်ချောင်းများသည် သူ့ လက်ချောင်းများကို ဆုပ်ကိုင်ထားရာ၌ ဖြည်းဖြည်းချင်း ပို၍ ပို၍ တင်းကျပ် လာသည်ကိုလည်း သိလာနေရ၏။ သူသည် ကြမ်းပြင်ပေါ်၌ ဒူးထောက်၍ ထိုင် ချလိုက်သည်။ သူ့မျက်နှာကို မာရီ့မျက်နှာ၌ အပ်ကာ အသက်ပြန်ဝင်အောင် လုပ်ဖို့ကြိုးစားသည်။ သို့သော်လည်း နောက်ကျသွားခဲ့ပြီ။ ပါပါသည် ကြက်သေ သေကာ ရပ်လျက်ရှိ၏။ မာမာသည် ညည်းသံတစ်ချက်ပေးကာ အရုပ်ကြိုးပြတ် ဖြစ်သွားသည်။ ဩဂတ်စတီမှာမူ ပြင်းထန်လွန်းလှသော ခံစားမှုဖြင့် ဆောက်တည် ရာမရဖြစ်ကာ စိတ်လွတ်ကိုယ်လွတ် သည်းထန်စွာ ငိုကြွေးလျက် ရှိလေ၏။

*

မာရီနှင့် ဩဂတ်စတီသည် စိတ်အမြွှာ မောင်နှမ ဖြစ်သည်။ စိတ်ချင်း အလွန်တိုက်ဆိုင်သဖြင့် နှစ်ကိုယ့်တစ်စိတ် မောင်နှမဟု ဆိုနိုင်၏။ ဩဂတ်စတီ အဖို့ မာရီသည် သူငယ်ချင်းကောင်းတစ်ယောက် ဖြစ်သည်။ အလွန်ယုံကြည် စိတ်ချရသည့် လူယုံတော်တစ်ဦးလည်း ဖြစ်၏။ အစစအရာရာ မှီခိုအားထားရသော လူလည်းဖြစ်သည်။ ယခုအခါတွင် သူသည် သူ့အလုပ်ကိုလည်း မလုပ်နိုင်။ ပန်းပုကိုလည်း ထု၍မရ။ ဒုက္ခဆင်းရဲတွင်း၌ နစ်ဝင်နေသော သူ့စိတ်တွင် သူ၏ ပန်းပုပညာနှင့် ဘာနော်ဗင်နှင့် ရင်းနှီးခင်မင်ခဲ့ရသော မိတ်ဆွေဘဝတို့သည် မာရီကွယ်လွန်ရခြင်း အတွက် တာဝန်မကင်းဟု ထင်မြင်ယူဆနေမိ၏။

မာရီ အခုလိုဖြစ်သွားတာဟာ ငါ့မှာ တာဝန်ရှိတယ်ဟု သူ့စိတ်တွင် ခံစားနေရသည်။ ဒီကိစ္စအတွက် ငါ့မှာ အပြစ်ရှိတယ်။ ဒီအပြစ် ပြေရာပြေကြောင်း အတွက် ငါ မလုပ်လို့မဖြစ်ဘူး စသည်ဖြင့်လည်း သူတွေးသည်။ ထို့ကြောင့်လည်း သူသည် မာရီကဲ့သို့ မာရီ့ကိုယ်စား ဘုရားရှိခိုးကျောင်းအတွင်း၌ သာသနာ့ဝန်ကို ထမ်းဆောင်မည်ဟု ဆုံးဖြတ်လိုက်သည်။ သူ၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ လီကွတ်သာ သိပါက ဒေါသူပုန်ထတော့မည်မှာမလွဲ။ ဤသို့ဖြင့် သူသည် သူ့ကိစ္စကို လီကွတ်အား အသိလည်းမပေး၊ ရှင်း၍လည်း မပြတော့ချေ။

ဆောင်းရာသီ မိုးရွာသွန်းနေသော နေ့တစ်နေ့တွင် သူသည် ဟိုးလီး ဆာကရာမင့် ဘုန်းတော်ကြီးများ၏ ကျောင်းတွင် ဘရာသာ ဩဂတ်စတင် ဟူသော အမည်ဖြင့် ကိုရင် ဝတ်သည်။ သူသည် ကိုရင်ဘဝဖြင့် စိတ်၏ ငြိမ်းချမ်းမှုကို ရရှိလိမ့်မည်ဟု မျှော်လင့်ခဲ့၏။ ထိုအချိန်တွင် သူ၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍

mgyde.com

mgyoe.com


သူ့မိသားစုသည် များစွာ တုန်လှုပ်လျက် ရှိနေကြလေပြီ။

ဘာသာရေးဂိုဏ်းများ၏ ဂိုဏ်းချုပ်မှာ ဖာသာအီးမတ်ဒ် ဖြစ်၍ ဂုဏ်သိက္ခာမြင့်မားသူ ဖြစ်သည်။ အသက်အရွယ်အားဖြင့်လည်း ကြီးလှပြီဖြစ်၍ စာပေပညာရှင်တစ်ဦး အဖြစ်ဖြင့်လည်း လူသိများကာ ထင်ရှားသူ ဖြစ်သည်။ သူ့မျက်နှာထားသည် လေးနက်တည်ငြိမ်ပြီး တင်းကျပ်ပြင်းထန်ခြင်း ဖော်ပြနေသော်လည်း ပြုံးလိုက်သည့်အခါတိုင်း သူ၏ သဘောမနောကောင်းမှုသည် ပေါ်လွင်လာတတ်ပေသည်။ သူသည် ဩဂတ်စတီအား ဆီး၍ နှုတ်ဆက်လိုက်ပြီး "မင်းဟာ ပန်းပုဆရာတစ်ယောက် လုပ်ခဲ့ဖူးတယ်လို့ သိရတယ်။ ဘရာသာ ဩဂတ်စတီ ဟုတ်ပါသလား" ဟု ပြောသည်။

"ကျောင်းသားတစ်ယောက် ဘဝပဲ ရှိပါသေးတယ် အရှင်" ဟုအညိုရောင်ဝတ်ရုံရှည်ကြီး ဝတ်ထားပြီးဖြစ်သော ဩဂတ်စတီက ပြန်ပြောသည်။

"မင်း အဲဒီ အနုပညာကို အပြီးသတ်ခဲ့ရဲ့လား"

"တပည့်တော်အဖို့ ဒီကိစ္စဟာ နောက်ထပ် ဆက်စရာအကြောင်း မရှိတော့ပါဘူး အရှင်"

ဖာသာအီးမတ်ဒ်၏ အညိုရောင်မျက်လုံးများသည် ပြုံးကျယ်သွားသည်။ "လူတစ်ယောက်ကို ဘုရားသခင်က အနုပညာဘက်မှာ အစွမ်းအစရှိအောင်ကောင်းချီးပြုထားတယ်ဆိုရင် အဲဒါကို ပေါ့ပေါ့တန်တန် သဘောထားလို့ မရနိုင်တော့ဘူး ဘရာသာ ဩဂတ်စတီ၊ လူတစ်ယောက်ဟာ အလှတရားကိုရော ဘုရားသခင်ကိုပါ အလုပ်အကျွေး ပြုနိုင်တယ်။ ဖရာဖီလစ်ပိုနဲ့ ဖရာဘာတိုလိုမီအိုတို့ဟာ ထူးထူးခြားခြား ပြောင်ပြောင်မြောက်မြောက် ဂုဏ်သိက္ခာမြင့်မားစွာနဲ့ အဲဒီနှစ်ခုစလုံးကို အလုပ်အကျွေးပြုခဲ့ကြတယ် မဟုတ်လား"

ဩဂတ်စတီက အလိုက်သင့် ခေါင်းညိတ်လိုက်သော်လည်း စိတ်ထဲကတော့ ငါဘယ်တော့မှ ပန်းပုပညာကို လှည့်မကြည့်တော့ဘူးဟု တွေးနေသည်။

"ဒီကိစ္စဟာ အလျင်စလို လုပ်စရာမလိုပါဘူး ဘရာသာ ဩဂတ်စတီ၊ မင့်အနေနဲ့ မင့်ရဲ့ အသက်မွေးစရာ လုပ်ငန်းတစ်ခုကိုတော့ ရှာရပေမှာပဲ။ နောက်တစ်ချက်က လူတစ်ယောက်ဟာ သာသနာ့ဘောင်ကို ဝင်တဲ့အခါမှာ မိမိရဲ့ထွက်ပေါက်တစ်ခုအဖြစ် သတ်မှတ်ပြီး မဝင်သင့်ဘူး ဘရာသာဩဂတ်စတီ၊ ဘုရားသခင်ရဲ့ အလိုဆန္ဒတွေကို ငါ အစွမ်းကုန် ဖြည့်ဆည်းပေးမယ်ဆိုတဲ့ စေတနာနဲ့သာဝင်သင့်တယ်"

ဖာသာအီးမတ်ဒ်၏ စကားများကို ကြားသိခဲ့ရပြီး နောက်ပိုင်းတွင်

mgyoe.com

mgyee.com
ဘရာသာ ဩဂတ်စတီသည် သူ့ဂိုဏ်းမှချမှတ်ထားသည့် စည်းကမ်းများအတိုင်း အတိအကျ လိုက်နာ နေထိုင်နိုင်ရန် ကြိုးစားသည်။ ရှင်သာမဏေအသစ်အနေဖြင့် သူသည် ဓမ္မတေးများကို အကောင်းဆုံးနှင့် အညင်သာဆုံးဖြစ်အောင် သီဆို၍ ဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်များကို ဆင်ခြင်နှလုံးသွင်းသည်။

သူသည် မာန်မာနမှ ကင်းဝေးအောင် အားထုတ်သည်။ ပြင်းပြသော ဆန္ဒရမ္မက်များကို ဖယ်ရှားနိုင်အောင် ကြိုးစားသည်။ ကာမဂုဏ်အာရုံနှင့် စည်းစိမ်ခံစားမှုများ ကင်းဝေးအောင် ချိုးနှိမ်သည်။ သူ့ကိုယ်သူ ဘုရားသခင်၏ စစ်မှန်သော နောက်လိုက်တစ်ဦးဖြစ်စေရန် ကြိုးပမ်းသည်။ သူသည် စိတ်၏ အေးချမ်းမှုကို တိတ်ဆိတ်ငြိမ်သက်ခြင်းတရားနှင့် ဆင်ခြင်ခြင်းတို့အထဲ၌ ရှာဖွေသည်။

သူသည် အချိန်ရှိသမျှ ခြိုးခြံခြင်း၊ သည်းခံခြင်း၊ နာခံခြင်းတို့ကို လက်ကိုင်ပြုကာ အထီးကျန်နေထိုင်ခြင်းနှင့် ဘုရားသခင်အား အာရုံပြုခြင်းတို့အပေါ်၌သာ အမှီပြု၍ နေထိုင်သည်။ ဤနေ့ရက်ပေါင်းများစွာအတွင်း ဘုရားသခင်ကို အာရုံပြုခြင်း၊ ဓမ္မတေးသီဆို၍ ဘုရားသခင်၏ ဂုဏ်တော်များကို ချီးကျူးခြင်း၊ တရားတော်များ လေ့လာခြင်းနှင့် တရားဘာဝနာပွားများခြင်း စသည်များနှင့်သာ မွေ့လျော်နေခဲ့လေ၏။

မည်သို့ပင်ဖြစ်စေ ဘရာသာ ဩဂတ်စတီသည် တစ်ညပြီးတစ်ည သူ၏ ကောက်ရိုးမွေ့ရာပေါ်၌ အိပ်မပျော်ဘဲ တလူးလူး တလိမ့်လိမ့်ဖြင့်သာ အချိန်ကုန်နေရ၏။ ပန်းပုပညာတည်းဟူသော မီးတောက်သည် သူ့စိတ်အတွင်း၌ တရှိန်ရှိန် တညီးညီး တောက်လောင်နေပြီ မဟုတ်ပါလား။

သူသည် ဘုရားသခင်အား အာရုံပြုကာ လမ်းညွှန်မှုပေးပါရန် တောင်းခံပါ၏။ သို့သော်လည်း သူ့စိတ်ထဲတွင် ပန်းပုထုစရာ အကြောင်းအရာတွေက အများအပြား။ လက်ဝါးကပ်တိုင်ထက်မှ ခရစ်တော်၊ အစ်မ ကလိုတစ်လ်ဒီ၏ မျက်နှာဖြင့် မက်ဒါလင်း။ ကန္တာရအတွင်းမှ စိန့်ဂျွန် ...စသည် ...စသည်များ။

ဘရာသာ ဩဂတ်စတီ၏ မျက်နှာသည် အမြဲတစေ မှုန်မှိုင်းရီဝေလျက်ရှိသည်ဖြစ်ရာ ယင်းအချက်ကို သတိထားမိနေသော ဖာသာ အီးမတ်ဒ်သည် သူ့အား စိုးရိမ်မကင်းသောစိတ်ဖြင့် မျက်ခြည်မပြတ် ကြည့်လျက်ရှိသည်။ တစ်ရက်တွင်မူ ဖာသာအီးမတ်ဒ်က "မင်း ဒန်တီကို သိသလား"ဟု မေး၏။

"နည်းနည်းပါးပါးတော့ သိပါတယ်"ဟု ဘရာသာ ဩဂတ်စတီက မေးခွန်းအပေါ် အံ့အားသင့်စွာဖြင့် ဖြေသည်။

"ငါ့ဆီမှာ ဒန်တီရဲ့ 'ဒီဗိုင်းကော်မီဒီ' Divine Comedy စာအုပ် ရှိတယ်။
mgyee.com

mgyoe.com


အသစ်ပုံနှိပ်လိုက်တဲ့ စာအုပ်၊ အထဲမှာ ဂတ်စ်တော့ဒိုး ဆွဲထားတဲ့ သစ်ထွင်း ပန်းချီတွေ ပါတယ်။ မင်း ကြည့်ချင်စိတ်ရှိသလား"

"ကြည့်ရရင်တော့ သိပ်ကောင်းမှာပဲ"

ဒိုး၏ သစ်ထွင်းပန်းချီလက်ရာများသည် အံ့မခန်း ရှိလှပါပေ၏။ ဩဂတ်စတီသည် ဘုန်းကြီးကျောင်းစာကြည့်တိုက်ထဲ၌ နောက်တစ်ကြိမ် ပုံဆွဲလိုသော ဆန္ဒပြင်းပြနေသည်။ သူ့စိတ်ကို ရိပ်စားနားလည်လိုက်သော ဖာသာ အီးမတ်ဒ်သည် ဩဂတ်စတီအား စက္ကူနှင့် မင်တံ ပေးသည်။ ဩဂတ်စတီသည် 'ဒီဗိုင်း ကော်မီဒီ' ဇာတ်လမ်းကို ကြည့်၍ သူ သရုပ်ဖော်လိုသောပုံများကို ရေးဆွဲနေသည်။ သူ့ ပုံများသည် ဒိုး၏ ပုံများထက် ပိုပြီး သိမ်မွေ့နူးညံ့ရုံမျှမက ပိုပြီး နှစ်သက်စရာ ကောင်းသည်ကို တွေ့ရ၏။ လပေါင်းများစွာအတွင်း ပထမဆုံးအကြိမ် စိတ်သာယာမှုကို ဩဂတ်စတီ ရရှိခဲ့လေသည်။

ဖာသာ အီးမတ်ဒ်က ဩဂတ်စတီ ရေးဆွဲထားသော ပုံများကိုကြည့်၍ "ကောင်းတယ်၊ ကောင်းတယ်၊ မင်းရဲ့ အချိန်တွေ အလဟဿ မဖြစ်တော့ဘူး ပေါ့"ဟု ရေရွတ်သည်။ ထို့နောက် သူ့အား ဖာသာက ပန်းဥယျာဉ်ထဲ၌ အလုပ်လုပ်ရန် တာဝန်ချထားပေးသည်။ ဖာသာအီးမတ်ဒ်အနေဖြင့် ဩဂတ်စတီတွင် လက်များကို အသုံးပြုပြီး အလုပ်လုပ်ချင်စိတ် ရှိနေသည်ကို သိနေပြီ မဟုတ်ပါလော။

တစ်ရက်တွင် ဩဂတ်စတီသည် ဥယျာဉ်အတွင်းရှိ သစ်သားတဲအပြင်မှ သစ်တုံးတစ်တုံးကို အမှတ်မထင် တွေ့သည်။ နောက် မကြာမီတွင် သူသည် ထိုသစ်တုံးဖြင့် ရုပ်တုတစ်ခုကို ထုလုပ်နေမိသည်။ ဖာသာ အီးမတ်ဒ် ရောက်လာချိန်တွင် ရုပ်တုသည် ပြီးစီးလုနီးနေလေပြီ။ သူ့အား ဖာသာ အီးမတ်ဒ်က အပြစ်ပေးတော့မည်ဟု သူ ထင်သည်။ သို့သော်လည်း ဖာသာ့ထံမှ ထွက်လာသည့် စကားကြောင့် သူသည် များစွာ အံ့အားသင့်ခဲ့ရ၏။

"ဘရာသာ ဩဂတ်စတီ၊ မင်း ရွံ့စေး လိုချင်သလား"

ဩဂတ်စတီရဲ့ မျက်နှာသည် နီရဲသွားသည်။ ထစ်တီးထစ်ငေါ့ဖြင့်..

"ဟုတ်ကဲ့ ဖာသာ၊ ဖာသာ့ကို ကျေးဇူးတင်ပါတယ်"ဟု ပြန်ပြောသည်။

"မင်း ဒီ သစ်သားတဲကို သုံးချင်ရင် သုံး"ဟု ပြောသည်။ "တို့ကျောင်းက ဂန္ထဝင်မြောက်တဲ့ ပန်းချီ ပန်းပု အနုပညာသင်ကျောင်းကြီး တစ်ကျောင်းတော့ မဟုတ်ဘူး ဘရာသာ ဩဂတ်စတီ၊ ဒါပေမဲ့ မင်းရဲ့ ကျွမ်းကျင်ပြောင်မြောက်တဲ့ လက်ရာတွေဟာ မွန်မြတ်ခြင်းဆိုတဲ့ အရည်အသွေးကို ဖော်ပြနေတယ်"

ဩဂတ်စတီသည် ဖာသာ အီးမတ်ဒ်၏ ခြေရင်း၌ ဒူးထောက်ထိုင်ချလိုက်ပြီး

mgyoe.com

mgyoe.com
"ဖာသာရဲ့ ရုပ်ပုံကို ပန်းပုထုချင်ပါတယ်။ ကျွန်တော့်အတွက် ကိုယ်ဟန် ပြအဖြစ် ထိုင်ပေးနိုင်ပါ့မလား"ဟု ပြောသည်။

ဖာသာ အီးမတ်ဒ်သည် ဩဂတ်စတီအတွက် မကြာခဏ ထိုင်ပေးသည်။ ဖာသာ မလာနိုင်သောအခါများတွင် ဩဂတ်စတီသည် ဖာသာ၏ ရုပ်လွှာကို မှတ်ဉာဏ်ထဲမှ ယူ၍ထုသည်။ ရှေးဦးစွာ ဖာသာ၏ ပုံကြမ်းကို စက္ကူကြမ်း တစ်ရွက်ပေါ်တွင် မီးသွေးဖြင့် ဆွဲသည်။ ထို့နောက် ရုပ်တုငယ်တစ်ခုကို နမူနာပုံစံအဖြစ် ထုလုပ်သည်။ သူသည် ဖာသာ၏ ရုပ်လွှာကို ထုလုပ်ရာ၌ ရှေးဆန်သော ဟန်ကိုလည်း အတုမယူ၊ ရုပ်တုကို လှအောင်လည်း ပြုပြင်ထုလုပ်ခြင်းမပြု၊ ဖာသာ အီးမတ်ဒ်၏ အနှစ်သာရကို အမိဖမ်းပြီး ဖော်ပြနိုင်ရန်သာ အဓိကထား၍ အားထုတ်ခဲ့လေသည်။

ဦးခေါင်းရုပ်တုပြီးသွားသည့်အခါ ဖာသာအီးမတ်ဒ်က သူ့ရုပ်ပုံကို စစ်ဆေးကြည့်သည်။ ထို့နောက် 'အနည်းဆုံး ငါ့ရုပ်ပုံကို စံပြဖြစ်အောင် အောက်တန်းခပ်ကျကျ အနေအထားမျိုးဖြစ်အောင် မထုတာ တော်လှပြီပေါ့ကွယ်'ဟု ဖာသာက ပြောသည်။ 'ငါ့ပုံဟာ ဒီအတိုင်းပဲ ဖြစ်နေတယ် ဆိုပါတော့ ဟုတ်လား'

"ကျွန်တော် အဲသလိုပဲ မြင်ပါတယ် ဖာသာ"

ဖာသာ အီးမတ်ဒ်သည် ရုပ်တုပေါ်သို့ လက်တစ်ဖက် လှမ်းတင်လိုက်ပြီး ပြောသည်။ "ငါ မင်းရဲ့ အဆုံးအဖြတ်ကို လက်ခံပါတယ်။ အလွန်လှတဲ့ ဦးခေါင်းပါပဲ။ မင်းထုလိုက်တဲ့ ရုပ်တုကြောင့် ငါဟာ ပိုပြီး လူဆန်သွားတယ်လို့ ထင်တယ်"

"ကျေးဇူးတင်ပါတယ် ဖာသာ"

"မင်းကိုလည်း ကျေးဇူးတင်ပါတယ် ဘရာသာ ဩဂတ်စတီ"ဟု ပြောသည်။ ဖာသာ အီးမတ်ဒ်သည် လမ်းညွှန်မှုတစ်ခုခုကို စောင့်စားရှာဖွေနေသကဲ့သို့ ငြိမ်သက်စွာ ရပ်နေသည်။ ထို့နောက် "မင်းရဲ့ အစွမ်းအစနဲ့ ကျွမ်းကျင် လိမ္မာမှုကို အားပေးတဲ့နေရာမှာ တို့က သိပ်ပြီး လောကုတ္တရာ ဆန်လွန်းနေလိမ့်မယ်လို့ ထင်တယ်"ဟု ပြောသည်။

ထိုစကားကို ကြားလိုက်သည့်အခါ ဩဂတ်စတီသည် ကျောက်ရုပ်သဖွယ် ငြိမ်ကျသွားသည်။ ဤစကားသည် သူ့အား ပယ်လိုက်သည့်စကားပင် ဖြစ်ချေသည်။ ဖာသာ အီးမတ်ဒ်၏ စကားလုံးအသုံးအနှုန်းသည် မည်မျှပင် နူးညံ့သိမ်မွေ့စေကာမူ ဩဂတ်စတီကတော့ သူ့အား စွန့်ပယ်လိုက်ခြင်းပင် ဖြစ်သည်ဟု တွက်လေသည်။

ဖာသာ အီးမတ်ဒ်သည် သူ့အား စေ့စေ့စပ်စပ် ထပ်ကြည့်ပြီး ထပ်ပြော

mgyoe.com


သည်။ "လူအားလုံးဟာ တလေးတနက် စဉ်းစားဆင်ခြင်ရတဲ့ဘဝနဲ့ သင့်တော်တယ်လို့ မဆိုနိုင်ဘူး။ မင်းအနေနဲ့ လောကီကမ္ဘာကို ပြန်သွားသင့်တယ်၊ ပန်းပုပညာဆီကို ပြန်သွားသင့်တယ်။ ဒီမှာနေလို့ကတော့ မင့်ဘဝဟာ ညှိုးနွမ်းခြောက်သွေ့သွားမှာပဲ"

"ဘုရားသခင်ရဲ လုပ်ငန်းနယ်ပယ်ထဲမှာ အဲသလို ဖြစ်မတဲ့လား"

"ဘုရားသခင်ရဲ့ လုပ်ငန်းဆိုတာက ပုံသဏ္ဍာန်တွေ အများကြီးရှိတယ်" ဟုပြောသည်။ "မင်းအနေနဲ့ လောကီကမ္ဘာထဲကနေပြီး ဘုရားသခင်ရဲ့အပေါ်မှာ တာဝန်ကျေအောင် ဆောင်ရွက်ချင် ဆောင်ရွက်ပေးနိုင်မှာပါ။ ဝမ်းမနည်းပါနဲ့။ မင်းဟာ ဘုရားသခင်အတွက်မဟုတ်ဘဲ ပန်းပုပညာအတွက်လည်း အနစ်နာခံနိုင်မှာပါ၊ ကိုယ်ကျိုးစွန့်နိုင်မှာပါ"

"ဒီလိုဆိုရင် ဘာကြောင့် ဒီကို ရောက်လာရတာလဲ"

"ဘာကြောင့်လဲဆိုတော့ မင်းဟာ စိတ်ဖြေစရာရှာဖို့အတွက် ရောက်လာတာပဲ။ တကယ်တော့ အဲဒါဟာ မင်း လိုအပ်နေတဲ့အရာ မဟုတ်ပါဘူး။ မင်းမှာရှိနေဖို့ လိုအပ်တာက ယုံကြည်မှုနဲ့ မျှော်လင့်မှုပါ" ဖာသာ အီးမတ်ဒ်သည် စကားကို ဖြတ်ထားလိုက်ပြီး သူ့ရုပ်တုဘက် လှည့်ကြည့်သည်။ "မင်း ဒီပုံကို ကြေးရုပ်ထုတဲ့အခါ ငါ့ကို ရုပ်တုမိတ္တူတစ်ခု ပေးမလား၊ ငါ အဲဒီရုပ်တုကို သေသည်အထိ သိမ်းထားချင်တယ်"

ဩဂတ်စတီက ပြုံးသည်။ "ဖာသာက အလွန့်ကို တော်တဲ့ ကိုယ်ဟန်ပြတစ်ဦးပါ"

"အေး ... ငါကလည်း အဲဒီလိုပဲ မျှော်လင့်ပါတယ်ကွယ်။ မင့်ကို ဘုရားသခင် စောင်မတော်မူပါစေ ဩဂတ်စတီ ရိုဒင်"

*

နောက် ရက်အနည်းငယ်မျှအကြာတွင် ဩဂတ်စတီရိုဒင်သည် *ဖာသာ အီးမတ်ဒ်၏ စကားကို လိုက်နာကာ ဘုန်းတော်ကြီးကျောင်းမှ ထွက်ခွာလာခဲ့သည်။ သူသည် ကျောင်းတွင် တစ်နှစ်နီးပါးမျှ နေထိုင်ခဲ့၏။ သူ၏ အသက်သည် နှစ်ဆယ့်သုံးနှစ်မျှ ရှိပြီဖြစ်၍ အိမ်ကို ပြန်လိုစိတ်မရှိ။ သူသည် မိဘနှစ်ပါးနှင့်

---

*၁၉၆၂ ခုနှစ်တွင် ဖာသာ ပယ်ရီဂျူလီယန် အီးမတ်ဒ်အား ပုပ်ရဟန်းမင်းကြီး ဂျွန်က စံနမူနာ ပြုအပ်သော ဘဝနှင့် ပါရီမြို့ပေါ်ရှိ ဆင်းရဲသားများ ကူညီစောင့်ရှောက်ရေး လုပ်ငန်းများကို အကြောင်းပြု၍ သူတော်စင်ဘွဲ့ကို ချီးမြှင့်ခဲ့သည်။

mgyoe.com

mgyoe.com

သူ့အဒေါ် အန့်သီရီဆီတို့နှင့် တွေ့လိုသဖြင့် အိမ်ကိုသွားမည်ဟု စိတ်ကူးထား၏။ သို့သော်လည်း သူတို့နှင့် ဆက်လက်ပြီး အတူတူနေရန်ကား မဖြစ်နိုင်တော့ပြီ၊ ပထမဦးစွာ သူသည် ပက်တီတီအီကိုသို့ သွားသည်။

ထိုနေရာ၌ လီကွတ်ရှိနေသည်ဖြစ်ရာ သြဂတ်စတီအား ဆီး၍ "မင်း ဘာလုပ်ချင်လို့ လာတာလဲ"ဟု မေးသည်။ သူ့လေသံမှာ ရိုင်းစိုင်းကြမ်းတမ်းလွန်းလှသဖြင့် သြဂတ်စတီမှာ တထိတ်တလန့် ဖြစ်ရလေသည်။ သြဂတ်စတီအနေဖြင့် သူဘာလုပ်ချင်နေသည်ကို ပီပီပြင်ပြင် မသိ။ တစ်ချိန်က လီကွတ်သည် သူ၏ လမ်းညွှန်အလင်းရောင်ဖြစ်၏။ သြဂတ်စတီသည် ပြေရာပြေကြောင်း ပြောရန် ကြိုးစားသော်လည်း လီကွတ်က အပြောမခံ။

"မင်းက ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ သွားနေလိုက်ခြင်းအားဖြင့် ငါ့ကို ကျေးဇူးတင်ကြောင်း ပြလိုက်တယ် ဆိုပါတော့ ဟုတ်လား"

"ဒါပေမဲ့ ကျွန်တော် အခု ပြန်လာခဲ့တယ်လေ၊ ဆရာ ဝမ်းသာလိမ့်မယ်လို့ ကျွန်တော်ထင်ထားတာ ...."

"ငါ့ ကျောင်းသားတွေထဲက အလုပ်ကို ကောင်းကောင်းလုပ်နိုင်တဲ့ ကျောင်းသားကို တွေ့ရင် ငါ ဝမ်းသာတာချည်းပဲ"

"ကျွန်တော် ဒီမှာအလုပ်လုပ်လို့ ရမလား"ဟု သြဂတ်စတီက မေးသည်။

"မရဘူး၊ မင်းဟာ ဒီက ကျောင်းသားတစ်ယောက် မဟုတ်ဘူး၊ ဒီမှာ မင့်အတွက် နေစရာမရှိတော့ဘူး"

"ကျွန်တော် သွားစရာနေရာ တခြားမှာလည်း မရှိဘူး။ အိမ်မှာ အလုပ်လုပ်လို့လည်း မရဘူး၊ ကိုယ်ပိုင် စတူဒီယိုလုပ်ဖို့လည်း မတတ်နိုင်ဘူး"

လီကွတ်သည် သြဂတ်စတီ ဝိုတော့မလိုဖြစ်နေသည်ကို သတိထားမိ သည်။ သူသည် သူ့စားပွဲဆီသို့သွားကာ အံဆွဲထဲမှ ဆွဲပြီးသားပုံကြမ်း တစ်ဒါဇင် ခန့်ကို ယူလာပြီး သြဂတ်စတီအား လှမ်းပေးသည်။ ပုံများမှာ သူ လီကွတ်ထံ ရောက်လာစက ရေးဆွဲထားသော ပုံများဖြစ်နေသည်ကို တွေ့ရသဖြင့် အံ့အားသင့်နေမိသည်။

"အခုအချိန်မှာကြည့်ရင် ဒီပုံတွေ ဘယ်လောက်ကြမ်းသလဲဆိုတာ မင်းမြင်ရမယ်"ဟု လီကွတ်က ပြောသည်။ "ဒါပေမဲ့ မင်း စိတ်ဓာတ်ကျတဲ့အခါတိုင်း ဒီပုံတွေကို ယူကြည့်။ ဒီပညာရပ် နယ်ပယ်မှာ မင်း ခရီးဘယ်လောက်ပေါက်နေပြီလဲ ဆိုတာ သိလာရလိမ့်မယ်"

"ကျွန်တော် ရောက်နေတဲ့ခရီးက သိပ်ပြီးမလုံလောက်သေးပါဘူး"

mgyoe.com

mgyoe.com


"မင်းဟာ ဘယ်တော့မှ တိုးတက်လာမှာ မဟုတ်ဘူး"ဟု လီကွတ်က စိတ်ဆိုးမာန်ဆိုး ပြောသည်။ "မင်းဟာ လူငယ်၊ ခွန်အားလည်းအပြည့်။ ဒါပေမဲ့ မင်းစိတ်က ကြီးမလာဘူး"။

"ကျွန်တော် ပန်းပုကိုပဲ ဆက်လုပ်ချင်တယ်။ တခြားပညာ ဘာတစ်ခုမှ မသင်နိုင်မယ့်အတူတူ ပန်းပုပညာကိုပဲ မဖြစ်မနေ သင်ရတော့မှာပဲ"

လီကွတ်သည် ဩဂတ်စတီအား စေ့စေ့စပ်စပ် ကြည့်နေသည်။ ဩဂတ်စတီသည် ယခင်ကထက် ပို၍ အားကောင်းမောင်းသန် ဖြစ်နေပြီ။ သို့တစေလည်း ယခုအချိန်အထိ ဩဂတ်စတီသည် ကလေးစိတ် မပျောက်သေးဟု သူထင်၏။ ဩဂတ်စတီတွင် သူ့တပည့် အနည်းငယ်မျှ၌သာ တွေ့ရတတ်သည့် အစွမ်းအစများ ရှိနေသည်။ ထိုအစွမ်းအစများသည် ဩဂတ်စတီ၏ အလားအလာကောင်းများ ဖြစ်ချေသည်။

မည်သို့ပင်ဖြစ်စေ ယင်း အလားအလာကောင်းများကို ရရှိအောင်နှင့် ဖြစ်ထွန်းအောင် ကြိုးပမ်းသည့်အခါတွင်မူ ခက်ခဲကြမ်းတမ်းပြီး ကာလရှည်ကြာမည့် စစ်ပွဲတစ်ပွဲနှင့် ရင်ဆိုင်ရဖို့တော့ ရှိနေ၏။

"တစ်ချိန်တုန်းက ငါလည်းပဲ ပန်းချီပန်းပု အနုပညာရှင်တစ်ယောက်ပဲ။ ငါ့စတူဒီယိုဟာ ငါ့အသက် ဖြစ်ခဲ့တယ်။ ငါ့မိတ်ဆွေအပေါင်းအသင်းတွေဆိုရင် ငါ့စတူဒီယိုမှာ ပျော်ကြတယ်၊ ငါကလည်း အမြဲတမ်း ကြိုဆိုလက်ခံလေ့ရှိတယ်။ တကယ်လို့ ငါ အိမ်မှာမရှိရင်တောင်မှ စတူဒီယိုသော့ကို ကော်ဇောအောက်မှာ ထားခဲ့တာ"

ဩဂတ်စတီသည် မျက်ရည်စများဖြင့် ပြည့်နေသော မျက်လုံးများကို ပုတ်ခတ်ပုတ်ခတ် လုပ်လျက်ရှိသည်။ "ကျွန်တော် ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိတော့ဘူး"ဟု ရေရွတ်သည်။

"လုပ်စရာရှိတာ လုပ် ...လုပ်၊ လုပ်၊ အဲဒါပဲ"ဟု လီကွတ်က ပြောသည်။ "မင်းလက်တွေ လုံးဝ လှုပ်ရှားလို့ မရတော့ဘူးဆိုတဲ့အချိန်ထိလုပ်" ထိုညတွင် ဩဂတ်စတီသည် သူ့မိဘများထံ သွားရောက်ပြီး သူ ဘုန်းကြီးကျောင်းမှ အပြီးအပိုင် ထွက်လာပြီဟု အသိပေးသည်။ သူ့ အနေဖြင့် သူ့ဘာသာသူ အခန်းငှား၍ နေတော့မည်ဟုလည်း ပြောပြသည်။ သူ အခုလို အိမ်မှ ထွက်သွားတော့မည်ဟု သိသွားသည့်အခါ မိဘများသည် စိတ်မကောင်းဖြစ်သွားသည်။ သို့တစေလည်း သူကတော့ အိမ်မှာ ဆက်၍နေလိုစိတ် မရှိတော့။ အိမ်တွင် သူ့အစ်မ မာရီနှင့် ဆက်စပ်နေသည့် စိတ်ထိခိုက်ကြေကွဲစရာ ဖြစ်ရပ်များ ရှိနေ၏။ သူ့အနေဖြင့် ယင်း

mgyoe.com

mgyoe.com

အမှတ်တရဖြစ်ရပ်များကို သူ့ စိတ်ထဲမှ အပြီးအပိုင် မောင်းထုတ်ပစ်လိုသောဆန္ဒ ပြင်းပြနေပြီ မဟုတ်ပါလော။

❖

mgyoe.com

mgyoe.com

## ၂ အပိုင်း

# ပန်းချီ ပန်းပု အနုပညာရှင်များ

'ကဖီး ဂူယာဘို့ကုက်စ်' သည် ဩဂတ်စတီ၏ နေအိမ် ဖြစ်လာသည်။ ဟာမဲလ်လမ်းပေါ်ရှိ သူ့ အခန်းသည် ခပ်သေးသေး ခပ်ကျဉ်းကျဉ်းကလေး ဖြစ်သည်။ သူ၏ အဆောက်အဦ အလုပြင်လုပ်ငန်းမှာလည်း သိပ်ပြီး တွင်တွင်ကျယ်ကျယ် မရှိလှ။ သူသည် လီကွတ်၏ စတူဒီယိုကို အသုံးပြုကာ ဘာယေးနှင့်အတူ သီတင်းတစ်ပတ်လျှင် ညပေါင်းများစွာ လေ့လာသင်ကြားခြင်း ပြုနေရသဖြင့် သူ့ကိုယ်သူ ကျောင်းသားတစ်ယောက်ဟုပင် မြင်နေမိလေ၏။

သို့သော်လည်း ကဖီး ဂူယာဘို့ကုက်စ်တွင် နေခါမှ သူ့ကိုယ်သူ ပန်းချီဆရာတစ်ယောက်ဟု ခံစားနေရ၏။ အခန်းမှာ အလုပ်သမားလူတန်းစား ရပ်ကွက်တွင်း၌ တည်ရှိ၍ မောင့်မာထရီနှင့် များစွာမဝေးလှပေ။ ယခုအခါတွင် ပန်းချီဆရာအများအပြားသည် ဤနေရာတစ်ဝိုက်၌ လာရောက်နေထိုင်စ ပြုကြလေပြီ။ တကယ်တော့ ဤတစ်ဝိုက်သည် အခန်းခသာမက အစစအရာရာ ဈေးပေါသောနေရာဖြစ်ပြီး ပါရီဆန်သော နေရာတစ်ခုလည်း ဖြစ်ပေ၏။

ဘုန်းကြီးကျောင်းတွင် အထီးကျန်ဘဝဖြင့် တစ်နှစ်တိတိ နေခဲ့ရသော ဩဂတ်စတီသည် မိတ်ဆွေအပေါင်းအသင်းများနှင့်ဆုံကာ စကားပြောလိုသောဆန္ဒပြင်းပြခဲ့၏။ ယခုအခါတွင်မူ သူသည် အပေါင်းအသင်းများနှင့်အတူ စကားလက်ဆုံကျကာ ကဖီး၏ သာယာပျော်ရွှင်မှုကို ခံစားနေရပြီ ဖြစ်၏။ ကဖီးဆိုင်ထဲတွင် ဓာတ်ငွေ့အလင်းရောင်သည် လင်းထိန်လျက်ရှိသည်။ ပန်းချီ ပန်းပု အနုပညာရှင်များသည် ထောင့်တစ်ထောင့်တွင် ထိုင်၍ ရပ်ကွက်တွင်းမှ အလုပ်သမားများသည် အခြားတစ်နေရာ၌ထိုင်ကာ စကားလက်ဆုံ ကျနေကြလေသည်။

mgyoe.com

mgyoe.com


ဤကဖီးတွင် သောက်စရာ အရက်မျိုးစုံကို ဈေးပေါပေါနှင့် ရနိုင်သည်။ အစားအစာကျတော့လည်း ဈေးချိုရုံမျှမက ပေါပေါလောလောနှင့် ကောင်းကောင်း ရတတ်သည်။ ဖောက်သည်တစ်ဦးသည် အရက်နှင့် အစားအစာ ကို အနည်း အကျဉ်းသာ ဝယ်ယူပြီး ဆိုင်ထဲတွင် တစ်ညလုံးထိုင်နေလိုပါကလည်း ထိုင်လို့ ရသည်။ ပြီးတော့ ဆိုင်ထဲတွင် သူပြောလိုသည့် စကားများကို လွတ်လပ်စွာ ပြောဆိုနိုင်လေသည်။ သို့သော်လည်း ဆိုင်ပိုင်ရှင်သည် ဤလူစု တစ်စုံတစ်ရာ မလုပ်အောင်တော့ စောင့်ကြည့်ဖို့လိုသည်။ သူ့တွင် ဤလူစုနှင့်ပတ်သတ်၍ ဤအလုပ်တစ်ခုတည်းသာလျှင် ရှိပေသည်။

သူတို့ အုပ်စုထဲတွင် ဖန်တင်လာတိုးသည် အဝတ်အစားကို သပ်သပ် ရပ်ရပ် ဝတ်ဆင်ထားသော်လည်း လက်တွေ့ကျကျ လုပ်ကိုင်တတ်သည့် အရိပ် လက္ခဏာကို မမြင်ရချေ။ အက်ဒ်ဂါဒေဂါးမှာလည်း သူ၏ မာန်မာနကြီးလွန်းလှ သော အမူအရာများကြောင့် ပန်းချီပန်းပု အနုပညာပစ္စည်းများ အရောင်းအဝယ် လုပ်သည့် ပုဂ္ဂိုလ်များနှင့် သဟဇာတဖြစ်မည့် လက္ခဏာ မရှိပေ။

အမ်မာနေးမှာ စိတ်တို စိတ်ဆိုးလွယ်သူဖြစ်၍ သူတို့ထဲမှ အသက်အငယ် ဆုံးဖြစ်သူ ဩဂတ်စတီရေနွားမှာ သာမန် အလုပ်ကြမ်းသမားတစ်ဦးနှင့် တူသည်။ လက်ဂရော့စ်နှင့် ဒါလောတို့ကတော့ ပြင်သစ် ပန်းချီပန်းပု အနုပညာသည် သူတို့၏ ပခုံးပေါ်ကျလာလိမ့်မည်ဟု ယူဆနေသူများ ဖြစ်၏။ ယင်းတို့ အုပ်စုတွင် နောက်ဆုံးမှ ရောက်လာသည့် လူသစ် ရှိဒင်မှာမူ ကျောက်တုံးတစ်တုံးသဖွယ် ငြိမ်ဆိတ်လွန်းသူ ဖြစ်လေသည်။

ဆောင်းရာသီ၏ အေးမြသော ညတစ်ညတွင် ပါရီမြို့တော်သည် စိုစွတ် သော ဆီးနှင်းများကြောင့် အမှောင်ရိပ်များ သန်းလျက်ရှိသည်။ ဤအချိန်တွင် ဆိုင်သို့ အချိန်နောက်ကျပြီး ရောက်လာသူမှာ ဩဂတ်စတီရှိဒင် ဖြစ်၏။ ထိုင်နေကျနေရာတွင် လူပြည့်လျက်ရှိရာ ဒေဂါးသည် ဖန်တင်လာတိုးဘက်သို့ တိုးကပ်ကာ ဩဂတ်စတီ ထိုင်သာအောင် နေရာလုပ်ပေးသည်။

ဒေဂါးက ဩဂတ်စတီအား တစ်ချက်မျှ လှမ်းကြည့်ပြီး ပြောသည်။

"အမှန်အတိုင်းပြောရင် မင်းအတွက် နေရာမရှိတာ အမှန်ပဲ"

"သူ နောက်ကျတာဟာ သူ့အပြစ်တော့ မဟုတ်ဘူး။ သူက သူ့မိသားစု ကို ကူညီရသေးတယ်လေ"ဟု ဖန်တင်က ပြောသည်။

"ခင်ဗျား ထိုင်ရတာ သက်သောင့်သက်သာ မဖြစ်ရင်လည်း..."ဩဂတ် စတီထိုင်ရာ ထရပ်သည်။

mgyoe.com

mgyoe.com

"မင်းကလည်းကွာ ..."ဟု ပြောကာ ဖန်တင်က ဩဂတ်စတီအား ကုလားထိုင်ပေါ် ပြန်ထိုင်သွားအောင် ရင်ဘတ်ကို အသာအယာ တွန်းလိုက်သည်။ "ဒေဂါးက စိတ် နည်းနည်းတိုနေတယ်၊ သူ့ကို စာပေအနုပညာဝိုင်းက ပယ်လွှတ်လိုက်လို့ ဒေါပွနေတာကွ"

"အဲဒါ လုံးဝ မဟုတ်ဘူး"ဟု ဒေဂါးက ဒေါသတကြီးတုံ့ပြန်သည်။ "ငါက ဘယ်သူ့ကိုမှ အောက်ကျခံတဲ့ကောင် မဟုတ်ဘူး"

"မင်းက ဘယ်အောက်ကျခံမလဲ၊ အောက်ကျခံရင် အပယ်ခံရမှာ မဟုတ်လား "

လက်ဂရော့စ်က ကြားဖြတ်မေးသည်။ "မင်းမိဘကို ကူရတာက တစ်ဖက် ဆိုတော့ အလုပ်ရော ကောင်းကောင်းလုပ်နိုင်ရဲ့လား ရှိဒင်"

"အလုပ်ကို ကောင်းကောင်း မလုပ်နိုင်ပါဘူးဗျာ"ဟု ရှိဒင်က ပြန်ပြောသည်။ အမှန်တော့လည်း ဩဂတ်စတီသည် ထိုတာဝန်ကြီးကို ဘယ်လောက်ပဲ စိတ်ပျက်စေကာမူ သူ့မိဘများကို မကူညီ၍တော့ မရ။ ယခုအခါတွင် ပါပါသည် ပုလိပ်ဘဝမှ အငြိမ်းစားယူခဲ့ပြီဖြစ်၍ လစာ တစ်ဝက်မျှသာ ရတော့၏။ မာမာမှာလည်း မမာမကျန်းဖြစ်နေပြီ။

ဩဂတ်စတီသည် သူ၏ မိတ်ဆွေသစ်များဖြစ်သော အက်ဒွပ်မာနေးနှင့် ဩဂတ်စတီ ရေနွားတို့အား စူးစူးရဲရဲ ကြည့်နေမိသည်။ သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် အတော်ကြီးခြားနားသူများဖြစ်၏။ ပါရီမြို့ပေါ်မှ ပန်းချီအကြောင်း သိနေသူတိုင်းက မာနေးအား လက်ရာ အလွန်ထူးခြား ပြောင်မြောက်သည့် ပညာရှင်အဖြစ် အသိအမှတ်ပြုထားကြသည်။ သူသည် ရုပ်ရည်အားဖြင့် ခံ့ညားထည်ဝါပြီး ဆွဲဆောင်မှုအပြည့်ရှိသည်။ လူချမ်းသာ တစ်ဦးဖြစ်၍ ရက်ရောမှုလည်း ရှိသူဖြစ်၏။ သို့သော်လည်း အသက် သုံးဆယ့် တစ်နှစ်အရွယ် ရောက်သည်အထိ သူ့အား စာပေအနုပညာ အသိုင်းအဝိုင်းအဖွဲ့မှ အသိအမှတ်မပြုသေး။ ဤအတွက်ကြောင့်လည်း သူသည် စိတ်ဆင်းရဲမှုနှင့် မကြာခဏ ကြုံနေရလေသည်။

ရေနွားသည် အသက်ငယ်ငယ် ကိုယ်ကာယ ပါးပါးလျားလျား ဆံပင် လုလုဖြစ်သည်။ ဆင်းရဲသော စက်ချုပ်သမားတစ်ဦး၏ သားသမီးငါးယောက်ထဲမှ တစ်ယောက်ဖြစ်သည်။ သူသည် လက်ထဲ၌ စုတ်တံတစ်ချောင်းရှိနေသမျှ ကာလပတ်လုံး ပျော်ရွှင်မြူးထူးနေတတ်သူ ဖြစ်၏။ သို့သော်လည်း သူ့ ပန်းချီကား များအပေါ်တွင် အလေးအနက်ထားသူဟူ၍ တစ်ဦးမျှမရှိ။ ဩဂတ်စတီကတော့

mgyoe.com

mgyoe.com


သူနှင့် နောက်ခံဘဝတူသော ရေနွားနှင့် တွေ့ဆုံရသည့်အခါတိုင်း သူ့အိမ်၌ နေရသလို ခံစားရလေသည်။

ဖန်တင်သည် စာပေနှင့် ပန်းချီပန်းပု အနုပညာအဖွဲ့ပြခန်းမှ လက်ခံခြင်း မရှိသေးသူများစာရင်းကို အသေအချာ ပြန်စစ်နေသည်။ "လက်ဂရော့စ်၊ ဒါလော၊ မာနေး၊ ဒေဂါး၊ ဘာနော်ဗင်၊ ရေနွားနဲ့ ကိုယ်။ အားလုံး ခုနစ်ယောက်။ အမှန်တော့ ဒီအဖွဲ့က အတုအယောင် အဖွဲ့ပါ"

'ဘာပဲဖြစ်ဖြစ်လေ ...'ဟု မာနေးက ပြောသည်။ "သူတို့က ကျွန်တော့်ကို လက်ခံမယ်ဆိုရင်တော့ ကျွန်တော့်ပန်းချီကားတွေကို သူတို့အခန်းမှာ တင်ပြီး ပြပွဲလုပ်မယ်။ ပန်းချီဆရာတစ်ယောက်အနေနဲ့ သူ့ကားတွေကို ရောင်းလို့ရမယ့် နေရာဟာ ဒီတစ်နေရာပဲ ရှိတယ် မဟုတ်လား"

ထိုအခါ ရေနွားက...."ကျွန်တော်လည်း ခင်ဗျားလို လုပ်မှာပဲ"ဟု ပြောသည်။ ဒါလောနှင့် လက်ဂရော့စ်တို့က ထောက်ခံသည်။

ဖန်တင်ကမူ "အဲဒီအဖွဲ့က လက်ခံဖို့ဆိုတဲ့ ကိစ္စဟာ လိုအပ်တဲ့ဟာလို့ ကျွန်တော်ကတော့ မယုံကြည်ဘူး၊ ပြပွဲတင်ဖို့ဆိုတာ အရေးကြီးတယ်လို့ ကျွန်တော် အသိအမှတ်ပြုပါတယ်။ ကျွန်တော်တို့အလုပ်ကို လူအများမြင်အောင်တော့ လုပ်ကြရမှာပဲပေါ့။ ဒါပေမဲ့ ...."

"ကျွန်တော်တို့ရဲ့ ပန်းချီကားတွေကို ကျွန်တော်တို့ဘာသာ ကျွန်တော်တို့ဖန်တီးကြတယ်။ ဒါပေမဲ့ ပန်းချီဆရာအချင်းချင်း တစ်ယောက်ရဲ့ ပန်းချီကားကို တစ်ယောက်က ရွေးလို့ ဖြစ်နိုင်ပါ့မလား"ဟု ဒေဂါးက ပြောသည်။

"လူအများကို ခင်ဗျားရဲ့ ပန်းချီကားတွေကို မကြည့်စေချင်ဘူးလား"ဟု ဖန်တင်က မေးသည်။

"ပန်းချီဆရာတွေရဲ့ ပြပွဲမှာတော့ မမြင်စေချင်ဘူး"ဟု ဒေဂါးက ဖြေသည်။

ဖန်တင်က သြဂုတ်စတီဘက် လှည့်၍ မေးသည်။ "မင်းကော ဘယ်လို သဘောရသလဲ ရှိဒင်၊ မင်းကားတွေကို ပြပွဲ မတင်ချင်ဘူးလား"

"တင်ချင်တာပေါ့၊ ကျွန်တော့်လက်ထဲမှာ ပြစရာ အဆင်သင့်သာရှိလို့ကတော့ တင်မှာပဲ"ဟု သြဂုတ်စတီက ဖြေသည်။

"အမှန်တော့လည်း ကျွန်တော်တို့ ပန်းချီဆရာတွေအတွက် အရေး အကြီးဆုံးအချက်က တခြား မဟုတ်ဘူး။ လူတွေက ကျွန်တော်တို့လက်ရာတွေကို ကြည့်အောင်လုပ်ဖို့ပဲ။ တကယ်လို့ ကျွန်တော်တို့အနေနဲ့ လူအများသိအောင် အပေါင်းအသင်းတွေက တစ်ဆင့်၊ ဩဇာတိက္ကမ ရှိသူတွေက တစ်ဆင့်၊ သတင်း

mgyoe.com

mgyoe.com


စာကြွေက တစ်ဆင့် အော်နိုင်ကြမယ်ဆိုရင် ဆလွန်း(Salon) ဆိုတဲ့ စာပေနဲ့ ပန်းချီ ပန်းပု အနုပညာအဖွဲ့ဟာ အရှက်ရမှာပဲ။ သူတို့အနေနဲ့ ကျွန်တော်တို့ဘာသာ ကျွန်တော်တို့ ပြပွဲလုပ်ခွင့်ကို ပေးလာမှာပဲ"ဟု ဖန်တင်က အားတက်သရော ပြောသည်။ သူသည် သူ ရလာသည့် စိတ်ကူးအပေါ် များစွာသဘောကျကာ အရူးအမူး ဖြစ်လျက်ရှိလေ၏။

ထိုအဖွဲ့၏ ဩဇာရိပ်မပါသော ပန်းချီပြပွဲတစ်ခုကို မိမိတို့ဘာသာ မိမိတို့ပြုလုပ်ရေး သော စိတ်ကူးအပေါ်တွင် သူတို့အားလုံး စိတ်ဝင်စားလျက် ရှိကြသည်။ နောက်ဆုံး ဒေဂါးပင်လျှင် ယင်းစိတ်ကူးအပေါ် စိတ်ဝင်စားလာသည်။ "ကျွန်တော်တို့မှာ ရှိဖို့ လိုအပ်တာက ဖွဲ့ပဲ"ဟု ဖန်တင်က ပြောသည်။ "ကျွန်တော်တို့အနေနဲ့ အားလုံးက စိတ်ဝင်စားလာသည်အထိ ဖွဲ့ခတ်ပြီးလုပ်သွားကြမယ်ဆိုရင် စိတ်မဝင်စားတဲ့ လူတွေပါ စိတ်ဝင်စားလာမှာပဲ။ နောက်ဆုံး ပါရီက ကျွန်တော်တို့အလုပ်တွေကို ကြည့်ကြမှာ မလွဲဘူး"

*

'လူတိုင်းအဖို့ အံ့အားသင့်စရာ ဖြစ်နေသည်မှာ ဖန်တင်တို့ ပန်းချီဆရာများက ဆောင်ရွက်ရန် လျာထားသည့် အစီအစဉ်ကြောင့်သာမဟုတ်ဘဲ ပြင်သစ်နိုင်ငံ၏ ကေရာဇ်ဘုရင် တတိယမြောက် နပိုလီယံ၏ ကြေညာချက်ကြောင့်လည်း ဖြစ်သည်။ ကြေညာချက်မှာ ....

စာပေနှင့် ပန်းချီပန်းပုအဖွဲ့မှ ပန်းချီပန်းပု အနုပညာလက်ရာများကို လက်မခံဘဲ ပယ်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်စာ အများအပြားကို ကေရာဇ်ဘုရင်မင်းမြတ် လက်ခံရရှိခဲ့သည်။ ယင်းကိစ္စအတွက် ဘုရင်မင်းမြတ်သည် ပြည်သူလူထုအား လွတ်လပ်စွာ ဝေဖန်ဆုံးဖြတ်ခွင့်ပေးရန် ရည်ရွယ်ချက် ရှိသည့်အားလျော်စွာ အဖွဲ့ကြီးမှ ပယ်ထားသော ပန်းချီပန်းပု အနုပညာလက်ရာ အားလုံးကို ပဲလေ့စ်ဒီ အင်ဒတ်စ်ထရီပြခန်း၌ တင်၍ ပြပွဲတစ်ခုပြုလုပ်ပေးရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ကြေညာအပ်သည်" ဟူ၍ ဖြစ်၏။

ဖန်တင်သည် မာနေး၊ လက်ဂရော့စ်၊ ဒါလောနှင့် ဘာနော်ဗင်တို့အား သူတို့ ရေးဆွဲထားသည့် ပန်းချီကားများကို ပြသရန် ဖျောင်းဖျသည်။ ပြပွဲအမည်ကို 'အပယ်ခံပန်းချီများ ပြပွဲ'ဟု ဖြစ်သည်။ ဒေဂါးသည် ပြပွဲခန်းမကို တရားဝင်ဖွင့်တော့မည့်အချိန်ထိ ငြင်းဆန်ဆဲ။ ရေနွားတွင် ပြစရာ ပန်းချီကား မရှိ။ သူသည် ပန်းချီရေးဆွဲသည့် ဟန်ကို ပြောင်းထားစဖြစ်၏။ ဩဂတ်စတီကတော့ ဦးခေါင်းပိုင်း

mgyoe.com

mgyoe.com


ရုပ်တုတစ်ခုကို ပြသရန် ဆုံးဖြတ်လိုက်သည်။ ထိုမျှလောက်ကလေး ပြသရမည့် အရေးကို တွေးကာ ဩဂတ်စတီမှာ များစွာမှပင် စိတ်လှုပ်ရှားနေလေ၏။

သူသည် ရုပ်ချောချောနှင့် ရုပ်လက္ခဏာ ထူးထူးခြားခြားရှိမည့် ကိုယ်ဟန်ပြ တစ်ယောက်ကို လိုက်လံရှာဖွေသည်။ သူ့ ရုပ်တုသည် ပါရီမြို့၌ခေတ်စားနေသည့် ရုပ်ရည်မျိုးကို ထုလုပ်ထားသော ရုပ်တုတစ်ခုဖြစ်စ်ဖို့ လိုသည်မဟုတ်ပါလား။

သူသည် ကြေးကြီးကြီး ပေးရမည့် ကိုယ်ဟန်ပြကိုတော့ ငှားနိုင်မည် မဟုတ်။ နောက်ဆုံးတွင် သူ ငှားနိုင်သည့် ကိုယ်ဟန်ပြတစ်ယောက်ကို ရှာဖွေတွေ့ရှိခဲ့၏။ ထိုလူမှာ ဘီဘီဟု ခေါ်သော ခြေသလုံးအိမ်တိုင်သမား တစ်ယောက်ဖြစ် သည်။ ဘီဘီသည် လီကွတ်၏စတူဒီယိုတစ်ဝိုက်တွင် လှည့်လည်သွားလာနေသူ ဖြစ်၍ မိုးမရွာသောညများတွင် စတူဒီယိုရှေ့၌ အိပ်သူဖြစ်သည်။ ဩဂတ်စတီက ပြောပြသည့်အခါ ဘီဘီက ရုပ်တုအတွက် ထိုင်ပေးရန် သဘောတူသည်။ သူ ထိုင်ပေးရသည့်အတွက် သူ့အား ဇွပ်ပြုတ်တစ်ခွက်နှင့် ရုံဖန်ရံခါ ဝိုင်အရက်ပေးရန် ဩဂတ်စတီက သဘောတူရလေသည်။

ဘီဘီသည် နှာခေါင်းရိုးကျိုးနေသူဖြစ်၍ မုတ်ဆိတ်မွေးမှာလည်း အမြဲ တစေ ညစ်ပတ်နေသည်။ တစ်ကိုယ်လုံးကို ခြုံကြည့်လိုက်လျှင် ဆင်းရဲခြင်းနှင့် အသက်ကြီးခြင်း ဒုက္ခများသည် ပေါ်လွင်လျက်ရှိ၏။ ဩဂတ်စတီသည် ဘီဘီ၏ ပုံကြမ်းများကို ဒါဇင်ပေါင်း အမြောက်အမြား ရေးဆွဲခဲ့ရာ သူလိုချင်သည့် အနေ အထား တော်တော်များများကို ရရှိခဲ့သည်။ ဤသို့ဖြင့် သူသည် ဘီဘီ၏ မျက်နှာ နှင့် ရုပ်ရည်တို့ကို ကောင်းစွာ ကျက်မိလာခဲ့သဖြင့် ရုပ်တုကို စတင်ထုသည်။ ထိုအချိန်မှစ၍ သူသည် ဘီဘီတည်းဟူသော တစ္ဆေ၏ ခြောက်လှန့်ခြင်းကို အမြဲတစေ ခံနေရလေ၏။

ဘီဘီ၏ အင်အားသည် သူ၏ ကြီးမားသော ဦးခေါင်း၌ တည်ရှိနေသည်။ ဘီဘီ၏ ကျိုးနေသောနှာခေါင်းသည် ဩဂတ်စတီအား စိတ်ဝင်စားအောင် ဆွဲဆောင်လျက်ရှိလေရာ သူသည် ဘီဘီ၏ နှာခေါင်းကို နေရာမှန် ပြန်ရောက် သွားအောင် သူ့လက်နှင့် ဖိတွန်းပေးနေမိသည်။ ဘီဘီက နာလွန်း၍ အော်နေသည် ကိုပင် သူ သတိမထားမိ။ ထို့နောက်တွင်မူ သူသည် တစ်ညပြီး တစ်ည မနားတမ်း ထုလုပ်ခဲ့သည်။ ပြပွဲဝင်ခွင့် ပေးထားသည့်နောက်ဆုံး သီတင်းပတ်တွင်း ရောက်ခါမှ သူ့ရုပ်တုကို အပြီးသတ်နိုင်ခဲ့၏။ သို့သော်လည်း ထိုအချိန်ကျခါမှပင် သူ့စိတ်ထဲ၌ သူ့ရုပ်တုအပေါ် မနှစ်သက်သလို ဖြစ်လာပြန်သည်။ သူ့အနေဖြင့် သူ၏ ဦးခေါင်းရုပ်တုကို သည်အတိုင်းတော့ဖြင့် မပြချင်။ ထိုအချိန်မှာပင် သူ၏

mgyoe.com

mgyoe.com

ကိုယ်ဟန်ပြ ဘီဘီသည် ပျောက်သွားလေသည်။

ညပေါင်းများစွာ ကုန်လွန်သွားပြီးနောက် တစ်ညတွင် ဘီဘီသည် ဒယီး ဒယိုင်ဖြင့် စတူဒီယိုအတွင်းသို့ ဝင်လာသည်။ နောက်ထပ် ဝိုင်သောက်လို၍ ဝင်လာခြင်းပင်။ သူ့သံသယများ မှန်နေပြီဟု ဩဂတ်စတီက သိလိုက်သည်။ ဘီဘီ့တွင် ဉပဒေမဲ့သည့် အရိပ်အသွင်သည် ပေါ်နေသည်။ သူသည် ဘီဘီအား စတူဒီယိုထောင့်တစ်ထောင့်၌ ထိုင်ခိုင်းပြီး ပုံသစ်ကို ပြန်ကိုင်သည်။ အရေပြား၏ ကြမ်းတမ်းမှု၊ နှာခေါင်း၏ ကောက်ပုံနှင့်ကွေးပုံ ...စသည်များကို မြင်လာသည်။ လူ့မျက်နှာတွင် လေ့လာစရာတွေ မည်မျှလောက် များပါလိမ့်။

အပယ်ခံများအတွက် ပန်းချီပြပွဲဝင်ခွင့်သည် ပိတ်သွားခဲ့လေပြီ။ ဩဂတ်စတီ ကတော့ သူ့ဦးခေါင်းကို ဆက်၍ထုလုပ်နေဆဲ။ သူ့ ရုပ်တုကို ဆက်ပြီး ထု၍ ကောင်းပါဦးမလား။ သူသည် လီကွတ်အား ဖိတ်ခေါ်ပြီး ကြည့်ခိုင်းသည်။ လီကွတ်သည် ပန်းပုပညာ၏ ပထမဆုံး စည်းကမ်းကို တလေးတစားလိုက်နာသူ ဖြစ်၏။ ယင်း ပထမဆုံးစည်းကမ်းမှာ အပြီးမသတ်ရသေးသော ပန်းပုရုပ်တု တစ်ခုကို မကြည့်ရဟူသော အချက်ဖြစ်သည်။ လီကွတ်သည် ရုပ်တုကို မြင်သည့် အခါ .... "မင်းဟာ ပြီးမှ မပြီးသေးဘဲ "ဟု ရေရွတ်သည်။

"ကျွန်တော် သိပါတယ်ဆရာ၊ ကျွန်တော် သိပါတယ်။ အခုပြတာက ကျွန်တော် ဒီအရုပ်ကို ဆက်ပြီး ထုသင့် မထုသင့်ဆိုတာ သိချင်လို့ပါ"

"မင်း ဒီရုပ်တုကို ရောင်းဖို့တော့ မရည်ရွယ်ဘူး ထင်ပါရဲ့၊ ဒီလူ့မျက်နှာက တော်တော် အရုပ်ဆိုးတာပဲ"

ဩဂတ်စတီသည် စိတ်ပျက်သွားသည်။ ထို့ကြောင့် ရုပ်တုကို ထုရိုက်ပြီး ဖျက်ဆီးပစ်ရန် အားထုတ်ရာ လီကွတ်က ဆွဲထားသည်။

"ခဏနေဦး...."ဟု ပြောကာ ရုပ်တုကို အသေအချာ ထပ်ကြည့်သည်။ "မင်းထုထားတဲ့ ဦးခေါင်းက ပန်းချီပန်းပု အနုပညာဆိုင်ရာ တော်ဝင်အဖွဲ့က လက်ခံထားတဲ့စံတွေနဲ့ လမ်းခွဲထွက်ထားတယ်၊ ဒီမျက်နှာက နှာခေါင်းဟာ အခုလို အရိုးမဲ့နေတဲ့ပုံ ဖြစ်သင့်သလား"

"ကျွန်တော်က အဲသလိုဖြစ်အောင် ကြိုးစားထားတာပါ"

"အင်း .... မင်းက နည်းအမျိုးမျိုးနဲ့ ပုံအမျိုးမျိုးကို စမ်းပြီးထုဖို့ ကြိုးစား နေတယ်ပေါ့။ မင့်အတွက် မှန်ကန်တဲ့နည်းလမ်း ရသည်အထိ ဆိုပါတော့၊ ဟုတ်လား"ဟု ပြောကာ လီကွတ်က ပြုံးသည်။ "နောင်အခါကျတော့ ဒီနည်းဟာ မင်းရဲ့ ကိုယ်ပိုင်နည်း ကိုယ်ပိုင်ဟန် ဖြစ်လာရပေမပေါ့လေ"

mgyoe.com

mgyoe.com


ဩဂတ်စတီသည် သူကိုင်လက်စ ကိုယ်အထက်ပိုင်းရုပ်တုကို အားသစ်မာန်သစ်ဖြင့် ပြန်ကိုင်သည်။ အပယ်ခံ ပန်းချီပန်းပု အနုပညာပြပွဲ တင်ရမည့်ကိစ္စကိုတော့ သူ လက်လျှော့လိုက်ပြီ ဖြစ်၏။

*

အပယ်ခံ ပန်းချီပန်းပု အနုပညာပြပွဲကို ဖွင့်လှစ်သည့်နေ့တွင် ပြခန်းတွင်း၌ရပ်နေသော ဩဂတ်စတီသည် လှောင်ပြောင်နေသည့် ရယ်မောသံများကို ကြားနေရသည်။ မမျှော်လင့်သော ဖြစ်ရပ်တစ်ခုဖြစ်သဖြင့် သူသည် အနေရအထိုင်ရ ခက်ကာ ထိုနေရာမှ ထွက်ပြေးချင်စိတ်ပေါ်နေသည်။ ဒေဂါးက သူ့လက်ကို ဆွဲ၍ "ကိုယ်တို့လက်ရာတွေ မတင်မိတာ ကံကောင်းတာပဲ"ဟု ပြောသည်။ ထို့နောက် သူ့အားအများ၏ လှောင်ပြောင်ခြင်းကို ခံနေရသည့် ပန်းချီကားဆီသို့ ခေါ်သွားသည်။

ထိုကားမှာ 'လီ ဒီဂျူအာနာ ဆာ ဟာဘီ' အမည်ရှိ ပန်းချီကားဖြစ်၍ မာနေး၏လက်ရာဖြစ်၏။ ရေးဆွဲထားသည့် အကြောင်းအရာမှာ ပျော်ပွဲစားထွက်သည့် ရှုခင်းတစ်ခုဖြစ်၍ အကျအန ဝတ်စားဆင်ယင်ထားသော ပန်းချီဆရာနှစ်ယောက်က ကိုယ်လုံးတီးမိန်းမတစ်ယောက်၏ ဘေး၌ ထိုင်နေကြသည့်ပုံဖြစ်သည်။ တကယ်တော့ အဝတ်မပါ ဗလာဖြစ်နေသော မိန်းမတစ်ယောက်နှင့် အဝတ်အစား အပြည့်အစုံဝတ်ထားသော ယောကျ်ားနှစ်ယောက်၏ပုံသည် မြင်ရသူများအဖို့ မပြုံးဘဲနှင့် ဝါးလုံးကွဲ ရယ်စရာ ဖြစ်နေသည် မဟုတ်ပါလား။

"ကျွန်တော်ကတော့ ဝတ်လစ်စားလစ်ပုံကို သိပ်ကြိုက်တယ်"ဟု ဩဂတ်စတီက ပြောသည်။ "အမျိုးသမီးပုံက တကယ့်ကို သဘာဝကျတာပဲ"

"ဒါပေမဲ့ ဒီပုံကိုကြည့်ပြီး လူတိုင်းလိုလို ထိတ်လန့်တကြားဖြစ်နေကြတယ်။ အဲဒါ ဘာပြုလို့လဲ ...."ဟု ဒေဂါးက ပြောသည်။ 'Giorgione ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း သုံးရာငါးဆယ်လောက်က ဒီအကြောင်းအရာကို ဆွဲခဲ့ဖူးတယ်။ အဲဒီတုန်းကတော့ လူတွေက အပြောင်မြောက်ဆုံး ပန်းချီလက်ရာလို့ အသိအမှတ်ပြုခဲ့ကြတယ်'

"ကျွန်တော်ကတော့ မာနေးရဲ့ ပုံကို ပိုပြီး ကြိုက်တယ်"ဟု ဩဂတ်စတီကပြောသည်။

မာနေးသည် နီရဲရဲမျက်နှာဖြင့် သူတို့ထံ ချဉ်းကပ်လာသည်။ သူသည် ဒေါသဖြစ်နေသည့် အရိပ်လက္ခဏာကို ဖော်ပြလျက်ရှိ၏။ "ကျွန်တော်တော့ ပျက်စီးပါပြီဗျာ"ဟု သူက အော်ကြီးဟစ်ကျယ် ပြောသည်။ "သူတို့က အခုဆိုရင်

mgyoe.com

mgyoe.com


ကျွန်တော့်လည်ပင်းကို ကြိုးကွင်းစွပ်ပြီး ကြိုးဆွဲချသတ်မယ့် လက္ခဏာပြနေပြီ"

"ခင်ဗျားက ခင်ဗျားရဲ့ ကိုယ်ပိုင်ဟန်နဲ့ ကိုယ်ကြိုက်သလို လုပ်သွားတာကို လူတွေက လက်ခံဖို့၊ အဲသလို အံဝင်ခွင်ကျဖြစ်ဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား"ဟု ဒေဂါးက ပြောသည်။ "အဲဒါမျိုးကတော့ မဖြစ်နိုင်ဘူး ထင်တယ်"

မာနေးက ပခုံးများကို တွန့်လိုက်သည်။ သူသည် သူ့ ပန်းချီကားများကို စာပေနှင့် ပန်းချီပန်းပု အနုပညာအဖွဲ့မှ လက်ခံခြင်းကို များစွာ လိုလားနေသူ ဖြစ်သည်။ ထိုအဖွဲ့သည် သူ မျှော်လင့်ထားသည့် ကမ္ဘာတစ်ခု ဖြစ်ပေသည်။

"ခင်ဗျားအနေနဲ့ ရှက်စရာတော့ မရှိပါဘူး"ဟု ဒေဂါးက ဆက်ပြော သည်။ "တကယ်လို့ ကျော်ကြားမှုကိုသာ ခင်ဗျား ပိုင်ဆိုင်ပြီဆိုရင် အဲဒီကျော် ကြားမှုက လွတ်မြောက်အောင် ထွက်ပြေးဖို့ဆိုတာ မလွယ်ပါဘူး၊ ဘာပဲဖြစ်ဖြစ် ပေါ့ဗျာ၊ ကျွန်တော်ကတော့ ခင်ဗျားပန်းချီကားတွေကို ကြိုက်တာ အမှန်ပဲ။ ဒါပေမဲ့ ဒါက သိပ် အလေးအနက် ထားရမယ့်ကိစ္စ မဟုတ်ပါဘူး။

"အယ်လ်ဂရီကိုက မိုက်ကယ်အိန်ဂျယ်လိုကို ပန်းချီဆွဲတတ်တယ်လို့ မထင်ခဲ့ဘူး။ ဗဲလတ်ကွက်ဖ်ဟာ ရာဖေးရဲ့ ပန်းချီလက်ရာတွေကို အရမ်း အထင်သေးခဲ့တယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ဘယ်လိုအကဲဖြတ်နိုင်ကြမှာ လဲ။ ကျွန်တော်တို့မှာက လူချင်းသိပ်ပြီး နီးစပ်ကြတယ်။ တစ်ယောက်နဲ့ တစ်ယောက်ကလည်း သိပ်ပြီး ရင်းနှီးကြတယ်။ အဲဒီတော့ အဖြေမှန်ရဖို့ဆိုတာ မလွယ်ဘူး"

ကျန်လူစုသည် ဘာမှ ဝင်မပြောဘဲ နှုတ်ဆိတ်နေကြသည်။ ဒေဂါး ပြောနေသမျှကိုသာ စိတ်ဝင်စားနေကြသည်။ ရိုဒင့်အဖို့ကတော့ ပြခန်းသည် အနေရအထိုင်ရကျပ်သော နေရာဖြစ်နေသည်။ အထူးသဖြင့် ဤပတ်ဝန်းကျင်တွင် သာမန်အတွေးအခေါ် အယူအဆပိုင်ရှင်များ၊ ရှေးရိုးအစဉ်အလာသမားများ သာလျှင် ရှိ၏။ သို့တစေလည်း မာနေး၏ ပန်းချီကားသည် လူအများ၏အာရုံကို ဆွဲဆောင်နိုင်စွမ်း ရှိနေသည်။ ဤတစ်ချက်သည် ထူးခြားချက်တစ်ခုဖြစ်နေ ပေသည်။

မည်သို့ပင်ဖြစ်စေ ဤပြခန်းသို့ တတိယမြောက် နပိုလီယံဘုရင် ရောက်လာ ပြီး ကြည့်ရှုလေ့လာသည်။ ပြထားသည့် ပန်းချီကားများမှာ မျက်စိ ရှက်စရာတွေ များသည်ဟု ဝေဖန်သည်။ ယဉ်ကျေးသိမ်မွေ့မှု ကင်းမဲ့သည်ဟုလည်း မှတ်ချက်ချ သည်။ အဓိကအားဖြင့် သူသည် မာနေး၏ ပန်းချီကားကို ရည်ညွှန်းဟန် တူသည် ဟု ယူဆကြရ၏။ တကယ်တော့ တတိယမြောက် နပိုလီယံဘုရင်သည် စိတ်

mgyoe.com

mgyoe.com

အပြောင်းအလဲများခြင်း၌ ပါရမီကြီးသူတစ်ဦးပေတည်း။

*

ပြပွဲပြီးသည့်နောက် လအနည်းငယ်အကြာမျှ ဩဂုတ်စတီသည် သူ၏ အလုပ်ဖြစ်သော အဆောက်အဦများ အလှတန်ဆာဆင်သည့်အလုပ်ဖြင့် မအားမလပ်ဖြစ်နေသည်။ ဤအလုပ်မှာ သူ့အတွက်သာမက သူ့မိသားစု၏ စားဝတ်နေရေးအတွက်ပါ လုပ်နေရသော အလုပ်ဖြစ်၏။ သူ့အနေဖြင့် ဤအလုပ်မှ ရသောငွေထဲမှ ရွှံ့စေးဝယ်ဖို့သာမက ဘီဘီအား ကိုယ်ဟန်ပြစရိတ်နှင့် ဝိုင်အရက်ဝယ်ပေးဖို့အတွက်ပါ သုံးရမည် ဖြစ်လေသည်။

သူသည် ဘီဘီ့၏ ရုပ်တုကို ကြီးမားသောဇောဖြင့် ထုလုပ်လျက်ရှိရာ ညတိုင်းလိုလိုပင် အိပ်ရေးဝဝ မအိပ်ရသည့်အဖြစ်နှင့် ရင်ဆိုင်နေရသည်။ ယခုအခါတွင် သူသည် အစဉ်သဖြင့် ပင်ပန်းနွမ်းနယ်မှုကို ခံစားနေရသည်။ ညပေါင်းများစွာ သူသည် ခဏတစ်ဖြုတ် အပန်းဖြေခိုက်မှာပင် အိပ်မောကျ ကျသွားသည်နှင့် ကြုံနေရ၏။

သူသည် ဘီဘီအကြောင်းကိုသာ အဆက်မပြတ် တွေးတောလျက်ရှိလေရာ ထိုအတွေးသည် သူ့အား စိတ်ကူးသစ်များနှင့် အတွေးအမြင်သစ်များကို ရရှိစေခဲ့၏။ သူ ထုလုပ်နေသော ဘီဘီ့ဦးခေါင်း ရုပ်တုသည် မိုက်ကယ်အိန်ဂျယ်လိုအား ကိုယ်စားပြုသည့် အနေအထားတွင် ရှိနေသည်။ သူသည် ဖလော်ရင်တိုင်း၏ပုံများကိုပါ စဉ်ဆက်မပြတ် လေ့လာလျက်ရှိသည်ဖြစ်ရာ ဘီဘီ၏ ဦးခေါင်းနှင့် ပတ်သက်၍ ထူးခြားမှုများကို တွေ့နေရသည်။ ဘီဘီ၏ဦးခေါင်းခွံသည် အတော်ကြီးမားရုံမျှမက သူ့မျက်နှာတွင် ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်းဒုက္ခ၊ အသက်အရွယ် အိုမင်းရင့်ရော်မှု၏ ဆင်းရဲခြင်းဒုက္ခ၊ ရုန်းကန်လှုပ်ရှားရမှုများကြောင့် ပင်ပန်းနေရသည့်ဒုက္ခ စသည်များကို မြင်တွေ့နေရသည်။

သူသည် ဘီဘီအား တစ်နေ့ လေးနာရီကြာမျှ ကိုယ်ဟန်ပြပေးရန် ဖွတ်အတင်းပြောသည်။ ဤသို့ဖြင့် သူသည် လေးဆယ့်ရှစ်နာရီကြာမျှ မရပ်မနား အလုပ်လုပ်နိုင်ခဲ့သဖြင့် နောက်ဆုံးတွင် သူ့အလုပ်သည် ပြီးစီးသွားခဲ့၏။ သူ့ရုပ်တုအား 'နှာခေါင်းကျိုးနှင့်လူ' The Man with the Broken Nose ဟု အမည်ပေးလိုက်သည်။ ထို့နောက် ရုပ်တု အောက်ခြေတွင် သူ့လက်မှတ်ကို ထွင်းထည့်လိုက်၏။ သူ၏ ပထမဆုံးလက်မှတ်မှာ A. RODIN 'အေ. ရိုဒင်'။ ပြီးတော့ သူသည် ထိုရုပ်တုကို စာပေနှင့် ပန်းချီပန်းပု အနုပညာအဖွဲ့သို့

mgyoe.com


တင်သွင်းလိုက်လေသည်။

ဩဂတ်စတီ၏ 'နှာခေါင်းကျိုးနှင့်လူ' ရုပ်တုကို အဖွဲ့မှ ၁၈၆၄ ခုနှစ်တွင် ပယ်လိုက်သည်။ 'အချိုးအစားမကျ ကိုးရိုးကားရားနိုင်သော ရုပ်တု'ဟု မှတ်ချက်ချသည်။ ဩဂတ်စတီသည် များစွာ စိတ်ထိခိုက်သွားခဲ့သည်ဖြစ်ရာ နောင်အခါတွင် ကိုယ်အထက်ပိုင်း ဦးခေါင်းများထုလုပ်ခြင်းကို လုံးဝ မလုပ်တော့ဟု ဆုံးဖြတ်ခဲ့လေသည်။

*

တစ်ရက်တွင် သူသည် ဇာတ်ရုံတစ်ရုံ၏ အပြင်ဘက်အလှကို ပြင်ဆင်မွမ်းမံလျက် ရှိသည်။ ထိုအခိုက်တွင် အသက်ခပ်ငယ်ငယ် မိန်းမချောလေးတစ်ယောက်သည် သူရှိရာဘက်သို့ ပလက်ဖောင်းအတိုင်း လျှောက်လာနေသည်ကို မြင်ရသည်။ အလွန် သာတောင့်သာယာရှိသော နွေဦးနံနက်ခင်းဖြစ်၍ သူ့စိတ်သည်များစွာ ကြည်လင်ပေါ့ပါးလျက်ရှိလေရာ သူသည် အလုပ်ကို ရပ်ထားလိုက်ပြီး မိန်းမပျိုအား လှမ်း၍ကြည့်နေမိလေ၏။

မိန်းမပျိုသည် အခြားသော ပါရီမြို့တော်သူများလို အသားအရေ ဖြူရော်ဖျော့တော့ခြင်း မရှိ။ အရပ် ထောင်ထောင်မောင်းမောင်းတွင် ပါးနှစ်ဖက်စလုံး နီရဲလျက်ရှိပြီး အလွန် သန့်စင် လန်းဆန်းလျက်ရှိ၏။ ဝတ်ထားသည့် အပြာရောင်ဝတ်စုံနှင့် ဆောင်းထားသည့် မေးသိုင်းကြိုးတပ် ဘိုးနက်ဦးထုပ်တို့ကို ကြည့်ခြင်းအားဖြင့် အလုပ်သမ မိန်းကလေးတစ်ယောက်ဖြစ်မှန်း ဩဂတ်စတီက သိနေသည်။ သူမ၏ လမ်းလျှောက်ပုံမှာ ဦးခေါင်းကို မော့၍ လည်တိုင်ကြော့ကြော့နှင့်ဖြစ်ရာ ဤမိန်းမပျိုအား ကိုယ်ဟန်ပြခိုင်းပြီး ပန်းပုထုလိုက်ရလျှင် မည်မျှကောင်းလေမည်နည်းဟု တွေးနေမိလေ၏။

"မဒမ်မွိုင်ဆယ်"*ဟု ဩဂတ်စတီက လှမ်း၍ နှုတ်ဆက်သည်။ "ခင်ဗျားလမ်းလျှောက်ပုံက သိပ်လှပြီး သိပ်ကို ခံ့ညားတာပဲ"

မိန်းမပျိုက ဖျတ်ခနဲ ရပ်လိုက်သော်လည်း ဩဂတ်စတီ၏ စကားကို အဖြေပေးမည်ဟု ရည်ရွယ်ဟန်မရှိ။ သို့သော်လည်း သူ့မျက်နှာတွင် ထင်ဟပ်နေသည့် အလေးအနက် အလွန်ထားနေသော အရိပ်လက္ခဏာကြောင့် သံသယ

---

* Mademoiselle ပြင်သစ်စကားလုံး။
မိန်းမပျို၏ အမည်ရှေ့၌ ခေါ်ဝေါ်သောစကား၊ အင်္ဂလိပ်စကားလုံး Miss နှင့် အတူတူ ဖြစ်၏။

mgyoe.com

mgyee.com
မကောင်းသည့် မျက်နှာထားဖြင့် ပြန်ကြည့်နေသည်။ ထို့နောက် "နေစမ်းပါဦး၊ ကျွန်မ လမ်းလျှောက်တဲ့ဟန်ကို ရှင်က ဘာပြုလို့ ဒီလောက် စိတ်ဝင်စားနေရတာလဲ"ဟု မေးသည်။

"ကျွန်တော်က ပန်းချီဆရာပါ"ဟု သူက သူ ထွင်းထားသော အရုပ်များကို လက်ညှိုးထိုးပြပြီး ဖြေသည်။

"ရှင့်ကြည့်ရတာ ပန်းချီဆရာနဲ့လည်း မတူပါလား"ဟု မိန်းမပျိုက ဩဂတ်စတီ ဝတ်ထားသည့် အလုပ်သမားဝတ်စုံကို ကြည့်၍ပြောသည်။

"ကျွန်မက အပ်ချုပ်သမ တစ်ယောက်ပါ။ ကျွန်မရဲ့ဒေသက ဂျူးအော့ဖ် အာ့ခ်ရဲ့ နယ်မြေ လော်ရိန်းပါ။ ဒါပေမဲ့ တစ်နေ့ကျရင် အမျိုးသမီး ဦးထုပ်ချုပ်သူ တစ်ဦးဖြစ်အောင် ကျွန်မ ကြိုးစားနေတယ်။ ကျွန်မက အဝတ်ချုပ်အပ်ကိုင်တဲ့ နေရာမှာ သိပ်ပြီး ကျွမ်းကျင်တာရှင့်"

ဩဂတ်စတီသည် မိန်းမပျိုအား အသေအချာ ထပ်ကြည့်သည်။ အဝတ်အထည် မည်မျှပင် ညံ့ဖျင်းသော်လည်း အတွင်းမှ ကိုယ်လုံးကိုယ်ထည်သည် ဗီးနပ်စ် နတ်သမီးနှင့် တူလှချေသည်။ တကယ်တော့ ဤမိန်းမပျိုသည် လုံးကြီး ပေါက်လှ တောသူမ ဗီးနပ်စ်အလှမယ် တစ်ဦးပေတည်း။ သူသည် သက်ပြင်း တစ်ချက် ချလိုက်ပြီး 'သိပ်ကို ခံ့ညားတဲ့ အလှပါပဲ'ဟု ရေရွတ်သည်။

မိန်းမပျိုသည် ဆက်လျှောက်သွားသည်။ ဩဂတ်စတီက နောက်မှ လိုက်သွားပြီး မိန်းမပျိုရှေ့မှ ပိတ်၍ ရပ်ထားသည်။ ဒီလူ့ကို ကြည့်ရသည်မှာ သဘောကျစရာဖြစ်သည်ဟု မိန်းမပျိုက တွေးသည်။ ကျယ်ပြန့်တောင့်တင်းသော ရင်အုပ်နှင့် ကြံ့ခိုင်သော ကိုယ်လုံးပိုင်ရှင် လူငယ်တစ်ယောက်ဖြစ်ပြီး ပြာမှိုင်းမှိုင်း မျက်လုံးအစုံနှင့် နီညိုရောင် ဆံပင်တို့သည် သဘောကျစရာပင် ဖြစ်၏။

'မဒမ်မွိုင်ဆယ်၊ ခင်ဗျား ကျွန်တော့်အတွက် ကိုယ်ဟန်ပြပေးမလား'ဟု ဩဂုတ်စတီက မေးသည်။ "ကျွန်တော် ခင်ဗျားရဲ့ ဦးခေါင်းကို နမူနာယူချင်တယ်"

သို့သော်လည်း သူသည် ကိုယ်ဟန်ပြပေးရသည့်အတွက် အခကြေးငွေ မပေးနိုင်ကြောင်းကို ဘယ်လိုပြောရမည်မသိ။ "ကိုယ်ဟန်ပြပြီးရင် ကျွန်တော်တို့ ညစာ စားကြတာပေါ့၊ ခင်ဗျား သဘောကျမယ်ဆိုရင်ပေါ့လေ..."

သူမ၏ မျက်နှာသည် သဘောကျသည့် အရိပ်လက္ခဏာကို ဖော်ပြနေသည်။

"ခင်ဗျားခေါင်းက သိပ်ကိုလှတာပဲ" ဟု ဩဂတ်စတီက ထပ်ပြော
mgyoe.com

mgyoe.com

သည်။ "ကိုယ်ဟန်ပြပေးမယ်ဆိုရင် အလုပ်ပြီးချိန်မှာ ခင်ဗျားကို ကျွန်တော် လာတွေ့ပါ့မယ်"

သာမန်အားဖြင့်ဆိုပါက မိန်းမပျိုသည် သူ့အား အဖက်လုပ်မနေတော့ဘဲ ထွက်သွားမည်သာ ဖြစ်၏။ သို့သော်လည်း သူမသည် သူ့အပေါ်၌ တခြား တွေ့ဖူးသော ယောကျ်ားများထက် ပို၍ စိတ်ဝင်စားနေမိသဖြင့် ရုတ်တရက် ထွက်ခွာမသွားနိုင်။

"ကျွန်တော် ခင်ဗျားကို ဘယ်အချိန်မှာ လာတွေ့ရင်ဖြစ်မလဲ..."ဟု ဩဂတ်စတီက ထပ်မေးပြန်သည်။

"ဒီနေရာမှာပဲ လာတွေ့ပါ။ ရှစ်နာရီဆိုရင် ရတယ်"

"ခင်ဗျား နာမည် ဘယ်လိုခေါ်ပါသလဲ"

"ကျွန်မ နာမည်က မာရီရိုစ်ဘူးရက်ပါ။ ဒါပေမဲ့ အများကတော့ ရိုစ်လို့ ခေါ်ကြပါတယ်"

"ကျွန်တော်က ဩဂတ်စတီ ရိုဒင်ပါ။ ကျွန်တော် ခင်ဗျားကို စောင့်နေပါ့မယ်"

နောက်တစ်ရက်တွင် ရို့စ်သည် ရှစ်နာရီထိုးချိန်အထိ ပေါ်မလာချေ။ ထိုအခါ ဩဂတ်စတီသည် ရို့စ် လာတော့မည် မဟုတ်ဟု တွက်သည်။ သို့သော် နောက်နာရီဝက်ခန့် အကြာတွင် ရို့စ် ရောက်လာသည်။ သူသည် ရို့စ်အား လီကွတ်၏ စတူဒီယိုသို့ တန်းခေါ်သွားသည်။ စတူဒီယို ပြတင်းပေါက်များမှနေ၍ ကြည့်လိုက်လျှင် ဆိန်းမြစ်နှင့် နော်တာဒမ်း ဘုရားရှိခိုးကျောင်းကြီးကို မြင်နေသော်လည်း ရို့စ်အနေဖြင့် ယင်းတို့ အလှကို ချီးမွမ်းအံ့သြနေဖို့ အချိန်မရ။ စတူဒီယိုထဲသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဩဂတ်စတီသည် မီးဖိုနှင့် မှန်အိမ်များကို မီးညှိကာ ရို့စ်အား ထိုင်ပြီး ကိုယ်ဟန်ပြပေးဖို့ ခိုင်းသည်။

ရို့စ်သည် စတိုုဒီယိုတွင်း၌ ဖရိုဖရဲ ဖြစ်နေခြင်းနှင့် ညစ်ပတ်ပေရေနေခြင်းတို့ကို ကြည့်ကာ အံ့အားသင့်နေသည်။ သန့်ရှင်းသပ်ရပ်သော နေရာဆို၍ ဩဂတ်စတီ အလုပ်လုပ်နေသော နေရာသာလျှင်ရှိ၏။ စတူဒီယို၏ ထောင့်တစ်ထောင့်တွင် အလွန်အရုပ်ဆိုးသော ယောကျ်ားတစ်ယောက်၏ ရုပ်တုကို မြင်ရသည်။

နေရာအနှံ့အပြားတွင် ပန်းချီကားတင်ခုံများ၊ ဆေးများ၊ ခုံများ၊ ဆေးစပ်သည့် ပျဉ်ပြားများ၊ စုတ်တံများနှင့် ပန်းချီကားများ ရှိနေကြသည်။ ရို့စ်သည် သူ့ အလိမ်ခံထိပြီဟု ယူဆနေမိ၏။ ဤကြားထဲမှပင် သူဆာလောင်မွတ်သိပ်

mgyoe.com

mgyee.com

လျက်ရှိရာ စိတ်မရှည်နိုင်အောင် ဖြစ်လျက်ရှိသည်။

"ဒီစတူဒီယိုဟာ ရှင့် စတူဒီယို မဟုတ်ဘူးထင်တယ်"ဟုလည်း မေးမိသည်။

"ပန်းချီဆရာတစ်ယောက်က သုံးဖို့ခွင့်ပြုထားတာ၊ နည်းနည်းလောက် သတိထားပြီး ငြိမ်ငြိမ်လေး ထိုင်ပေးပါလား"

"ကျွန်မ ဆာနေတယ်ရှင့်"ဟု ရိုစ်က ပြန်ပြောသည်။

"ကောင်းတယ်၊ အဲသလိုဆိုရင် ခံစားမှုကို ပိုပြီး ဖော်ပြနိုင်မှာ သေချာတယ်၊ ဒီကပြီးရင် ညစာစားကြတာပေါ့"

ဩဂတ်စတီသည် ရို့စ်အား သူမ၏ မိသားစုအကြောင်း ပြောပြရန် အားပေးသမှု ပြုသည်။ သူကတော့ ပုံကြမ်းဆွဲရင်းနှင့် နားထောင်နေဟန် ဆောင်သည်။ သူမ၏ အနေအထားသည် တဖြည်းဖြည်းနှင့် သဘာဝအတိုင်း ဖြစ်လာသည်။ ဩဂတ်စတီသည် သူမ၏ မျက်နှာကို ကြည့်ရင်း ကြည့်ရင်းနှင့် သူ့အစ်မ မာရီ၏ မျက်နှာကို သတိရလာသည်။

နောက်ဆုံး အလုပ်ပြီးသွားသည့်အခါ သူသည် ရို့စ်အား အစားအသောက် ကျွေးရန် အပြင်သို့ ခေါ်လာခဲ့၏။ သူကိုယ်တိုင်ကတော့ အစားအစာကို အနည်းငယ်မျှသာ မှာသည်။ ရို့စ်ကလည်း အခြေအနေကို ရိပ်စားနားလည်ဟန်တူ၏။ အစားအစာကို မဖြစ်စလောက်သာ မှာသည်။ ဩဂတ်စတီကတော့ သူ၏ ငွေကြေး ရှားပါးမှုအပေါ် စာနာထောက်ထားခြင်းအတွက် ရို့စ်အား စိတ်ထဲမှ ကြိတ်၍ ကျေးဇူးတင်မဆုံး ဖြစ်လျက်ရှိလေ၏။

*

ရို့စ်အနေဖြင့် ဩဂတ်စတီအတွက် ကိုယ်ဟန်ပြပေးနေခဲ့သည်မှာ သီတင်းပတ် အနည်းငယ်မျှ ရှိခဲ့ပြီ။ ထိုကာလအတွင်း သူမဘက်မှ ဖောက်ဖောက် ပြန်ပြန် သဘောထားမျိုးကို မတွေ့ရ။ ပရောပရည်လုပ်သည့် အပြုအမူများကို လည်း မမြင်ရ။

တစ်ညတွင် ဩဂတ်စတီသည် ရိုစ် အပေါ်ဒေါသဖြစ်ခဲ့သည်။ ထိုအချိန်က ဩဂတ်စတီသည် ရိုစ်၏ ပါးစပ်ကို အမိအရဖမ်းရန် အားထုတ်နေခိုက် ဖြစ်၏။ ဤအခိုက်မှာပင် ရိုစ်က သူ့အား လှည့်ကြည့်လိုက်သဖြင့် အရှိန်ပျက်သွားသည်။ ရလုရခင် ဖြစ်နေသော ပါးစပ်ဖွဲ့စည်းမှုသည် ချက်ချင်းပျက်သွားသည်။ သူသည် ဒေါသတကြီးဖြစ်ကာ ရိုစ်အား အော်လားဟစ်လား လုပ်မိလေသည်။

ရိုစ်ကလည်း ဩဂတ်စတီအား စိတ်ဆိုးသည်။ သူမ၏ အလုပ်ပြီးသွား

mgyee.com

mgyoe.com


ပြီဟု ပြောကာ ထိုင်ရာမှထရပ်သည်။ စတူဒီယိုခန်းထဲမှ ထွက်သွားရန် တံခါးဆီသို့ လျှောက်သွားနေသော ရိုစ်ကို မြင်ရသည့်အခါ သြဂတ်စတီမှာ ကြံရာမရ ဖြစ်သွားသည်။

"ကိုယ် တောင်းပန်ပါတယ်"ဟု ရေရွတ်သည်။ "ကိုယ့်ကို ခွင့်လွှတ်ပါ ရိုစ်ရယ်...."

ဘယ်လိုကြောင့်ပဲ တောင်းပန်တောင်းပန် ရိုစ်ကတော့ ကျေနပ်သွားသည်။ သူမ၏ ခေါင်းကို ရေးဆွဲလိုပါသည်ဟု ပြောခဲ့သော သြဂတ်စတီ၏ စကားသည် သူမအတွက် အထူးအဆန်းတစ်ခု ဖြစ်နေသည်။ ဘာကြောင့်များ သူမ၏ ဦးခေါင်းကို စိတ်ဝင်စားနေရပါသနည်း။ သူမသည် ထိုင်နေကျနေရာ၌ ပြန်ထိုင်ကာ ဦးခေါင်းကို မော့လိုက်သည်။ ထိုအခါ သြဂတ်စတီက "ခေါင်းမော့ထားတာ မမှန်ဘူး..."ဟု လှမ်းပြောလေသည်။

တစ်ညခင်းတွင် ရိုစ်သည် သူမအပေါ် အေးတိအေးစက် ဆက်ဆံနေသော သြဂတ်စတီ၏ အပြုအမူကို စိတ်မရှည် ဖြစ်လာသည်။ သူမအနေဖြင့် ဆက်လက်ပြီး အောင့်အည်းနေရန် မတတ်နိုင်တော့။ "ဒီ တနင်္ဂနွေနေ့ကျရင် ရို့စ်တို့ ပျော်ပွဲစားထွက်ရင် မကောင်းဘူးလား ..."ဟု ရိုစ်က ပြောသည်။

ထိုအခါကျမှပင် သြဂတ်စတီသည် ရိုစ်အပေါ်၌ မိန်းမတစ်ယောက်လို မဆက်ဆံခဲ့သည့် မိမိ၏ အားနည်းချက်ကို ပြန်မြင်လာသည်။ ဤပုံအတိုင်းသာ ဆက်သွားနေလျှင် သူမအနေဖြင့် ရေရှည်ဆက်၍ သည်းခံနိုင်တော့မည် မထင်။ "သွားကြတာပေါ့"ဟု သူက ပြန်ပြောသည်။ "ကိုယ်အလုပ်ပြီးတဲ့အခါ သွားရင် ရပါတယ်"

"ဘယ်တော့မှ ပြီးမှာမဟုတ်ဘူး။ ရှင့်အလုပ်က ဘယ်တော့မှ ပြီးမယ့် လက္ခဏာ မရှိဘူး"ဟု ပြောပြောဆိုဆို ရိုစ်က ငိုချလိုက်သည်။

"မင်းကလည်းကွာ၊ ကိုယ့်အလုပ် ပြီးသွားရင် မင်းပုံဟာ ဘုရင်မ တစ်ယောက်နဲ့ တူမှာ..."

"အို... ကျွန်မ ဘုရင်မနဲ့လည်း မတူချင်ဘူး"ဟု ရိုစ်က ပြောသည်။ "ကျွန်မဟာ အပ်ချုပ်သမ တစ်ယောက်ပါ။ အပ်ချုပ်သမနဲ့ တူရင် တော်ပြီ"

"ဒီမယ် ရိုဆက်တီ၊ ကိုယ်ထုထားတဲ့ မင်းခေါင်းကို ကြည့်ပါဦး၊ ပြီးလုနီးနေပါပြီ"ဟု ပြောကာ သြဂတ်စတီက ရိုစ်၏ မျက်ရည်များကို အသာအယာ သုတ်ပေးသည်။ သြဂတ်စတီအနေဖြင့် ဤမျှလောက်အထိ နူးညံ့သိမ်မွေ့သည်ကို ရိုစ် တစ်ခါမှ မကြုံဖူးခဲ့။

mgyoe.com

 mgyoe.com


"ရှင် ကျွန်မကို ခင်တယ် မဟုတ်လား၊ ဩဂတ်စတီ"

"ခင်ပါတယ် ... တကယ်ပါ"

ရုတ်တရက် ရှိစ်အား နမ်းလိုက်ချင်သည့်ဆန္ဒ ပြင်းပြလာသည်။ သူ့အနေဖြင့် ရှိစ်အား မချစ်သည်မှာ သေချာသည်။ သို့သော်လည်း ရှိစ်နှင့် ဝေးနေသည့်အခါတိုင်း သူသည် အထီးကျန်စိတ် ဝင်လာတတ်၏။ ဤသို့ ဖြစ်ရခြင်းအတွက် သူ အံ့ဩမိသည်။ ရှိစ်သည် သူ တယုတယ ချော့မော့သည်ကို စောင့်နေမှန်း စိတ်ထဲက သိနေသည်။ သို့သော်လည်း တယုတယ မလုပ်ရဲ၊ အကယ်၍ လုပ်ခဲ့ပါမူ သူမအနေဖြင့် သူ့အား ပိုင်ဆိုင်မိအောင် အားထုတ်ချေတော့မည်။

"တနင်္ဂနွေနေ့ကျရင် ရှိစ်ကို ခေါ်ပြီး အပြင်ထွက်လည်မလား"

"လည်မှာပေါ့"

သို့သော်လည်း သူ့စိတ်ထဲတွင် ဆုံးဖြတ်ချက်တစ်ခု ချပြီးသား ဖြစ်သွားသည်။ လောလောဆယ် ထုနေသည့် ဦးခေါင်းရုပ်တု ပြီးသွားပါက ရှိစ်နှင့် အဆက်အသွယ် ဖြတ်လိုက်တော့မည်ဟူ၍ ဖြစ်သည်။

တနင်္ဂနွေနေ့တွင် သူသည် ရှိစ်ကို ခေါ်၍ လူဇင်ဘတ်ပန်းခြံဘက်သို့ အလည်ထွက်သည်။ ပါရီတွင် ထိုနေရာသည် စိတ်အပန်းဖြေဖို့ အကောင်းဆုံးသော နေရာဖြစ်သည်။ ထို့ပြင်လည်း ဤနေရာသည် စတူဒီယိုနှင့် အနီးဆုံးနေရာဖြစ်သဖြင့် ထိုညပိုင်းတွင် အလုပ် ဆက်လုပ်နိုင်မည် မဟုတ်ပါလား။

ဝေးသည်ဖြစ်စေ နီးသည်ဖြစ်စေ ရှိစ် အဖို့ကတော့ အခုလို အတူတူတွဲ၍ အပြင်ထွက်ရသည့်အတွက် စိတ်ချမ်းသာသည်။ အဘယ်ကြောင့်ဆိုသော် ဩဂတ်စတီသည် မိမိကို ကိုယ်ဟန်ပြမယ်တစ်ယောက်အဖြစ်သာ မဟုတ်ဘဲ မိန်းမတစ်ယောက်အဖြစ် အသိအမှတ်ပြုလာပြီဟုလည်း စိတ်ထဲ၌ခံစားနေရ၍ ဖြစ်သည်။

ထိုနေ့သည် ချစ်စရာကောင်းသော ဇွန်လ၏ နေ့တစ်နေ့ ဖြစ်သည်။ ကောင်းကင်သည် ပြာလဲ့လဲ့။ ဩဂတ်စတီက 'ပန်းချီဆရာ့ ကောင်းကင်'ဟု ခေါ်သည်။ နေရောင်သည် မပူပြင်းလှ၊ သွား၍ လာ၍ ကောင်းရုံမျှသာ အပူချိန်ရှိသည်။ လူဇင်ဘတ်ပန်းခြံသည် အေးဆေးငြိမ်သက်နေသည်။ ရှိစ်ကတော့ ပတ်ဝန်းကျင်ကို များစွာ သဘောကျနေသည်။ ပတ်ပတ်လည်တွင် အယ်လ်ပင်ကြီးများ၊ သစ်အယ်ပင်များ၊ ဝေဝေဆာဆာ ပွင့်ဖူးနေကြသော ပန်းများ၊ လက်ချင်းတွဲ၍ ခုံတန်းလျားပေါ်၌ ထိုင်နေသောစုံတွဲများ၊ မိခင်များ၊ ကလေးထိန်းများနှင့် ကလေးငယ်များ၊ အားလုံးသည် ချစ်ခြင်းမေတ္တာ၏ အရိပ်အာဝါသကို ခိုလှုံလျက်

mgyoe.com

mgyoe.com

ရှိကြလေသည်။

ဩဂတ်စတီသည် ရိ့စ်အား ပန်းခြံထဲမှ သစ်ပင်ကြီးများကို ပြသည်။ အမည်များကို ပြောပြသည်။ ပန်းချီအကြောင်းနှင့် ပန်းချီဆရာတွေအကြောင်း ရောမခေတ်က အလှမယ် နတ်သမီးများအကြောင်း ပြောပြသည်။ သူ ဘာတွေ ပြောနေသည်ကို ရိ့စ်က နားမလည်။ ပြောနေသော အကြောင်းအရာကို ပြောင်း သွားစေလိုသဖြင့် ရိ့စ်က ကြားဖြတ်၍ ပြောသည်။ "ရှင့်မိဘတွေ ရှိသေးသလား၊ သူတို့အကြောင်းကျတော့ ရှင် လုံးဝ မပြောဘူး"

"ပြောစရာ ဘာများ ရှိလို့လဲ..."

"ရှင့် မိဘတွေကို ရှင် မချစ်ဘူးလား၊ ရိ့စ်ကတော့ ရိ့စ် မိဘတွေကို ချစ်တယ်"

အသက် နှစ်ဆယ့်တစ်နှစ်အတွင်းဝင်စ ရိ့စ်သည် သူမ၏ မိဘများအား များစွာ လွမ်းဆွတ်နေရှာသည်။ ဩဂတ်စတီက ပခုံးများကို တွန့်လိုက်ပြီး ပန်းခြံထဲမှ ဗီးနပ်စ်နတ်သမီးရုပ်တုကို လက်ညှိုးထိုးပြသည်။ "အဲဒီ နတ်သမီး ရုပ်တုဟာ မလှဘူးလား ရိ့စ်"ဟု မေးသည်။

ရိ့စ်ကတော့ ရုပ်တုကိုကြည့်ကာ အရှက်ကင်းမဲ့လွန်းသည်ဟု ထင်သည်။ မည်သို့ပင်ဖြစ်စေ ရိ့စ်သည် သူမ၏ ဗဟုသုတနည်းပါးခြင်းနှင့် အရာရာကို မသိနားမလည်ခြင်းတို့အတွက် သိမ်ငယ်စရာမလိုဟုပင် ထင်သည်။

သူမသည် အရဲစွန့်ကာ မေးခွန်းတစ်ခု မေးသည်။ "ရှင် ပန်းပုဆရာ တစ်ယောက်ဖြစ်လာတဲ့အတွက် ရှင့်အဖေက ဂုဏ်မယူဘူးလား"

"အဖေက ပြောတယ်၊ ပန်းပုဆရာတစ်ယောက်အနေနဲ့ ဖရန့်ငွေ တစ်ပြားတောင် မင်းရမှာ မဟုတ်ဘူးတဲ့"

"ရှင့် အမေကကော...."

"မာမာလား... အခုတော့ မာမာက ကန့်လန့်ကာနောက်မှာပဲ နေတော့ တယ်"ဟု ပြောကာ ခြေထောက်အောက်မှ ကျောက်စရစ်ခဲများကို ဒေါသတကြီး ကန်ထုတ်လိုက်သည်။

"ရှင် သူတို့ဆီကို မသွားဘူးလား"

"တစ်ပတ် တစ်ကြိမ်လောက် ရောက်တယ်၊ သူတို့က ဒီအနီးတစ်ဝိုက် မှာပဲ နေတာ"

သူ့ မိဘများထံ မိမိအား ဘာကြောင့်ခေါ်မသွားတာလဲဟု မေးချင်စိတ် ပြင်းပြလျက်ရှိ၏။ သို့သော်လည်း မမေးဝံ့။

mgyoe.com

mgyoe.com


"ရှင်ဟာ ပါရီမြို့သားပဲလား၊ ဒါဆိုရင်တော့ မိန်းမတွေ အများကြီးကို ရှင်သိမှာပဲနော်"ဟုသာ ပြောသည်။

ဩဂတ်စတီက ငေါ့တော့တော့လေသံဖြင့် ပြန်ပြောသည်။ "ကိုယ့်မှာ ချစ်သူတွေ ရာနဲ့ချီပြီး ရှိတယ်"

"ရာနဲ့ချီပြီး ရှိတယ်၊ ဟုတ်လား"

"ကိုယ်ထုထားတဲ့ မိန်းမရုပ်တုတွေနဲ့ ကိုယ် တအုံ့တသြ ဖြစ်နေရတဲ့ ရုပ်တုတွေ အားလုံးဟာ ကိုယ့်ချစ်သူတွေပေါ့"

ရို့စ်က စိတ်သက်သာရာ ရသွားဟန်ဖြင့် ဟက်ဟက်ပက်ပက် ရယ်သည်။ ဩဂတ်စတီက သူမအား စေ့စေ့စပ်စပ်ကြည့်သည်။ ထို့နောက် သူမ၏ ခေါင်းပေါ်မှ ဦးထုပ်ကို ဆွဲချွတ်လိုက်ပြီး "မင့်မျက်နှာကို ဖုံးမထားပါနဲ့"ဟု ပြောသည်။

"ရှင်က ရို့စ် မျက်နှာကို သဘောကျလို့လား"

"မင်းမျက်နှာက ကြည့်လို့ သိပ်ကောင်းတယ်၊ အသားအရေကလည်း သိပ်ကို လှတာပဲ"

ရို့စ်က သူ့လက်ကို ဆွဲ၍ကိုင်ထားသည်။ ဩဂတ်စတီကလည်း သူ့ လက်ကို ကိုင်ခွင့်ပြုထားသည်။ ထို့နောက်တော့ သူသည် သူ့လက်ကို ပြန်သိမ်း လိုက်သည်။

"မင့်မျက်နှာဟာ ခံစားမှုကို ထိထိမိမိဖော်ပြနိုင်တယ်၊ ဘာပြုလို့လဲဆိုတော့ မင်းက ဝမ်းနည်းနေတဲ့လူကိုး။ ဒါပေမဲ့လို့ ကိုယ်ဟန်ပြတဲ့အခါကျတော့ မင်းရဲ့ ခံစားမှုကို ဖော်ပြနိုင်ဖွယ် မရှိဘူး၊ အဲဒါ ဘာပြုလို့လဲ"ဟု ဩဂတ်စတီက ပြောသည်။

"ရှင်ဟာလေ တော်တော့်ကို နားလည်ရခက်တဲ့လူပါလား"ဟု ရို့စ်က ရေရွတ်သည်။ သူမသည် သူမအားစိုက်ကြည့်နေသော ဩဂတ်စတီ၏ မျက်နှာ ထားကြောင့် စိတ်လှုပ်ရှားနေ၏။ သူကြည့်နေပုံမှာ ရို့စ်၏ အလှသည် သူ့အား သြဇာသက်ရောက် လွှမ်းမိုးနေသည့်ပုံမျိုး ဖြစ်လေသည်။

"ရိုဆက်တီ၊ ကိုယ်တို့ စတူဒီယိုနဲ့ သိပ်မဝေးတော့ဘူး၊ ခပ်သုတ်သုတ် လျှောက်သွားမယ်ဆိုရင် နေရဲ့ အလင်းရောင် ကောင်းနေတုန်းမှာ စတူဒီယိုကို ပြန်ရောက်နိုင်တယ်"ဟု ဩဂတ်စတီက ပြောသည်။ သူသည် ရို့စ်၏ လက် မောင်းကို အသာအယာ ဆွဲပြီး ခေါ်လာခဲ့လေသည်။

နေရောင်သည် စတူဒီယိုအတွင်းသို့ ကျဆင်းနေဆဲ။ သူသည် ရို့စ်အား ကိုယ်ဟန်ပြကုလားထိုင်တွင် ထိုင်ခိုင်းသည်။ သူမ၏ အသားအရေသည် လှလိုက် ပါဘိ။ အကယ်၍သာ ဝတ်လစ်စားလစ် ထိုင်၍ ကိုယ်ဟန်ပြခိုင်းခဲ့ပါလျှင်

mgyoe.com

mgyoe.com


အလွန့်အလွန် လှလိမ့်မည်ဟု ထင်မိသည်။ သူသည် ရို့စ်၏ ရုပ်လွှာကို လျှင်မြန်စွာ ကူးဆွဲသည်။ သူမကတော့ အသက်ဝင်အောင် ထိုင်ပေးလျက်ရှိ၏။

နေသည် အနောက်ဘက်သို့ဆင်းသွားနေပြီ။ စတူဒီယိုထဲတွင် အမှောင်ရိပ်များ ကျဆင်းလာသည်။ သူသည် ရို့စ်ကိုပင် ပြက်ပြက်ထင်ထင် မမြင်ရတော့ပေ။ သို့သော်လည်း ရို့စ်၏ ဦးခေါင်းသည် များစွာမှပင် အသက်ဝင်နေလေပြီ။ သူသည် ရို့စ်အား နမ်းမည်ဟူသော စိတ်ကူးဖြင့် သူမ၏ အပေါ်သို့ မျက်နှာကို ငုံ့လိုက်သည်။ ထိုအချိန်ကျခါမှ သူသည် ရို့စ်၏ လည်တိုင်ကို မရသေးဟု သိမြင်လာသည်။

သူသည် သူမအားမနမ်းတော့။ နမ်းရမည့်အစား သူမ၏ ဘလောက်စ်အင်္ကျီဇစ်ကို ဆွဲဖြုလိုက်သည်။ ရို့စ်က အင်္ကျီကြယ်သီးများကို တပ်ရန် အားထုတ်သည့်အခါ သူက တားထားသည်။ အခုဆိုလျှင် သူမ၏ လည်ပင်းကို သူ ရပြီ။ ရို့စ်၏ မျက်လုံးများသည် သူ၏ သန်မာတောင့်တင်းသော လက်မောင်းများနှင့် ရင်အုပ်အပေါ်၌ ကျက်စားနေသည်ကို မြင်ရ၏။ သူမအနေဖြင့် သူ့ကို ရယူလိုသောဆန္ဒသည် သူ့ထက်ပင် ကြီးမားလျက် ရှိနေလေပြီ။ နောက်တစ်ခဏအတွင်းမှာပင် သူတို့သည် ပြင်းပြသော ဆန္ဒရမ္မက်ဖြင့် တစ်ယောက်ကိုတစ်ယောက် ဖက်တွယ်မိနေကြလေပြီ။

ထို့နောက်တွင်မူ ရို့စ်သည် ရှက်ကြောက်မှုကို ခံစားလာရသည်။ ပထမတော့ ခံစားမှုကို တည်မှီ၍ ပီတိဖြစ်ရ၏။ နောက်တော့ အပြစ်ရှိသည်ဟူသော ခံစားမှု ဝင်လာသည်။ သူမသည် ကြမ်းပေါ်၌ ဒူးထောက်၍ ထိုင်ချလိုက်ပြီး ကျူးလွန်ခဲ့မိသော အပြစ်အတွက် သူမအား ခွင့်လွှတ်ရန် ဘုရားသခင်ထံ ဆုတောင်းသည်။ ထို့နောက် "ဒီနေရာကို ရို့စ်ဘယ်တော့မှ ပြန်မလာနိုင်တော့ဘူး" ဟု ပြောသည်။

"မင်း ကိုယ့်အခန်းကို သွားလို့လည်းရမှာ မဟုတ်ဘူး၊ အခန်းက သေးသေး ကျဉ်းကျဉ်းလေးရယ်၊ ဘာမှလည်းမရှိဘူး၊ စုတ်ပြတ်နေတာပဲ။ ပြီးတော့ တို့အနေနဲ့ မင်းရဲ့ ဦးခေါင်းကို ပြီးပြတ်သွားအောင် ထုရဦးမယ် မဟုတ်လား"

ရို့စ်သည် သူမကိုယ်သူမ အနံ့ အ အ တစ်ယောက်ဟု ထင်လာသည်။ အမှန်တော့ ဩဂတ်စတီသည် သူမကို မချစ်၊ သူမ၏ ရုပ်ပုံလွှာကိုသာ ပန်းပုထုလိုနေခြင်း ဖြစ်၏။ ပန်းချီပန်းပု အနုပညာရှင်အားလုံးသည် အရူးတွေသာ ဖြစ်သည်ဟု ထင်သည်။ သူမသည် အဝတ်များကို လျှင်မြန်စွာ ပြန်ဝတ်သည်။

သူမ၏ မျက်လုံးအစုံတွင် မျက်ရည်များ ပြည့်နေသည်။ ဩဂတ်စတီက

mgyoe.com

mgyoe.com


အိမ်အထိလိုက်ပို့မည်ဟု ပြောသည့်အခါ လုံးဝလက်မခံဘဲ ငြင်းသည်။ နောက်တစ်ရက် ကိုယ်ဟန်ပြပေးဖို့ ပြောတော့လည်း ငြင်းသည်။ အဝတ်များ ဝတ်ပြီးသွားသည့်အခါတွင်မူ သူမသည် စတူဒီယိုထဲမှ ထွက်ပြေးသွားလေ၏။

*

ရှိစ်တစ်ယောက် သူ့ထံသို့ လာချင်လာ မလာချင်နေ၊ ဂရုစိုက်စရာ မလိုဟု ဩဂတ်စတီက သူ့ကိုယ်သူ အားပေးစကား ပြောသည်။ သို့သော်လည်း နောက်ပိုင်း ညအနည်းငယ်မျှ ကြာလာသည့်အခါ ရှိစ်အား သတိရလာသည်။ အထူးသဖြင့် ရှိစ်၏ ဦးခေါင်းကို မှတ်ဉာဏ်ထဲမှ ရှာဖွေယူပြီး ထုလုပ်သည့်အခါ ပို ပိုပြီး သတိရလာသည်။ တစ်ညနေခင်းတွင် သူသည် ရှိစ်နှင့် ပထမဆုံးတွေ့ခဲ့သည့် နေရာမှနေ၍ ရှိစ် ရောက်အလာကို စောင့်နေသည်။ သူသည် အဝတ်အသစ်များကို ကျကျနန ဝတ်ဆင်ထားရုံမျှမက ဆံပင်ကိုပါ သပ်သပ်ရပ်ရပ် ညှပ်ထားသည်။ သူ့ ရင်ထဲတွင် တစိုးရိမ်ရိမ် တကြောင့်ကြကြ ဖြစ်နေသည်။ ရှိစ် တစ်ယောက် လာမှ လာပါ့မလား။

ခေတ္တခဏ အားလပ်ချိန်ကုန်လွန်သွားပြီ ဖြစ်သော်လည်း ရှိစ် ပေါ်မလာ။ သူ့ကို တမင် ရှောင်နေသည် ထင်၏။ သူ ထင်ထားသည့်အတိုင်း မှန်ပြီဟု စိတ်နှလုံးဒုံးဒုံးချလိုက်ချိန်တွင်ပင် ဩဂတ်စတီသည် ရှိစ်ကို မြင်လိုက်ရသည်။

ရှိစ်ကလည်း သူ့ကို မြင်သည်။ သူ့ကို မြင်သည့်အခါ ရှိစ်သည် ရုတ်တရက် ဆက်လျှောက်မလာဘဲ ချီတုံချတုံ ဖြစ်နေပုံရ၏။ သို့သော်လည်း သူမထံသို့ ဩဂတ်စတီ အလျင်အမြန် လျှောက်လာနေသည်ကို မြင်လိုက်ရသည့်အခါ ရှိစ်သည် သူမကိုယ်သူမ မချုပ်တည်းနိုင်တော့ဘဲ သူ့ထံသို့ ပြေးလာသည်။

နှစ်ဦးသား လမ်းမအလယ်၌ ဆုံမိကြသည်။ ထိုအခိုက်တွင် မောင်းလာသော မြင်းလှည်းသည် သူတို့အား တိုက်မိလုမတတ်ပင် ဖြစ်သွားသည်။ သူသည် သူမ၏ ဆန့်တန်းထားသော လက်များကို ဆီး၍ ဆွဲထားသည်။ သို့သော်လည်း ဩဂတ်စတီသည် ရှိစ်အား လီကွတ်၏ စတူဒီယိုသို့ ခေါ်သွားလိုစိတ် မရှိ။ ရှိစ်အထင်လွဲသွားမည်ကိုလည်း စိုးရိမ်သည်။ သူသည် ထိုကိစ္စကို ရှိစ်အား ရှင်းပြသည်။ "ဘာပြုလို့ ကိုယ်ပိုင် စတူဒီယို ရအောင်မလုပ်တာလဲ"ဟု ရှိစ်က မေးသည်။

"ကိုယ် ငွေမတတ်နိုင်လို့"

"ရှိစ် ကူညီမယ်လေ"ဟု သူမက ပြောသည်။ "တကယ်လို့ အခု ထုနေတဲ့

mgyoe.com